ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 25 August 2021 ၁၀၄၇၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်တို့ကို အထောက်အကူပြုစေသည့် အသုံးစရိတ်များ၊ ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုသည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲကြရန်လို

နေပြည်တော် ဩဂုတ် ၂၄

**၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။**

ညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ တက်ရောက်ကြပြီး ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ၊ လွှတ်တော်ရုံးများနှင့် ဗဟိုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဖွင့်အမှာစကား

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂**



ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်စဉ်။

ကြေးမုံ ယနေ့ ဖတ်စရာ

**ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရေး အစီအစဉ်တွင် အကျုံးဝင်ကြောင်းကြေညာ**
စာမျက်နှာ » ၇

**ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ**
စာမျက်နှာ » ၉

**သဘာဝမုန်တိုင်းဘေးအန္တရာယ်ကို ဘယ်လိုကာကွယ်မလဲ**



စာမျက်နှာ » ၁၆

**အခန်းဆက်ဝတ္ထုရှည်**




စာမျက်နှာ » ၂၁

# ကန်ကြီးထောင့်မြို့နယ် စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းအား ကြည့်ရှု



ပုသိမ် ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့မွန်းလွဲပိုင်းက ကန်ကြီးထောင့်မြို့နယ် ကွင်းယားကြီး အရှေ့ကျေးရွာ၌ Saemaul Undong (S.M.U) ကျေးရွာသစ် လှုပ်ရှားမှု စီမံကိန်းဖြင့် ဆောင်ရွက်သည့် ဆင်းသုခ မျိုးစေ့ထုတ် စိုက်ခင်း ၃၆ ဧက၌ ဓာတ်မြေဩဇာကြဲပက်နေမှု အခြေအနေအား ကြည့်ရှုအားပေးခဲ့ရာ တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးမှူး ဦးစိန်မောင်မြင့်က ဓာတ်မြေဩဇာလိုအပ်မှု အခြေအနေများ၊ မြေဆီလွှာ ဓာတ်ခွဲစစ်ဆေးမှုအဖြေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် တကုန်းကြီးကျေးရွာရှိ ပါရမီ ရိပ်သာကျောင်းတိုက်၌ ဖွင့်လှစ်ထားရှိသည့် ကန့်သတ်စောင့်ကြည့်ရေး စခန်းသို့ ရောက်ရှိ၍ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၄၀၊ နှာခေါင်းစည်း ၂၀၀၀ နှင့် တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းအား ထောက်ပံ့ပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

# ရေးမြို့နယ် ချောင်းတောင်ကျေးရွာ၌ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီး

နေပြည်တော် ဩဂုတ် ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၂၂၆ ဒသမ ၄၃၇ သန်းဖြင့် မွန်ပြည်နယ် ရေးမြို့နယ် ချောင်းတောင်ကျေးရွာ အထက်တန်းကျောင်းခွဲတွင် ပေ ၁၂၀ x ၃၀ RC နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်နှင့် ပညာရေးဝန်ထမ်းနေအိမ် နှစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့မှုကြောင့် ချောင်းတောင်ကျေးရွာရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၄ - ၈ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၈၀၀ | ၁,၈၈၀ | ၁၆,၆၀၀,၇၀၀ |
| MTSH | ၃,၃၀၀ | ၃,၂၅၀ | ၁,၉၅၇ | ၆,၃၆၁,၈၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၅ | ၃၉,၅၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၇ | ၁၈,၉၀၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၀ | ၀ |
| AMATA | ၄,၈၀၀ | ၅,၀၀၀ | ၃၀၆ | ၁,၄၇၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၂၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၆၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၄၈.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၆.၃၁ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၀.၃၂၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၉၃.၆၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၂.၃၈၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၉၉.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၂၄.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၁၂.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၂.၂၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦး

# ပြည်ထောင်စုအမျိုးသားအကျိုးစီးပွားရေးရှု

မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းတို့အပါအဝင် တိုင်းရင်းသားမျိုးနွယ်စုပေါင်းတစ်ရာကျော်ဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ အများဆန္ဒကို ဦးစားပေးသည့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေသောတိုင်းပြည်ဖြစ်သည်။ ဒီမိုကရေစီတွင် အများဆန္ဒကို ဦးစားပေးရသော်လည်း အနည်းဆန္ဒကိုလည်း အလေးထားရပေသည်။ တိုင်းရင်းသားလူမျိုးများသည် လူဦးရေအရ အနည်းဖြစ်သော်လည်း မျိုးနွယ်စုအရ အများဖြစ်၍ ပြည်ထောင်စုအမျိုးသားအကျိုးစီးပွားကို အလေးထားဦးစားပေးရမည်ဖြစ်သည်။

အမျိုးသားအကျိုးစီးပွားနှင့်စပ်လျဉ်း၍ "နိုင်ငံအကျိုးအတွက် ဆောင်ရွက်ရာတွင် အမျိုးသားအကျိုးစီးပွားကိုအခြေခံ၍ စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အတိတ်သမိုင်းကြောင်းကို လျစ်လျူရှု၍မရဘဲ သင်ခန်းစာဖော်ထုတ်ဆောင်ရွက်ရန်လိုအပ်ပြီး လတ်တလောအဆင်ပြေစေရန် အလွယ်တကူ ဥပဒေရေးဆွဲပြဋ္ဌာန်း၍မရကြောင်း၊ မိမိတို့အနေဖြင့် အမျိုးသားအကျိုးစီးပွားကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပြီး နိုင်ငံသားတိုင်း ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်စေရေးအတွက် ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၁၄/၂၀၂၁)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားသည်။

အမျိုးသားအကျိုးစီးပွားဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ခုလုံး၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ အကျိုးစီးပွားအားလုံးကို ဆိုလိုသည်။ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံးတို့၏ အကျိုးစီးပွားဖြစ်သည်။ ပြည်ထောင်စုသားအားလုံး စုစည်းနေထိုင်ကြသော ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၏ အကျိုးစီးပွားဖြစ်သည်။ ဒီမိုကရေစီစနစ်၏အနှစ်သာရသည် အများဆန္ဒအရ ဆောင်ရွက်ခြင်းဖြစ်ရာတွင် အားလုံးသာတူညီမျှဖြစ်ရန် လိုအပ်သည်။ တိုင်းရင်းသားလူမျိုးအားလုံး၏အများဆန္ဒကို ကြည့်ရမည်ဖြစ်သည်။ ဒီမိုကရေစီအခွင့်အရေးကို တောင်းဆိုရာ၌ အဆိုပါဒီမိုကရေစီကျင့်စဉ်အား လိုက်နာရန်လိုအပ်သည်။ ဖော်ဆောင်ပေးရန်လိုသည်။

မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်ရန်အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အများဆန္ဒနှင့်အညီ ရေးဆွဲပြဋ္ဌာန်းပေးကာ ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်ကို ကျင့်သုံးလျက်ရှိသည်။ ပြည်ထောင်စုနိုင်ငံတော်၏တာဝန်၊ ပြည်ထောင်စုနိုင်ငံတော်၏အာဏာကို ခွဲဝေကျင့်သုံးကြရာ၌ အနိုင်ရပါတီ၏လိုအင်ဆန္ဒအရ အနိုင်ရသူအကုန်ယူသည့်စနစ် ကျင့်သုံးလာရာ လူအနည်းစုအခွင့်အရေးများအား မျက်ကွယ်ပြုလာသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီကျင့်သုံးလာသည်မှာ ငါးနှစ်သက်တမ်း နှစ်ကြိမ်ဖြင့် အတွေ့အကြုံနုနယ်သေးသည်။ အာဏာသည် လူကိုဖျက်တတ်သည်ဆိုသကဲ့သို့ အာဏာအပ်နှင်းခံရသူကို အာဏာသည်အစွမ်းကုန်ဖျက်နိုင်ခဲ့သည်။ အဂတိလိုက်စားမှု၊ ဘက်လိုက်မှု၊ ပုဂ္ဂိုလ်ရေးဦးစားပေးမှု၊ မိမိပါတီရှေ့တန်းတင်မှု စသည်ဖြင့်ဖောက်ဖျက်လာခဲ့သည်။ ထိုအခါ အမျိုးသားအကျိုးစီးပွားများ ယိုယွင်းပျက်စီးလာခဲ့သည်။

ဥပမာအားဖြင့် ယခင်က ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များကို ခန့်ထားတာဝန်ပေးရာတွင် အနိုင်ရပါတီကပင် အားလုံးတာဝန်ယူခဲ့ကြသဖြင့် လူနည်းစုအခွင့်အရေးများ အလုမ်းဝေးခဲ့ရသည်။ အထူးသဖြင့် ပြည်နယ်များတွင် ပြည်နယ်များအကျိုးစီးပွားကို ပြည်နယ်များပင် ခွဲဝေရယူခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ စည်းလုံးညီညွတ်မှုစွမ်းအား ပိုမိုရှင်သန်နိုင်သည်ကို မျက်ခြည်မပြတ်သင့်ပေ။ ထို့ကြောင့် အားလုံးပါဝင်နိုင်ပြီး အချိုးကျကိုယ်စားပြုသည့် ကိုယ်စားလှယ်များ၏ဆန္ဒအား အလေးထားနိုင်ရန် အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးနိုင်ရေး ဆောင်ရွက်နေကြောင်းသိရသည်။ နိုင်ငံသားတိုင်း ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ် ရှင်သန်စေရေးသည် နိုင်ငံသားအားလုံး၏အကျိုးစီးပွားကို ဖော်ဆောင်ပေးမှသာ ရှင်သန်ဖြစ်ထွန်းနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အတိတ်သမိုင်း ကြောင်းကျိုးပြန်ကြည့်လျှင် ပြည်ထောင်စုနယ်မြေဒေသအားလုံး၏ အကျိုးစီးပွားကို တန်းတူညီမျှ မဖော်ဆောင်နိုင်ခဲ့သဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု လျော့နည်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ တစ်ပါတီတည်း အာဏာရရေးကိုသာ ကြိုးစားနေရုံမျှဖြင့် အမျိုးသားရင်ကြားစေ့ရေးသည် ဖြစ်လာမည်မဟုတ်ပေ။ တိုင်းရင်းသားအချင်းချင်း ချစ်ခင်စည်းလုံးခြင်းကို သရုပ်ဖော်ပြနေရုံဖြင့်လည်း ရလိမ့်မည်မဟုတ်ပေ။ တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးစီးပွားကို လက်တွေ့ဖော်ဆောင်ပေးနိုင်မှသာ စည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရာ၌ အချိုးကျကိုယ်စားပြုစနစ်သည် အသင့်လျော်ဆုံးသာ ဖြစ်ပေလိမ့်မည်။ ယင်းကိုမလိုလားသောကြောင့် ပြီးခဲ့သည့်ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် မသမာမှု၊ မရိုးသားမှုများ ပေါ်ပေါက်ခဲ့ရသည်။ တစ်ပါတီအကျိုးစီးပွားဖြစ်မလာသောကြောင့် အကြမ်းဖက်လုပ်ရပ်များ ပေါ်ပေါက်လာသည်ကို သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ခြင်းသည် ပြည်ထောင်စုသားအားလုံး၏ အကျိုးစီးပွားကို တန်းတူညီမျှ မျှမျှတတဖော်ဆောင်ခြင်းဖြစ်သည်။ တိုင်းရင်းသားပြည်သူ နိုင်ငံသားတိုင်း ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်စေရန် ဖော်ဆောင်ပေးခြင်းဖြစ်သည်။ တစ်ပါတီအာဏာရှင်စနစ်ကိုဖယ်ရှား၍ အမျိုးသားအကျိုးစီးပွားများအား ဖော်ဆောင်သော အချိုးကျကိုယ်စားပြုစနစ်ကိုအခြေခံ၍ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်လည်ရှင်သန်ထွန်းကားလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်တွင်းကုန်ထုတ်လုပ်မှုများ များပြားအောင်ဆောင်ရွက်

မိမိတို့နိုင်ငံသည် ကုန်သွယ်မှုနှင့် ဘတ်ဂျက်လိုငွေများရှိကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ များပြားအောင်ဆောင်ရွက်ပြီး ပြည်ပသွင်းကုန်များ လျှော့ချရန်လိုကြောင်း၊ အထူးသဖြင့် ပြည်ပနိုင်ငံများမှ စားသုံးကုန်များတင်သွင်းနေရကြောင်း၊ ဥပမာအားဖြင့် စားသုံးဆီများအား ပြည်ပမှ ငွေကြေးသန်းပေါင်းများစွာဖြင့် တင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများဖြစ်သည့် နေကြာ၊ ပန်းနှမ်း၊ မြေပဲ၊ ဆီအုန်းများကို စိုက်ပျိုးကြကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် ဆီအုန်းစိုက်ဧက ၃၉၁၀၀၀ ကျော်ခွင့်ပြုပေးထားကြောင်း၊ အဆိုပါစိုက်ဧကများအား အပြည့်အဝစိုက်ပျိုးနိုင်မည်ဆိုပါက ဆီတန်ချိန် ၄ သိန်း ၅ သိန်းခန့်အထိ ထွက်ရှိနိုင်သည်ကို ပညာရှင်များ၏တွက်ချက်မှုအရ သိရှိရကြောင်း၊ ဆီအုန်းမှဆီထွက်ရှိမှုသည် အခြားဆီထွက်သီးနှံများထက်များပြားသည်ကို တွေ့ရှိရသဖြင့် တနင်္သာရီတိုင်းဒေသကြီးအား မိမိတို့နိုင်ငံ၏ ဆီအိုးကြီးအဖြစ် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူများနှင့် လုပ်ငန်းရှင်များအနေဖြင့် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ပါက ပြည်ပမှ စားအုန်းဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်နှင့်ပတ်သက်၍ နိုင်ငံခြားငွေရရှိရန် တရားဝင်လမ်းကြောင်းမှ ပြည်ပပို့ကုန်များတင်ပို့နိုင်ရေးကို အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၈-၂၀၂၂ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၂၂ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရာဇသတ်ကြီးပုဒ်မ ၃၁၁ ၏ နောက်တွင် ပုဒ်မ ၃၁၁-က နှင့် ၃၁၁-ခ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"Of Genocide

311 A. Whoever, with intent to destroy, in whole or in part, a national, ethnical, racial or religious group:

(a) Kills members of the group; or

(b) Causes grievous hurt or serious mental harm to members of the group; or

(c) Deliberately inflicts on the group conditions of life calculated to bring its physical destruction in whole or in part; or

(d) Imposes measures, not in accordance with any existing laws, intended to prevent births within the group; or

(e) Forcibly transfers children of the group to another group,

is said to have committed the offence of genocide.

311 B. (1) Whoever commits the offence of genocide under subsection ( a) of section 311 A, shall be punished with death and shall also be liable to fine.

(2) Whoever commits the offence of genocide under subsection ( b), ( c), ( d), or (e) of section 311 A, shall be punished with imprisonment for life, and shall also be liable to fine."

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၂၃ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ ဇယား ၂၊ စာတိုင် ၁ ၌ပါရှိသော ရာဇသတ်ကြီးပုဒ်မ ၃၁၁ ၏ နောက်တွင် ပုဒ်မ 311 B ကို ဖြည့်စွက်ရမည်။

၃။ ရာဇဝတ်ကျင့်ထုံးဥပဒေ ဇယား ၂ ၌ ရာဇသတ်ကြီးပုဒ်မ ၃၁၁-ခ နှင့်သက်ဆိုင်သည့် စာတိုင် ၁ တွင် "311 B" ဟူ၍လည်းကောင်း၊ စာတိုင် ၂ တွင် "(1) the offence of genocide under subsection (a) of section 311 A, (2) the offence of genocide under subsection (b), (c), (d) or (e) of section 311 A" ဟူ၍လည်းကောင်း၊ စာတိုင် ၃ တွင် "May arrest without warrant" ဟူ၍လည်းကောင်း၊ စာတိုင် ၄ တွင် "warrant" ဟူ၍လည်းကောင်း၊ စာတိုင် ၅ တွင် "Not bailable" ဟူ၍လည်းကောင်း၊ စာတိုင် ၆ တွင် "Not compoundable" ဟူ၍လည်းကောင်း၊ စာတိုင်(၇)တွင် "(1) death and shall also be liable to fine., (2) imprisonment for life, and shall also be liable to fine." ဟူ၍လည်းကောင်း၊ စာတိုင် ၈ တွင် "a Court of the Self-Administered Division or a court of the Self-Administered Zone or a District Court" ဟူ၍လည်းကောင်း အသီးသီးဖြည့်စွက်ရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြည်တွင်းရေးရာ

✪ ရှေ့ဖုံးမှ

ပြောကြားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀(ခ) အရ နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများသည် နှစ်စဉ်ပုံမှန်မဖြစ်မနေ ပြဋ္ဌာန်းဆောင်ရွက်ရမည့် ဥပဒေကြမ်းများဖြစ်သည့်အားလျော်စွာ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဘဏ္ဍာရေးနှစ်ကို ယခင်က နှစ်စဉ် ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်အထိ သတ်မှတ်ခဲ့သော်လည်း ၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်မှစ၍ အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ သတ်မှတ်ခဲ့ကြောင်း၊ ယခုအခါ ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ်မှစ၍ ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်အထိ ပြန်လည်ပြောင်းလဲပြင်ဆင်သတ်မှတ်မည်ဖြစ်သည့်အတွက် ကြားကာလဘတ်ဂျက်အဖြစ် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်အထိ ခြောက်လအတွက် အရအသုံး ခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲရခြင်းဖြစ်ကြောင်း။

### လျော့နည်းကျဆင်းလျက်ရှိ

ယခုအချိန်သည် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးကို ဆောင်ရွက်နေရပြီး စီးပွားရေးထိခိုက်မှုများ အနည်းနှင့်အများရှိသည့်အပြင် နိုင်ငံတော်၏ အခွန်အကောက်ရငွေနှင့် အခြားသာမန်ရငွေများအပါအဝင် နိုင်ငံတော်ဝင်ငွေအချို့ လျော့နည်းကျဆင်းလျက်ရှိရာ လာမည့်ခြောက်လတွင်လည်း ရငွေများဆက်လက်လျော့နည်းနိုင်ကြောင်း၊ သို့ရာတွင် နိုင်ငံတော်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အသုံးစရိတ်များကို မဖြစ်မနေသုံးစွဲရမည်ဖြစ်သဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် မိမိတို့၏ အသုံးစရိတ်များကို အတတ်နိုင်ဆုံးစိစစ်သုံးစွဲသွားကြရန် တိုက်တွန်းလိုကြောင်း၊ ဘတ်ဂျက်ကာလ ခြောက်လသာဖြစ်သည့်အတွက် ရငွေလျာထားချက်များသည် ခြောက်လအတွင်း အမှန်ရရှိနိုင်သောရငွေများဖြစ်ရန်နှင့် အသုံးစရိတ်လျာထားချက်များသည် ခြောက်လအတွင်း အမှန်သုံးစွဲနိုင်မည့် အသုံးစရိတ်များကိုသာ လျာထားကြရန် လိုအပ်ကြောင်း။

ထို့အပြင် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများက ရေးဆွဲတင်ပြလာသည့်ခြောက်လတာအတွက် အရအသုံးလျာထားချက်များအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှလည်း နိုင်ငံတော်က ချမှတ်ပေးထားသော မူဝါဒများ၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်တင်ပြလာသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုကို တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းများသည် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများ ထပ်မနေရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ခြောက်လအတွက် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှုအတွက် ရေးဆွဲလျာထားပေးမှုအခြေအနေ၊ ရငွေရရှိရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်၏ ဝင်ငွေရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြရသည့် ဝန်ကြီးဌာနများရှိသကဲ့သို့ မဖြစ်မနေ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေးဆိုင်ရာကိစ္စရပ်များ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ စသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကိုယ်စား သုံးစွဲရသည့် ဝန်ကြီးဌာနများလည်းရှိကြောင်း၊ ကိုဗစ်ကပ်ရောဂါနှင့် အထွေထွေစိန်ခေါ်မှုများကြောင့် ဝင်ငွေရှာဖွေရာတွင် အခက်အခဲအနည်းနှင့်အများရှိသည်ဖြစ်သော်လည်း မိမိတို့အနေဖြင့် မလျှော့သော ဇွဲ၊ စုပေါင်းအားဖြင့် အခြေအနေပေးသည့်အပေါ်တွင် ရနိုင်သည့်ဘက်မှ မဖြစ်မနေ မိမိတို့ဝန်ကြီးဌာနအလိုက် သတ်မှတ်ပေးထားသည့် လျာထားဝင်ငွေများရရှိအောင် အစွမ်းကုန်ကြိုးပမ်းအားထုတ်ပေးကြရန် တိုက်တွန်းလိုကြောင်း၊ အလားတူ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲရမည့် ဝန်ကြီးဌာနများအနေဖြင့်လည်း မဖြစ်မနေသုံးစွဲရမည့် အသုံး စရိတ်များမှအပ အတတ်နိုင်ဆုံးချွေတာသုံးစွဲကြရန်လည်း မှာကြားလို**

ယင်းနောက် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လအတွက် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းငွေစာရင်းများနှင့်စပ်လျဉ်း၍ စိစစ်ပြီးစီးမှုအခြေအနေနှင့် ပုံမှန်မဟုတ်သည့် အသုံးစရိတ်များအတွက် လျာထားရေးဆွဲထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားမှုများမှ စစ်ဆေးတွေ့ရှိချက်များနှင့် စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

### အကြံပြုဆွေးနွေး

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်လေးခုတွင် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံနှင့် သဘာဝဘေးအန္တရာယ် အသိပညာပေးစင်တာ တည်ဆောက်ရေး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာန ဖွဲ့စည်းပုံ တိုးချဲ့ဖွဲ့စည်းရေး၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်အတွင်းရှိ ကျိုင်းတောင်းရေလှောင်တမံစီမံကိန်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေးအတွက် ဘဏ္ဍာငွေတိုးမြှင့်ရရှိရေး စသည့် ဖြည့်စွက်တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အရအသုံးခန့်မှန်းခြေ လျာထားချက်အတွက် ဖြည့်စွက်တင်ပြသည့် ဝန်ကြီးဌာနများနှင့် ထပ်မံညှိနှိုင်းဆွေးနွေးရေး၊ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာငွေသုံးစွဲမှုနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို သက်ဆိုင်ရာ အကြီးအကဲများက စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးရေး၊ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လအတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ပြင်ဆင်၊ ဖြည့်စွက်ဆောင်ရွက်ရန်ရှိပါက ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာနနှင့် အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ကြရန် အကြံပြုဆွေးနွေးတင်ပြသည်။

### ပြန်လည်သုံးသပ်ဆွေးနွေး

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လအတွင်း အရအသုံးခန့်မှန်းခြေငွေစာရင်း စိစစ်ခြင်းအစည်းအဝေးတွင် သက်ဆိုင်ရာဗဟိုအဆင့်၊ ဝန်ကြီးဌာနအဆင့် အသီးသီးတို့၏ တင်ပြချက်များနှင့်ပတ်သက်၍ အဆင့်ဆင့်သောအဖွဲ့အစည်းများက စိစစ်ပြီး စနစ်တကျဖြင့် တင်ပြထားသည်ကို တွေ့ရှိရကြောင်း၊ တင်ပြချက်ဆိုင်ရာများနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်က အတည်ပြုသည့်အခါ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ ၎င်းမှတစ်ဆင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသွားမည်ဖြစ်ကြောင်း။

ဥပဒေပြဋ္ဌာန်းပြီးသည့်အခါ ဝန်ကြီးဌာနများအနေဖြင့် ရငွေများကို လျာထားချက်အတိုင်း အပြည့်အဝရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပြီး မိမိတို့ခွဲဝေရရှိသည့် ဘဏ္ဍာငွေများကို သုံးစွဲရာတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်တို့ကို အထောက်အကူပြုစေသည့် အသုံးစရိတ်များ၊ ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုသည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲကြရန် လိုကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများက တင်ပြတောင်းခံကြသည့် အသုံးစရိတ်များတွင် ပုံမှန်လိုအပ်သည့် အသုံးစရိတ်များအပြင် ကုန်ထုတ်လုပ်မှုကို အကျိုးပြုစေမည့် စက်ရုံများ ပြန်လည်လည်ပတ်ရေးအတွက် အသုံးစရိတ်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်သည့် အသုံးစရိတ်များ၊ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် ပြည်ပချေးငွေ/ပြည်ပအကူအညီ ရငွေတို့ဖြင့်ဆောင်ရွက်မည့် အသုံးစရိတ်များ ပါဝင်နေသည်ကိုလည်း တွေ့ရှိရကြောင်း။

ဘတ်ဂျက်စက်ဝန်းအရ ယခုကဲ့သို့ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲဆောင်ရွက်တင်ပြနေချိန်တွင် ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်ကို အပြီးသတ်အကောင်အထည်ဖော်ရမည့်အချိန်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ကပ်ရောဂါစိန်ခေါ်မှုများနှင့် နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်အရ ကြုံတွေ့ရသည့် စိန်ခေါ်မှုများရှိနေသော်လည်း ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ရငွေလျာထားချက်များ အတတ်နိုင်ဆုံးပြည့်မီရေး၊ ခွင့်ပြုပြီးအသုံးစရိတ်များ အချိန်မီသုံးစွဲနိုင်ရေး၊ အချိန်မီသုံးစွဲနိုင်ခြင်းမရှိသည့် အသုံးစရိတ်များကို သတ်မှတ်ချိန်အတွင်း ပြန်လည်အပ်နှံခြင်းတို့ကို ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

### ချွေတာသုံးစွဲ

ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်၏ ဝင်ငွေရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြရသည့် ဝန်ကြီးဌာနများရှိသကဲ့သို့ မဖြစ်မနေ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေးဆိုင်ရာကိစ္စရပ်များ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ စသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကိုယ်စား သုံးစွဲရသည့် ဝန်ကြီးဌာနများလည်းရှိကြောင်း၊ ကိုဗစ်ကပ်ရောဂါနှင့် အထွေထွေစိန်ခေါ်မှုများကြောင့် ဝင်ငွေရှာဖွေရာတွင် အခက်အခဲအနည်းနှင့်အများရှိသည်ဖြစ်သော်လည်း မိမိတို့အနေဖြင့် မလျှော့သော ဇွဲ၊ စုပေါင်းအားဖြင့် အခြေအနေပေးသည့်အပေါ်တွင် ရနိုင်သည့်ဘက်မှ မဖြစ်မနေ မိမိတို့ဝန်ကြီးဌာနအလိုက် သတ်မှတ်ပေးထားသည့် လျာထားဝင်ငွေများရရှိအောင် အစွမ်းကုန်ကြိုးပမ်းအားထုတ်ပေးကြရန် တိုက်တွန်းလိုကြောင်း၊ အလားတူ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲရမည့် ဝန်ကြီးဌာနများအနေဖြင့်လည်း မဖြစ်မနေ သုံးစွဲရမည့် အသုံးစရိတ်များမှအပ အတတ်နိုင်ဆုံးချွေတာသုံးစွဲကြရန်လည်း မှာကြားလိုကြောင်း၊ ဝင်ငွေရှာဖွေခြင်းနှင့် သုံးစွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိရသည့် အချက်များအနက် အများဆုံးအားနည်းချက်တွေ့ရှိရသည့် အချက် ၉ ချက်အပြင် ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အတတ်နိုင်ဆုံးဆောင်ရွက်သွားရန် လိုကြောင်း၊ ထို့အတူ လာမည့်ခြောက်လတွင်လည်း ဥပဒေပါရငွေ၊ သုံးငွေ လျာထားချက်များကို နီးစပ်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ခရမ်းမြို့နယ် ခရမ်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ခရမ်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပခဲ့ရာ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးမျိုးတင့်နှင့် မြို့နယ်အဆင့် ငါးမျိုးစိုက်ထည့်ရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ လှော်ကားငါးလုပ်ငန်းစခန်းမှ ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး လှော်ကားငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၂၀၀၀၀၀ နှင့် လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၂၅၀၀၀၀ စုစုပေါင်း ၄၅၀၀၀၀ အား မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

## ပြည်သူများအား တိုက်ရိုက်အကျိုးဖြစ်စေမည့် လမ်း၊ တံတား၊ လျှပ်စစ်၊ ရေ စသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ အကျိုးပြုစေနိုင်မည့် အသုံးစရိတ်များအား အလေးပေး ဆောင်ရွက်ပေးကြစေလို

နေပြည်တော် ဩဂုတ် ၂၄

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။



ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တို့တက်ရောက်ကြပြီး ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဖွင့် အမှာစကား ပြောကြားရာတွင် နိုင်ငံတော်တွင် ဘဏ္ဍာရေးနှစ်အား ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်အထိ ပြန်လည်ပြင်ဆင်သတ်မှတ်နိုင်ရန် ၂၀၂၂-၂၀၂၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှစ၍ ဆောင်ရွက်မည်ဖြစ်သည့်အတွက် လက်ရှိဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်နောက်ပိုင်း ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆)လအတွက် ဘတ်ဂျက်အားကြားကာလ ဘတ်ဂျက်အဖြစ် ရေးဆွဲ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ချမှတ်ဆောင်ရွက်ရသည့် ကန့်သတ်ချက်၊ တားမြစ်ချက်များအရလည်းကောင်း၊ နိုင်ငံရေး အဖျက်အမှောင့် လုပ်ရပ်များကြောင့်လည်းကောင်း နိုင်ငံတော်၏ စီးပွားရေး လည်ပတ်မှုအပေါ် ထိခိုက်မှုရှိခဲ့ပြီး နိုင်ငံတော်၏ အခွန်အကောက်ရငွေများကျဆင်းခဲ့ကြောင်း၊ မိမိတို့အိမ်စောင့်အစိုးရအဖွဲ့အနေဖြင့် မည်သို့ပင်စိန်ခေါ်မှုများရှိစေကာမူ ပြည်သူများ၏ လူမှုစီးပွား လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

### အလေးပေးဆောင်ရွက်

(၆)လ ဘတ်ဂျက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ လိုငွေအတွက် ပြည်ထောင်စုမှ ထောက်ပံ့ပေးမည့်ငွေနှင့် မိမိတို့ဒေသအလိုက်ရရှိသည့် ရငွေများ စုပေါင်း၍ မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ကိုဗစ်ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ၊ ပြည်သူများအား တိုက်ရိုက်အကျိုးဖြစ်စေမည့် လမ်း၊ တံတား၊ လျှပ်စစ်၊ ရေစသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ အကျိုးပြုစေနိုင်မည့် အသုံးစရိတ်များအား အလေးပေး ဆောင်ရွက်ပေးကြစေလိုကြောင်း။

လုပ်ငန်း စီမံကိန်းများနှင့် ပတ်သက်၍ မပြီးပြတ်သေးသည့် ဆောင်ရွက်ဆဲ လုပ်ငန်းများ၊ ပြည်သူများ အဓိကလိုအပ်နေသည့် လုပ်ငန်းများကို ဦးစားပေးအလိုက် လျာထားပြီး ဆောင်ရွက်ရန်လိုကြောင်း၊ (၆)လအတွက် ရေးဆွဲသည့် ဘတ်ဂျက်ဖြစ်သဖြင့် လျာထားသည့် အသုံးစရိတ်များကို သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် သုံးစွဲနိုင်ရန် အထူးအရေးကြီးကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဒေသန္တရ စီမံကိန်းများကို ပြည်ထောင်စုဝန်ကြီးဌာနများ၏ ကဏ္ဍများ အလိုက် စီမံကိန်းများနှင့် ချိတ်ဆက်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊ ပြည်ပချေးငွေ၊ အကူအညီရငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည့်အပြင် အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဖော်ထုတ်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ဦးစားပေး ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လထိ (၆)လအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အရအသုံးခန့်မှန်းငွေစာရင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာကံဇော်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ရငွေ၊ သုံးငွေစာရင်းများ လျာထားမှုနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာများနှင့် စပ်လျဉ်း၍ စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဘဏ္ဍာငွေရေးဆွဲမှု၊ ဆက်လက်အကောင်အထည်ဖော်မှုများနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်သင့်သည့် အချက်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြသည်။

### သုံးသပ်ဆွေးနွေး

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းတင်ပြချက်များ အပေါ် ပြန်လည်သုံးသပ် ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယခုခွဲဝေပေးသည့် (၆)လ ပတ်သည် ကြားဖြတ်ကာလ ဘတ်ဂျက်ဖြစ်သည်နှင့်အညီ မိမိတို့ ရငွေအပေါ်တွင် နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုထောက်ပံ့ငွေများဖြင့် ပေါင်းစပ်၍ သုံးစွဲရခြင်းဖြစ်ကြောင်း၊ ယခုကာလအတွင်း မိမိတို့ အိမ်စောင့်အစိုးရအဖွဲ့ အနေဖြင့် နိုင်ငံတကာနည်းတူ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြောင့် စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ကျော်လွှားနေရကြောင်း၊ ထိုသို့ ရင်ဆိုင်ကျော်လွှားရာတွင် အဓိကအားဖြင့် နိုင်ငံတော်၏ စီးပွားရေးကို ခက်ခဲစေသည့်၊ ယိုင်လဲစေသည့်အပြင် ပြည်သူတို့၏ လူမှုစီးပွားဘဝ ထိခိုက်စေမည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှား နေရသည့်ကာလဖြစ်ကြောင်း၊ အလားတူ နိုင်ငံရေးနှင့် ဆက်နွှယ်သည့် စီးပွားရေးဖိအားများသည်လည်း အစိုးရအတွက် စိန်ခေါ်မှု တစ်နည်းအားဖြင့် ပြည်သူများအတွက် စိန်ခေါ်မှုများပင် ဖြစ်ကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို မိမိတို့အနေဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများနှင့်အတူ စုပေါင်းညီညွတ်စွာဖြင့် အောင်မြင်စွာကျော်လွှားနိုင်ရမည်ဖြစ်ကြောင်း။

ယခု ခွဲဝေပေးလိုက်သည့် ရသုံးခန့်မှန်းခြေ ဘတ်ဂျက်များနှင့် ပတ်သက်၍ စနစ်တကျသုံးစွဲရန်၊ စိစိစစ်စစ်ဖြင့် သုံးစွဲရန်နှင့် ခွဲဝေရရှိသည့် ငွေပမာဏအပေါ်တွင် မူတည်၍ ဘဏ္ဍာငွေသုံးစွဲမှုများသည်လည်း ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ မှန်မှန်ကန်ကန် သုံးစွဲကြရန်လိုပါကြောင်း၊ မိမိတို့ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယိုင်လဲနေသည့် စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပြီး ပြန်လည်ဦးမော့နိုင်အောင် သုံးစွဲရာ၌ မလိုလားအပ်သည့် အသုံးစရိတ်များအား စိစစ်လျှော့ချသုံးစွဲကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ယခုကာလအတွင်း မိမိတို့ အိမ်စောင့်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတကာနည်းတူ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြောင့် စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ကျော်လွှားနေရကြောင်း၊ ထိုသို့ရင်ဆိုင်ကျော်လွှားရာတွင် အဓိကအားဖြင့် နိုင်ငံတော်၏စီးပွားရေးကို ခက်ခဲစေသည့်၊ ယိုင်လဲစေသည့်အပြင် ပြည်သူတို့၏ လူမှုစီးပွားဘဝထိခိုက်စေမည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနေရသည့်ကာလဖြစ်ကြောင်း၊ အလားတူ နိုင်ငံရေးနှင့်ဆက်နွှယ်သည့် စီးပွားရေးဖိအားများသည်လည်း အစိုးရအတွက် စိန်ခေါ်မှု၊ တစ်နည်းအားဖြင့် ပြည်သူများအတွက် စိန်ခေါ်မှုများပင်ဖြစ်ကြောင်း၊ အဆိုပါ စိန်ခေါ်မှုများကို မိမိတို့အနေဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများနှင့်အတူ စုပေါင်းညီညွတ်စွာဖြင့် အောင်မြင်စွာ ကျော်လွှားနိုင်ရမည်ဖြစ်**

# အောင်စိတ်

ချစ်နိုင်(စိတ်ပညာ)

**ငါလုပ်နိုင်တယ်။ စိတ်ထဲက ယုံကြည်လိုက်တာနဲ့ ဘယ်လိုလုပ်ရမလဲဆိုတဲ့ အဖြေကိုလည်း အလိုလိုသိလာတော့တာပဲ။ လိုလျှင်ကြံဆ နည်းလမ်းရဆိုတာမျိုးပေါ့။ ယုံကြည်ချက်ရဲ့ နောက်ဆက်တွဲ အပြုသဘော အကျိုးဆက်တွေက အများကြီးပါပဲ။ ရေတွက်ဖို့တောင် မလွယ်ဘူး။ အောင်စိတ်ရှိလို့ အောင်ပွဲရခဲ့ကြတာပဲ။**

**"အောင်မြင်မှုကို အနှစ်သာရအားဖြင့် အနက်အဓိပ္ပာယ် ဖွင့်မယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်လေးစားမှု၊ ပျော်ရွှင်မှု အစစ်တွေကို အဆက်မပြတ် ပိုမိုရရှိမှု၊ ဘဝမှာ ကျေနပ်ပီတိဖြစ်လောက်တဲ့ ချမ်းမြေ့သာယာမှုနဲ့ သင့်ကို မှီခိုအားထားနေကြသူများအတွက် ဘာမဆိုဖြည့်ဆည်းလုပ်ဆောင်ပေးနိုင်မှုများပဲပေါ့"**

**ဒေါက်တာ ဒေးဗစ်ဂျိုးဇက်ရှဝပ်ဇ်**
**David Joseph Schwartz(Ph.D)**
**(The Magic of Thinking Big ရေးသူ)**

အရှိန်အဟုန်နဲ့ တိုးတက်နေတဲ့ ခေတ်ကြီးမှာ စိုးရိမ်နေလို့မရဘူး။ ကြောက်နေရင် ကျန်ရစ်ခဲ့မယ်။ ရေစုန်မျှောလိုက်နေရင်မြုပ်သွားမယ်။ ရေသာခိုနေလို့ ခရီးမရောက်ဘူး။ နင်လားငါလား ကြိုးစားနိုင်မှ တော်ရုံကျမယ်။ သူများထက်ချွန်ထက်မှ ပျော်ရွှင်ဝမ်းသာစရာ ဆုလာဘ်ကောင်းတွေ ရမယ်။

ဒီအတွက် ကြီးကြီးမားမား၊ အဆင့်အတန်းမြင့်မားတဲ့ အတွေးတွေ ကြံစည်စဉ်းစားမှုတွေ၊ ရည်ရွယ်ချက်တွေ ကိုယ့်မှာမရှိမဖြစ် လိုအပ်ပေလိမ့်မယ်။ စကားမစပ် အကယ်ဒမီကောလိပ်ဂျင်နေဝင်း၊ အကယ်ဒမီကျော်ဟိန်းဆိုတဲ့ ရုပ်ရှင်မင်းသားတွေကို ကြားဖူးခဲ့ပါသလား။ ဩော်... နိုင်ငံကျော်သရုပ်ဆောင်မင်းသား ထိပ်သီးတွေပဲ။ ကြည့်ဖူးတာပေါ့။ သိတာပေါ့။ ဟုတ်လား။ အေးဗျ။ တစ်ချိန်က သူတို့ငယ်ရွယ်စဉ် ဘဝတုန်းက တပ်မတော်(ရေ)မှာ ပါဝင်တာဝန်ထမ်းခဲ့ကြဖူးတယ်။ ဟုတ်တယ်။ ဒီမင်းသားတွေက စစ်သားဟောင်းတွေပေါ့။

### စစ်သားစိတ်က

ဒိုင်ဗင်တင်လှ၊ ဗိုလ်မှူးဗကို၊ မောင်မောင်တာ၊ မြင့်နိုင်၊ သိုက်စိုး၊ စိန်ဖေတင် (ဆောင်းရုပ်ရှင်ဇာတ်ကားဒါရိုက်တာ)စတဲ့ နာမည်ကြီး သရုပ်ဆောင် တချို့ဟာ တပ်မတော်မှာ စစ်မှုထမ်းခဲ့ဖူးသူတွေပဲဗျာ။ သူတို့ဟာလည်း သာမန်ထဲက တက်လာကြတာပါပဲ။ သေချာတာတစ်ခုကတော့ စစ်တပ်ထဲမှာ တာဝန်ယူခဲ့ရဖူးလေတော့ တာဝန်ကို လေးစားတတ်ကြတယ်။ အချိန်ဆိုတိကျတယ်။ အလုပ်ကို မဖြစ်မနေလုပ်တယ်စသဖြင့် စစ်သားစိတ်က သူတို့ကို ရောက်လေရာမှာ ထူးခြားထင်ရှားအောင် အထောက်အကူဖြစ်စေခဲ့တာပေါ့။ အောင်မြင်စေတာပေါ့။

အခုတော့ ဘာမှမဟုတ်သေးပါဘူး ဆိုပေမယ့် နောင်တစ်ချိန်မှာ အောင်မြင်တိုးတက်ဖို့ရာ အခြေခံကောင်းတွေ ရစေတာကတော့ စစ်သားဘဝပါပဲ။

တပ်မတော်သားရဲ့ဘဝဟာ စွန့်စားရတာတွေနဲ့ ပြည့်နှက်နေကြပါတယ်။ အမြဲတစေလိုလို ရန်သူအမျိုးမျိုးနဲ့ ရင်ဆိုင် ယှဉ်ပြိုင်နေကြရပါတယ်။ တပ်မတော်(ကြည်း)ဖြစ်စေ၊ (ရေ)ဖြစ်စေ၊ (လေ)ဖြစ်စေ အတူတူပါပဲ။ ရဲဘော်၊ တပ်သား၊ တပ်ကြပ်၊ အရာခံ၊ အရာရှိ၊ စစ်သားဟူသမျှ စည်းကမ်းကျင့်ဝတ်အတိုင်း တိတိကျကျ နေရတတ်ရတာပဲ မဟုတ်လား။ စည်းကမ်းချိုးဖျက်လို့မရ။

စစ်သားမှ စွန့်စားရတာမဟုတ်ပါဘူးဗျာ။ အခြားအလုပ်တွေလည်း စွန့်စားရတာပဲ မဟုတ်လား။ မေးချင်သလား။ မေးပါ။ ဟုတ်ပါတယ်လို့ ဖြေပါမယ်။ လယ်လုပ်၊ ကုန်သွယ်၊ ဈေးဝယ်၊ ဈေးရောင်း၊ ရှေ့နေ၊ ကျောင်းဆရာ၊ ဆရာဝန်၊ သူနာပြု၊ တရားသူကြီး၊ ပွဲစား၊ ဘယ်နေရာ ဘယ်အလုပ်ဖြစ်ဖြစ် စွန့်စားမှုဆိုတာ ရှိကြမှာပါ။ လက်ခံပါတယ်။ အငြင်းမပွားပါ။

### သေတစ်နေ့ မွေးတစ်နေ့

စစ်သားဆိုတာကတော့ ကောင်းကင်ယံမှာ လေယာဉ်မောင်းသူပဲဖြစ်ဖြစ်၊ ရေပြင်မှာ သင်္ဘော၊ စက်လှေ၊ ရေငုပ်သင်္ဘောတို့မှာဖြစ်စေ ကမ်းမြင်၊ လမ်းမြင် တာဝန်ယူရသူဖြစ်ဖြစ်၊ ခြေလျင်စစ်သား ရှေ့တန်းစစ်မြေပြင် ထွက်နေချိန်ဖြစ်ဖြစ် အသက်လုပြီး စွန့်စားလုပ်ဆောင်နေရတာလေ။ သေတစ်နေ့ မွေးတစ်နေ့ သဘောပိုက်လို့သာ သူက စစ်တိုက်နိုင်တာ။ စွန့်စားမှုနဲ့ နေသားကျသူတွေ။

အမေမွေးတဲ့အသက် အပိုအရန်အသက် ရှိသေးတာမဟုတ်ဘူးဟဆိုပြီး ကြောက်ဆုတ်ကြောက်ဆုတ် လုပ်နေလို့ မရဘူးလေ။ အသေခံပြီး စွန့်စွန့်စားစား လုပ်ဆောင်ရင်းပဲ အပွဲပွဲကို ကျော်ဖြတ်ခဲ့ကြတာ မဟုတ်လား။

သေခြင်းတရားကတော့ စစ်သားမှ ရှောင်ခါခြင်းမဟုတ်တာ သေချာပါတယ်။ စစ်သားကောင်းက သေခဲပါတယ်။ အသက်ပြင်းတယ်။ သာမန်လူထက် ထုသား ပေသားကျခဲ့ရတယ်။

တိုက်မြင့်ကြီးပေါ်က စည်းစိမ်ဥစ္စာနဲ့ ကိုချမ်းသာတို့၊ ကိုသက်ရှည်တို့လည်း သေတာပါပဲ။ အကောင်းစား မွေ့ရာထူထူကြီးပေါ်မှာ ရုတ်တရက်သေဆုံးကြတဲ့ ငယ်ငယ်ရွယ်ရွယ်နဲ့ လူတွေလည်း ရှိတတ်တာပါပဲ။ အကြောင်းရင်းခံအမျိုးမျိုးပေါ့။ သေခြင်းတရားက အချိန်၊ နေရာ၊ မျိုးရိုး၊ ဘာသာ၊ အသက်ကြီး၊ ငယ်၊ ကိုးကွယ်ဘာသာ၊ ယောကျ်ား၊ မိန်းမဘာမှမရွေးပါ။ နောက်ဆုံးတစ်နေ့တော့ ကြီးကြီးငယ်ငယ် သေကြရမှာချည်းလေ။ ကြောက်စရာမဟုတ်တာ တွေးကြောက်နေစရာ မလိုပေ။

စစ်သားအိုကြီးတွေ အသက်ရှည်အောင် ဘယ်လိုများစွန့်စားမှုတွေကြားမှာ နေထိုင်ရှင်သန်ခဲ့ကြတာလဲ။ "ယုံကြည်ချက်ဟာ တောင်ကြီးတွေကို ရွှေ့ပစ်နိုင်တယ်"ဆိုတဲ့ အဲဒီစကားဟာ အမှန်ပါ။ ယုံကြည်ချက်ရဲ့ အင်အားအစွမ်းသတ္တိတွေမှာ လျှို့ဝှက်ဆန်းကြယ်တဲ့ ဘာမှော်၊ ဘာဂမ္ဘီရပညာ၊ ဘာတန်ခိုးဣဒ္ဓိပါဒ်မှ မပါပါဘူး။ ရိုးရိုးလေးပါပဲ။

"ငါ့မှာ အစွမ်းသတ္တိရှိတယ်။ ငါလုပ်နိုင်တယ်"

အဲဒီလို သူ့ကိုယ်သူ ယုံကြည်ချက်ထက်သန်ခိုင်မာလိုက်တာနဲ့တင် "ငါလုပ်နိုင်တယ်ကွ"ဆိုတဲ့ အပြုသဘောဆောင်တဲ့ အမြင်ဟာ စွမ်းအင်တွေ၊ အကြံကောင်းဉာဏ်ကောင်းတွေ၊ ကျွမ်းကျင်မှုတွေ၊ လေ့ကျင့်မှုနဲ့ ဖွဲ့သတ္တိခံနိုင်ရည်တွေ မွေးထုတ်ပေးတော့တာပဲ။

အားတိုက်အင်တိုက် အားစိုက်ပြီး လုပ်တော့တာပဲ။ ပျော့စိပျော့ညက် မလုပ်ဘူး။ မလုပ်ချင် မကိုင်ချင် ပုံစံမျိုး မဟုတ်ဘူး။ တုံးဆိုတိုက်၊ ကျားဆိုကိုက်။

ငါလုပ်နိုင်တယ်။ စိတ်ထဲက ယုံကြည်လိုက်တာနဲ့ ဘယ်လိုလုပ်ရမလဲဆိုတဲ့ အဖြေကိုလည်း အလိုလိုသိလာတော့တာပဲ။ လိုလျှင်ကြံဆ နည်းလမ်းရဆိုတာမျိုးပေါ့။ ယုံကြည်ချက်ရဲ့ နောက်ဆက်တွဲ အပြုသဘော အကျိုးဆက်တွေက အများကြီးပါပဲ။ ရေတွက်ဖို့တောင် မလွယ်ဘူး။

အောင်စိတ်ရှိလို့ အောင်ပွဲရခဲ့ကြတာပဲ။

အားကစားဖြစ်ဖြစ်၊ တိုက်ပွဲဖြစ်ဖြစ်၊ ဘာပြိုင်ပွဲဖြစ်ဖြစ် ယုံကြည်ချက်စိတ်ဓာတ် ခွန်အားသာတဲ့လူဘက်က တစ်ပန်းသာပြီးသားလေ။ အောင်စိတ်ဆိုတဲ့ စိတ်ခွန်အားကဦးဆောင်ရင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာတွေလည်း အလိုလိုခွန်အားပြည့်ဝသန်မာကြီးမားလာတာပေါ့။ စစ်သားမှာ ဒီလိုအလေ့အကျင့်ဟာ ကောင်းခဲ့ကြတယ်။

### ရင်ပေါင်တန်း

ခုခေတ်မှာတော့ စစ်သား၊ စစ်သမီးလို့ ပြောရတော့မှာပေါ့။ တပ်မတော်(ကြည်း၊ ရေ၊ လေ)နေရာအားလုံးလိုလိုမှာ အမျိုးသား၊ အမျိုးသမီးတွေ ရင်ပေါင်တန်းပြီး တာဝန်ထမ်းဆောင်နေကြပြီ။

တပ်မတော်သားတွေမှာ ဘဝပေးတာဝန်အရ လေ့ကျင့်ရေးနဲ့ စည်းကမ်း၊ ကိုယ်ကျင့်တရား၊ စိတ်အားထက်သန်မှု၊ မိမိကိုယ်ကိုကြိုးစားမှုတွေကို အလေ့အထဖြစ်နေအောင် ပျိုးထောင်ခဲ့ကြရတယ်။ အဲဒီသင်ယူ လေ့ကျင့်မှုဟာ ဘဝလမ်းကြောင်းတစ်လျှောက်မှာ အထောက်အကူအများကြီးရတာပေါ့။

နောက်တစ်ချက် ထင်ရှားတာရှိသေးတယ်။ အများနဲ့ ညှိယူတတ်တဲ့ ပေါင်းသင်းဆံရေးပညာ။

တပ်ထဲမှာ တပ်စိတ်၊ တပ်စု၊ တပ်ခွဲ၊ တပ်ရင်းစသဖြင့် ရဲဘော်စိတ်(Spirit-de-Corps)တပ်ဖွဲ့စိတ်ကို သွင်းပေးလိုက်တယ်။ ကျောသား ရင်သားမခွဲခြားဘဲ ငါတို့ဟာ သေအတူ ရှင်မကွာ စည်းလုံးရမှာ၊ ညီညွတ်ရမှာဆိုတာ အကျင့်ပါသွားစေတယ်။

### ပူးပေါင်းဆောင်ရွက်နိုင်ကြ

စစ်သား၊ စစ်သမီး အများစုက လူလူချင်း ထိတွေ့ပေါင်းသင်းရင်း ရဲဘော်စိတ်ပါရှိလာကြတယ်။ အံမဝင်ဘဲ ထော်လော်ကန့်လန့် လုပ်ချင်သူလည်း ပါကောင်းပါမယ်။ အလွန်နည်းပါတယ်။ ဆက်ဆံရေးပုံသွင်းမှုနဲ့ လေ့ကျင့်ခဲ့ရတော့ ဒေါင်လိုက်ကျကျ၊ ပြားလိုက်ကျကျ အများနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ကြပါတယ်။

ဒီခေတ် ဒီအချိန်အခါမှာ ဘယ်သူမှ တစ်ယောက်ကောင်း၊ တစ်ဦးကောင်းနဲ့ ကြီးကြီးမားမား အောင်မြင်မှုမျိုးကို မဖော်ဆောင်နိုင်ပါဘူး။ သူကျွမ်းကျင်ရာ၊ သူလိမ္မာထူးချွန်ရာကို တာဝန်ခွဲဝေပေးပြီး စုပေါင်းအားနဲ့ တက်ညီလက်ညီပူးပေါင်းလက်တွဲကာ အကောင်အထည်ဖော်ကြရတာမဟုတ်လား။ စုပေါင်းညီညာ အောင်ကြောင်းဖြာ။

လိုအပ်ချက်၊ ဟာကွက်၊ ချွတ်ယွင်းချက်မရှိအောင် ပူးပေါင်းစွမ်းဆောင်ခြင်းကို စုပေါင်းအင်အား (Synergy)လို့ ခေါ်ပါတယ်။ ယခင်တုန်းက မလုပ်နိုင်ခဲ့ကြတဲ့ ရည်မှန်းချက်တာဝန်တွေကို (၂၀)ရာစုမှာ အောင်မြင်ခဲ့တယ်။ ဥပမာ-လကမ္ဘာကို လူသား ခြေချနိုင်တာမျိုးပေါ့။ (၂၁) ရာစုမှာတော့ ကမ္ဘာနဲ့ လအကွာအဝေးထက် အဆပေါင်းများစွာ ကွာဝေးတဲ့ အင်္ဂါဂြိုဟ်ပေါ်တောင် ရောက်သွားပြီ။ အာကာသဟာ ကျယ်ဝန်းလှပေမယ့် လူသားတွေဟာ သိပ္ပံနဲ့နည်းပညာ စွမ်းအားကြောင့် ကမ္ဘာ့အပြင် ထွက်နိုင်နေပြီလေ။

ရောမရလဒ်ကြီးတွေကို ရစေခဲ့တဲ့ မောင်းနှင်အားက ဘာလဲ။ နောက်ကွယ်မှာ တကယ်ရှိနေတာကတော့ ယုံကြည်ချက်ပါပဲ။ သိပ္ပံဆိုင်ရာ စူးစမ်းရှာဖွေမှုတွေ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အောင်မြင်မှုတွေဆိုတာဟာလည်း ယုံကြည်ချက်က လမ်းပြခဲ့တာပါပဲ။

ယုံကြည်ပါ။ တကယ်တမ်း ယုံကြည်လိုက်စမ်းပါ။ ခင်ဗျား အောင်မြင်နိုင်မယ် ယုံကြည်ရင် မုချအောင်မြင်မှာပဲ။ သေချာပေါက်ပဲ။

အောင်စိတ်ဟာ ဘဝကို ဆုံးဖြတ်တယ်။

မအောင်မြင်တဲ့လူတွေ၊ ရှုံးနိမ့်တဲ့လူတွေ၊ သူတို့ ပါးစပ်က ပြောတတ်တဲ့ စကားက ဘာတွေလဲ။

"မှန်တာပြောရရင် အလုပ်ဖြစ်မယ် မထင်ခဲ့ဘူး"

"အစကတည်းက ထင်သားပဲ၊ မဟန်ပါဘူးလို့"

"ကျွန်တော် ကြိုးစားကြည့်ပါဦးမယ်။သိပ်တော့ မသေချာဘူးထင်တာပဲ"

အထက်ပါလေသံတွေက ဆုံးရှုံးခြင်းကို ထုတ်လုပ်ပေးလိုက်ကြတာပါပဲ။ ဒါပါပဲ။ ယုံကြည်မှုမရှိတာဟာ အဖျက်စွမ်းအားပဲ။

မယုံမရဲသံသယတွေ စိတ်ထဲမှာ ပေါ်လာတာနဲ့ အမှိုက်သရိုက်တွေလို မြန်မြန်ရှင်းပစ်လိုက်ပေရော့။ သို့မဟုတ်ရင် မှိုတက်ပြီး အားလုံးပျက်စီးမယ်။ သံသယနဲ့ ဆုံးရှုံးမှုတွေ စဉ်းစားပါ။ မတားပါ။ ဆက်ပြီး အောင်စိတ်နဲ့ အောင်မြင်မှုကို တွေးကြည့်ပါ။

ဒီအချက်က အဓိကအကျဆုံးပဲ။

ဉာဏ်ရည် အမြင့်စားကြီးလည်း ရှိဖို့မလိုပါဘူး။

### ယုံကြည်ပါ

ဆွေးမျိုး၊ ဉာတိ၊ အသိုင်းအဝိုင်း အထောက်အကူတွေ ရှိရှိ၊ မရှိရှိ အရေးမကြီးပါဘူး။ ငါလုပ်တဲ့အလုပ်ကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်မယ်။ အောင်မြင်ရမယ်။ ငါဟာ သူများထက် သာလွန်ကောင်းမွန်အောင် သေချာပေါက် လုပ်နိုင်တယ်လို့ ယုံကြည်ပါ။

သတိပြုစရာတစ်ခု ဖော်ပြပါရစေဦး။

ဒုတိယဆုလောက်သာ မှန်းရင်တော့ သင်ဟာ ပထမဆုကိုရဖို့ မဖြစ်နိုင်။ ဒုတိယနဲ့ရပ်ရမှာပဲ။

ယုံကြည်ချက်ဟာ ဘဝဖြစ်စေချင်တဲ့ ပုံစံအတိုင်း ဖန်တီးပေးတဲ့ အပူအအေးထိန်းညှိကိရိယာလိုပါပဲ။ ပူချင်လို့လည်း ရတယ်။ အေးချင်လို့လည်း ရတယ်။

သာမန်လူစား၊ သူလို ငါလို လုံးလည်ချာလည်လိုက်ပြီး ရုန်းကန်နေကြရသူတွေကို ကြည့်လိုက်။

သူတို့ဟာ နည်းနည်းလေးပဲ ရထိုက်တယ်ထင်လို့ သူတို့ဘဝ နည်းနည်းလေးပဲ ရတာပါ။

သူကိုယ်သူ အရေးမပါဘူးလို့ ယုံကြည်ခဲ့တာကြောင့် သူလုပ်သမျှဟာ ဖြစ်ကတတ်ဆန်းပဲမို့ အရေးမပါတဲ့ နေရာကို ရောက်သွားရတယ်လေ။ ကြီးကြီးကျယ်ကျယ် မလုပ်နိုင်ဘူးထင်ခဲ့လို့လည်း တကယ်လုပ်နိုင်စွမ်းမရှိခဲ့ရတာပဲပေါ့။

**စာမျက်နှာ ၇ သို့** ☆

# ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရေး အစီအစဉ်တွင် အကျုံးဝင်ကြောင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကျန်းမာရေးဝန်ကြီးဌာန**

အမိန့်အမှတ် ၃၃၃ /၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Corona-virus Disease 2019 – COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် အတွင်းရှိ မြို့နယ်များတွင် ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှု များပြားလာပြီး ပိုးတွေ့နှုန်း မြင့်တက်လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည် –

**(က) ကချင်ပြည်နယ်**
(၁) မိုးညှင်းမြို့နယ်၊
(၂) ဝိုင်းမော်မြို့နယ်၊

**(ခ) ကယားပြည်နယ်**
(၁) လွိုင်ကော်မြို့နယ်၊

**(ဂ) စစ်ကိုင်းတိုင်းဒေသကြီး**
(၁) ကျွန်းလှမြို့နယ်၊

**(ဃ) မွန်ပြည်နယ်**
(၁) ချောင်းဆုံမြို့နယ်။

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် –
(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊
(၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီ အရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်း လုပ်ငန်းများ၊ ဆေးဝါး နှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ် သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ် ဆောင်ရွက်ရသည့်လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ၊
(၃) Relief Flight များ၊ Cargo Flight များနှင့် အထူးစင်းလုံးငှားလေယာဉ် ခရီးစဉ် များအတွက် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သော လေကြောင်းလိုင်းများ/ အထွေထွေလေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ လေယာဉ်ဆီဖြည့်တင်းရေးလုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/တင်ပို့ခြင်း လုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ အေဂျင်စီများ၊ လေယာဉ်တင်အစားအသောက်ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ လေယာဉ် ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းမှ ဝန်ထမ်းများမပါ၊
(၄) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိက ဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာ တင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/ သွင်းကုန် သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်း ကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊
(၅) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှု လုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာ ရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်း များမပါ၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)စက်ရုံ၊ အလုပ်ရုံ များတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသ ကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန် ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊
(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊
(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင်တစ်ဦးသာ သွားရောက်ရန်၊
(င) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင်နှစ်ဦးသာ သွားရောက်ရန်၊
(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း(Mask) တပ်ရန်၊
(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန်သွားလာခွင့်ပြုရန်၊
(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက် ရန်၊
(ဈ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ် များသွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာ ဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံ အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့်သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ် ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပ မှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၅-၈-၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

☆ **စာမျက်နှာ ၆ မှ**

သူ့စွမ်းအားကို သူမချိန်တတ်တဲ့အတွက် အများစု လူသားတွေဟာ တစ်စထက်တစ်စကျုံ့ပြီး သေးငယ်သည်ထက်သေးငယ်၊ သေးသေးဖွဲ့ဖွဲ့ လူစားတွေပဲဖြစ်နေကြတယ်။ ဒါနဲ့အမျှ သူ့ကိုယ်သူလဲ အထင်သေး၊ သူ့ပတ်ဝန်းကျင်က လူတွေကိုယ်တိုင်ကလည်း သူ့ကိုအထင်သေး အမြင်သေးလို့ပဲ ယူဆဆက်ဆံကြ။

သင်တို့သွားရမယ့်လမ်းကြောင်းကတော့ ရှေ့ကိုအမြော်အမြင်ရှိရှိနဲ့ (ဒီဆောင်းပါးကို ဖတ်မိပြီးပြီလေ) ကောင်းသည်ထက်ကောင်းအောင် စွမ်းဆောင်ဖို့ပါပဲ။ ဘယ်လိုလူစားလဲ။ ဒီလိုလူစားပဲ။

သူဟာ ကြီးကြီးကျယ်ကျယ်နဲ့ ခက်ခက်ခဲခဲအလုပ်မျိုးကို လုပ်နိုင်စွမ်းရှိတယ်လို့ သူ့ကိုယ်သူအပြည့်အဝ ယုံကြည်တယ်။ ယုံကြည်တဲ့အတိုင်းလည်း လုပ်နိုင်တာပဲ။

သူ့ကိုယ်သူ တန်ဖိုးမြင့်အောင် စည်းကမ်းစနစ်နဲ့နေထိုင်တယ်။ လုပ်ကိုင်တယ်၊ စနစ်တကျ ထိန်းကျောင်းလေ့ရှိတယ်။ သူ့လမ်းစဉ်၊ သူ့အမြင်၊ သူ့ရဲ့ လုပ်ဆောင်ချက်တွေကို ကြည့်ပြီး လူတိုင်းက “ဒီလူဟာ တကယ့်လူတော်ပဲ။ တကယ့်ကိုအရေးကြီးတဲ့လူပဲ”လို့ ပြောယူရတဲ့ထိ။

**သေသေချာချာ သိရပါပြီ**

လူတစ်ယောက်ဟာ သူ့ကိုယ်ပိုင်စိတ်ကူးက ထုတ်လုပ်လိုက်တဲ့ပုံစံအတိုင်း ဖြစ်လာရတာပဲ။ မြင့်မြင့်မားမား ယုံကြည်ပါ။ လူနေချုံကြား ဖြစ်ချင်ဖြစ်ပါစေ၊ စိတ်နေဘုံဖျား။ ကိုယ့်ဘဝရဲ့ စက်ခလုတ်ကို ရှေ့ကိုပဲ လှည့်ပါ။ အားကိုမြှင့်ပါ။ ရိုးသားမှု၊ ကြိုးစားမှု၊ သစ္စာရှိမှု၊ ကိုယ်ကျိုး မကြည့်ဘဲ သူတစ်ပါးကို စာနာလေးစားမှု၊ အကြီးကြီးကြံရင် အကြီးကြီးဖြစ်မယ်လို့ ယုံကြည်တဲ့ ယုံကြည်ချက် ခိုင်ခိုင်မာမာနဲ့ ယခင်ကထက် သိသိသာသာတိုးတက်အောင်မြင်ပါစေ။

ယုံကြည်ချက်အားကောင်းစေမယ့် အချက် သုံးချက်ဖော်ပြပြီး နိဂုံးချုပ်ပါမယ်။

၁။ **အောင်မြင်ဖို့ပဲတွေးပါ။ ဆုံးရှုံးမှာကို မစဉ်းစားပါနဲ့။**

၂။ **သင်ဟာ သင်ထင်တာထက် ပိုတော်တယ်လို့ အမြဲမပြတ်တပ်လှန့်ထားပါ။ (ဒါဟာ အမှန်တကယ်ပါပဲ)**

၃။ **ကြီးကြီးမားမား အောင်မြင်မယ်လို့ ရဲရဲယုံကြည်ပါ။**

**တကယ်တော့ ကြီးမားတဲ့အကြံနဲ့ ကြီးမားတဲ့အောင်မြင်မှုတွေ၊ စီမံကိန်းတွေဆိုတာ သေးနုပ်တဲ့ စီမံကိန်းတွေ၊ သေးနုပ်တဲ့ အကြံအစည်တွေထက် ဘာမှ ပိုမခက်ပါဘူး။**


**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

**နေပြည်တော် ဩဂုတ် ၂၄**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မိုး/ဇလ

# တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံသို့ လှူဒါန်းသည့် အိမ်သုံးအောက်ဆီဂျင်စက် အလုံး ၁၄၀ လွှဲပြောင်းပေးအပ်





**နေပြည်တော် ဩဂုတ် ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံသို့ လှူဒါန်းသည့် အိမ်သုံးအောက်ဆီဂျင်စက် အလုံး ၁၄၀ သည် ဩဂုတ် ၂၂ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ပြီး လှူဒါန်းပစ္စည်းများ လွှဲပြောင်းလက်ခံခြင်းအခမ်းအနားကို ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်က တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ကပ်ရောဂါတိုက်ဖျက်ရေး အကူအညီပေးခြင်းသည် အပြန်အလှန်ဖေးမကူညီသည့် အေးအတူပူအမျှ အသိုက်အဝန်းစိတ်ဓာတ်ကို အဓိပ္ပာယ်ဖွင့်ဆိုလျက်ရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားချိန်မှစ၍ တရုတ်-မြန်မာ နှစ်နိုင်ငံ အပြန်အလှန် ထောက်ခံအားပေး၍ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးသည် ကပ်ရောဂါတိုက်ဖျက်ရေး တိုက်ပွဲအတွင်း၌ စာမျက်နှာသစ် ဆက်လက်ရေးသားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထောက်ပံ့လျက်ရှိပြီး ယူနန်ပြည်နယ် တရုတ်-မြန်မာ အထူးလမ်းကြောင်းမှ အောက်ဆီဂျင်အရည် စသည့်ပစ္စည်းများ အဆင်ပြေချောမွေ့စွာ သယ်ဆောင်နိုင်ရေး ကူညီပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး၊ မြန်မာနိုင်ငံရှိတရုတ်လုပ်ငန်းရှင်များကလည်း လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ တရုတ်-မြန်မာချစ်ကြည်ရေးစာသင်ကျောင်း၊ နားမကြားသော ကလေးများကျောင်း၊ ကလေးဆေးရုံ စသည့် မြန်မာနိုင်ငံနယ်ပယ်အသီးသီးသို့ ကပ်ရောဂါကာကွယ်ရေးပစ္စည်းများနှင့် စားသောက်ကုန်များ လှူဒါန်းပေးလျက်ရှိပြီး နှစ်နိုင်ငံ ကပ်ရောဂါ ပူးတွဲကာကွယ်ထိန်းချုပ်ရေးကို အားဖြည့်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံနယ်ပယ်အသီးသီး၏ အတူတကွ ကြိုးပမ်းမှုကြောင့် လက်ရှိမြန်မာနိုင်ငံ၏ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်မှုတွင် အကျိုးထိရောက်မှုရှိသည်ကို တွေ့ရှိရကြောင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ မြန်မာနိုင်ငံကပ်ရောဂါတိုက်ဖျက်ရေးအတွက် ဆက်လက်အကူအညီပေးအပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ကပ်ရောဂါကို ဆောလျင်စွာ သေချာပေါက် အနိုင်ယူနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

**အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီဖြစ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းကို ထိန်းချုပ်ကာကွယ်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနီးကပ်ဦးစီးပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုနှင့် သက်ဆိုင်ရာဌာနများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူလူထုနှင့် စေတနာရှင်များ၏ ကြိုးပမ်းအားထုတ်မှုကြောင့် အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့်တကွ ဆေးနှင့် ဆေးပစ္စည်းများ၊ အိမ်သုံးအောက်ဆီဂျင်စက်အစရှိသော ထောက်ပံ့မှုများ၊ ကိုဗစ်-၁၉ တိုက်ဖျက်ရေး အတွေ့အကြုံများဝေမျှခြင်း အစရှိသည်တို့ကို ကြည့်ခြင်းဖြင့် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ခိုင်မြဲစွာတည်ရှိလျက်ရှိကြောင်း တွေ့မြင်နိုင်ပြီး မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်ရေးအတွက် များစွာအထောက်အကူပြုပြီး မြန်မာပြည်သူလူထု၏ အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်ကြောင်း။

ယခုလှူဒါန်းသည့် အိမ်သုံးအောက်ဆီဂျင်စက် အလုံး ၁၄၀ အပါအဝင် ပစ္စည်းများကို ကိုဗစ်-၁၉ ရောဂါခံစားနေရသည့် လူနာများအတွက် တိုက်ရိုက်ရောက်ရှိအောင် အမြန်ဆုံးပို့ဆောင်ပေးပြီး အကျိုးရှိစွာ အပြည့်အဝ အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် အဓိကလိုအပ်သော CDC(Center for Disease Control) ကို နေပြည်တော်တွင် တည်ဆောက်နိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကူညီဆောင်ရွက်ပေးနေသည့်အတွက် အကျိုးရှိပြီး ကျေးဇူးတင်ရှိကြောင်း၊ ကပ်ရောဂါထိန်းချုပ်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ခိုင်မာစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် CLMVT Plus Forum 2021 သို့ အွန်လိုင်းမှ တက်ရောက်

**နေပြည်တော် ဩဂုတ် ၂၄**

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ပါဝင်သော Accelerating a Resilient Recovery CLMVT Plus Forum 2021 ကို ယနေ့ နံနက် ၉ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး CLMVT အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ Trade Partner များနှင့် အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

ယင်းဖိုရမ်တွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E Mr. Jurin Laksanawisit က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပညာရှင်များက ကိုဗစ်-၁၉ အလွန် CLMVT အဖွဲ့ဝင်နိုင်ငံများ၏ အခြေအနေ ကိုသုံးသပ်ခြင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အသိပညာဗဟုသုတများမျှဝေခြင်း၊ အာဆီယံ၊ မဟာမဲခေါင်ဒေသခွဲ ACMECS အစရှိသော ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်များတွင် မြန်မာနိုင်ငံပါဝင်သော CLMVT ငါးနိုင်ငံ ခရီးသွားလုပ်ငန်း ဆောင်ရွက်မှုများ အပါအဝင် လက်ရှိကာလနှင့် ကိုဗစ်-၁၉ အလွန်ကာလတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ချမှတ်သင့်သော နည်းဗျူဟာများကို ဆွေးနွေးခြင်းနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြသည်။

**သုံးရက်ကြာ ကျင်းပသွားမည်**

အဆိုပါဖိုရမ်ကို ဩဂုတ် ၂၄ ရက်မှ ၂၆ ရက်အထိ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ရာ ဖိုရမ်နောက်ဆုံးနေ့ ဩဂုတ် ၂၆ ရက်တွင် CLMVT အဖွဲ့ဝင်နိုင်ငံများ၌ ကိုဗစ်-၁၉ အလွန် New Normal ကာလတွင် နည်းပညာအသုံးပြုကာ စီးပွားရေးလုပ်ငန်းများ စတင်ရေးကို အထောက်အကူပြုရန် ရည်ရွယ်၍ Startup Pitch Competition ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျုံ့ဒိုးမြို့နယ် ဟောင်သရောမြစ်အတွင်း ငါးသားပေါက်ကောင်ရေ ၁၃၀၀၀၀ မျိုးစိုက်ထည့်

**ရန်ကုန် ဩဂုတ် ၂၄**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ကော့ကရိတ်ခရိုင် ကျုံ့ဒိုးမြို့နယ် ဟောင်သရောမြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၁၃၀၀၀၀ မျိုးစိုက်ထည့်သော အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဟောင်သရောမြစ်အတွင်း ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၈၀၀၀၀ နှင့် ထိုင်းငါးခုံးမကြီးသားပေါက်ကောင်ရေ ၅၀၀၀၀ ကို ကျုံ့ဒိုးမြို့မဈေး စက်လှေဆိပ်၌ မျိုးစိုက်ထည့်ခဲ့သည်။

**ကောင်ရေ ၁၁ သိန်း**

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ထိုဒေသ၏ ငါးထုတ်လုပ်မှုတိုးတက်စေရေး၊ ရေထွက်ကုန်မှ ကျေးလက်လူမှုစီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရေချိုငါးသယံဇာတများ ထိန်းသိမ်းရေးအတွက် သဘာဝရေပြင်နှင့် အင်း၊ အိုင်၊ မြစ်၊ ချောင်းတို့တွင် ငါးမျိုးစိတ်များ စိုက်ထည့်လျက်ရှိရာ ယခုမိုးရာသီတွင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အညီ အခြေခံစားသောက်ကုန်ဖြစ်သော ရေသယံဇာတများ ရေရှည်တည်တံ့စေရန် ကရင်ပြည်နယ်အတွင်း ငါးသားပေါက်များ စိုက်ထည့်ခဲ့ရာ ယနေ့အထိ ငါးသားပေါက်ကောင်ရေ ၁၁ သိန်းကို မျိုးစိုက်ထည့်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်း-ညိမ်းသူ**
**ဓာတ်ပုံ-ကနူး**



**ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း**

# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး မြို့တော်စိမ်းလန်းသာယာရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက် ၇ နာရီတွင် ရန်ကင်းမြို့နယ် (၈)ရပ်ကွက် နှင်းဆီလမ်းရှိ ကံဘဲ့စည်ပင်အိမ်ရာဝင်း၌ ရွေ့လျားဈေးကား (Mobile Market) စနစ်ဖြင့် ကုန်စိမ်းများ၊ မီးဖိုချောင်သုံး ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး/ပုစွန်အမျိုးမျိုးတို့ကို ဝန်ထမ်းမိသားစုများ ဈေးနှုန်းသက်သာစွာ စားသုံးနိုင်စေရန်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်နိုင်ရန် လိုက်လံကြည့်ရှုကြပ်မတ် စစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အဆိုပါဝင်းအတွင်းရှိ ဘောလုံးအားကစားကွင်း၌ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဆောင်ရွက်နေသော မြက်နှင့်သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်းကိုလည်းကောင်း၊ နှင်းဆီလမ်းနှင့် ကံဘဲ့ဘူတာရုံလမ်းတစ်လျှောက် ရေမြောင်းအတွင်း အမှိုက်နှင့် မြောင်းချေးများ ဆယ်ယူရှင်းလင်းနေမှုနှင့် ဆည်မြောင်းချောင်းအတွင်း Excavator ယာဉ်ဖြင့် အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုတို့ကိုလည်းကောင်း၊ ရန်ကင်းမြို့နယ်အတွင်းရှိ Fire Hydrant မီးသတ်ရေငုတ် ၂၆ ခုကို ကောင်းမွန်စွာ အသုံးပြုနိုင်ရေးနှင့် ကံဘဲ့ဘူတာဈေးတာဝန်ခံရုံး တည်ဆောက်မည့် မြေနေရာကိုလည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း (မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းအကြား) ရေမြောင်းအတွင်း အမှိုက်နှင့် မြောင်းချေးများ စုပေါင်းဆယ်ယူရှင်းလင်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ကုန်သည်လမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ၁၂ ထပ်ခွဲရုံး ရုံးဝင်းအတွင်း Basement ပါ (၁၆)ထပ် ရုံးအဆောက်အအုံ ဆောက်လုပ်နေမှုကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinovas Vaccing ထိုးနှံရန် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ Social Distancing ဖြင့် စနစ်တကျ စောင့်ဆိုင်းခြင်း၊ မှတ်ပုံတင်ခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းတို့ကို လိုက်လံကြည့်ရှုအားပေးသည်။ ယနေ့တွင် အင်ဂျင်နီယာဌာန (ရေပေးဝေရေးနှင့် သန့်ရှင်းမှု) ရေဆိုးစီမံခန့်ခွဲမှုဌာနခွဲမှ ဝန်ထမ်း ၈၉ ဦးကို ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၄-၈-၂၀၂၁)ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Price In Kyats (Retail) | Company Name |
|---|---|---|---|
| | **Antibiotics** | | |
| 1 | PO- Azithromycin 500mg | 5640 | AA MEDICAL PRODUCTS LTD. |
| | **Anti-inflammatory** | | |
| 2 | P.O Dexamethasone | 1530 | AA MEDICAL PRODUCTS LTD. |
| | **Antiviral** | | |
| 3 | P.O Favipiravir 400mg | - | AA MEDICAL PRODUCTS LTD. |
| | **Anti thrombosis** | | |
| 4 | Injection Enoxaparin 40mg | 11000 | Right & Bright International Co., Ltd. |
| | Injection Enoxaparin 60mg | 14000 | |
| | **Symptomatic** | | |
| 5 | P.O Paracetamol 500mg | 1490 | AA MEDICAL PRODUCTS LTD. |
| | **Supportive** | | |
| 6 | P.O Multivitamin with/without zinc | - | YE' TA KHON |
| 7 | P.O Vitamin C 500 mg | 8500 | YE' TA KHON |
| | **Antibiotics** | | |
| 8 | Injection- Ceftriazone 1G | 2500 | MYITTAR AHLINN YAUNG CO., LTD. |
| 9 | Injection- Cefoperazone and Sulbactam 1G/2G | 6850 | Right & Bright International Co., Ltd. |
| 10 | Injection- Meropenem | 10000 | AA MEDICAL PRODUCTS LTD. |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကိုWebsite (www.mccpmd.org)နှင့် Facebook Page http://www.facebook.com/323302521392189/posts/1720802588308835/?d=nတို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

(၁၀၀)

# ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေး

**နေပြည်တော် ဩဂုတ် ၂၄**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန နေပြည်တော်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တပ်ကုန်းမြို့နယ်ဘဏ်ခွဲမှ တောင်သူဦးကြီးများသို့ ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ယနေ့နံနက်ပိုင်းက ဆက်လက်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မိုးစပါး တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် အတိုးနှုန်းတစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိရာတွင် ယနေ့နံနက်ပိုင်းက တပ်ကုန်းမြို့နယ် လက်ပံကျေးရွာအုပ်စုမှ တောင်သူ ၅၇ ဦးအား လယ်ဧက ၃၀၈ ဧကအတွက် ငွေကျပ် ၃၅ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့သည်။

**ဦးစွာထုတ်ချေးပေး**

တပ်ကုန်းမြို့နယ်ဘဏ်ခွဲအနေဖြင့် ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ယခင်နှစ် ၂၀၂၀ ပြည့်နှစ် မိုးချေးငွေ ပြေကျေစွာပေးဆပ်ပြီးသူ တောင်သူဦးကြီးများသို့ ဦးစွာထုတ်ချေးပေးလျက်ရှိပြီး ချေးငွေထုတ်ချေးပေးနေစဉ် ကာလအတွင်း လာရောက်ပေးဆပ်သူ တောင်သူဦးကြီးများကိုလည်း ချေးငွေပေးဆပ်မှုကို လက်ခံ၍ စက်တင်ဘာလကုန်အထိ ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တပ်ကုန်းမြို့နယ်ဘဏ်ခွဲ မန်နေဂျာ ဒေါ်နန့်တင်စန်းထံမှ သိရသည်။




လက်ရှိတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်နှင့်မြို့နယ်ဘဏ်ခွဲလေးဘဏ်မှ ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ၅၃ အုပ်စု၊ တောင်သူ ၂၉၆၈ ဦး၊ စပါး ၁၀၂၉ ဧကနှင့်အခြားသီးနှံ ၂၀၁၁ ဧက စုစုပေါင်းစိုက်ဧက ၁၂၂၆၀ အတွက် ချေးငွေကျပ် ၁၇၃၈ ဒသမ ၄၅ သန်း ထုတ်ချေးထားပြီးဖြစ်ကြောင်း နေပြည်တော်တိုင်းဘဏ်ခွဲမန်နေဂျာ ဦးသက်ဦးထံမှ သိရသည်။

အေးသန့်(သတင်းစဉ်)

# ရမည်းသင်းမြို့နယ်အတွင်း မိုးစပါး ၃၆၉၇၉ ဧက စိုက်ပျိုးပြီးဖြစ်

**ရမည်းသင်း ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ယခုနှစ်မိုးရာသီ စိုက်ပျိုးကာလတွင် မိုးစပါးဧက ၃၆၉၇၉ ဧက စိုက်ပျိုးပြီး ဖြစ်ကြောင်း သိရသည်။

**လျာထားဧက ၄၉၅၀၀**

မိုးစပါးကို ရမည်းသင်းမြို့နယ်အတွင်း၌ စိုက်ပျိုးရာတွင် မနောသုခ ၃၀၁၃၆ ဧက၊ တောင်ယာစပါး ၆၈၁ ဧက၊ ထွန်းသုခ ၄၈၀၇ ဧက၊ ရောမင်း ၁၃၅၅ ဧက စုစုပေါင်း ၃၆၉၇၉ ဧက စိုက်ပျိုးပြီးဖြစ်ကာ ယခုနှစ် မိုးစပါးစိုက်ပျိုးဧက လျာထားချက်မှာ ဧက ၄၉၅၀၀ ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှသိရသည်။

**ထပ်မံစိုက်ပျိုးကြမည်**

ရမည်းသင်းမြို့နယ်အတွင်း အများအားဖြင့် မနောသုခစပါးမျိုးကို အများဆုံးစိုက်ပျိုးကြပြီး ရောမင်း၊ ထွန်းသုခ ၊ တောင်ယာစပါး အစရှိသော စပါးမျိုးတို့ကိုလည်း စိုက်ပျိုးကြကြောင်းသိရပြီး စိုက်ပျိုးရေရရှိမှုအပေါ်မူတည်၍ မိုးစပါးကို ထပ်မံစိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။

အတ်ကလေး( ရမည်းသင်း)

**တကယ်လို့ ရောဂါပိုးတစ်ခုခု ကူးစက်ခံရတယ်၊ ရောဂါပိုးတစ်ခုခုနဲ့ ထိတွေ့မှုရှိလိုက်တယ်ဆိုရင် ကိုယ်ခံအားတွေက လျင်လျင်မြန်မြန်သိရှိပြီး မြန်မြန်ဆန်ဆန် မိမိကို အန္တရာယ်ပေးတဲ့အဆင့်မရောက်ခင်မှာ တိုက်ထုတ်နိုင်ပါတယ်**

**ဒေါက်တာခင်ခင်ကြီး**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

ထက်လျှံ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၂၃ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

**အစီအစဉ်မှူး။** ။ နိုင်ငံတစ်ဝန်း ကိုဗစ် - ၁၉ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးတွေကို ဘာကြောင့် ထိုးနှံသင့်သလဲဆိုတာနဲ့ ပတ်သက်ပြီး ပြောကြားပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး။** ။ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းက ကိုဗစ် - ၁၉ ကပ်ရောဂါကို ရုပ်တန့်နိုင်ဖို့အတွက် အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်တယ်။ လက်ရှိကမ္ဘာပေါ်မှာ ရောဂါဖြစ်ပွားမှုတွေက တစ်နေ့ထက်တစ်နေ့များနေပြီး သေဆုံးမှုတွေကလည်း မြင့်တက်နေတဲ့အတွက် ကာကွယ်ဆေးထိုးနှံဖို့အတွက် ကမ္ဘာ့နိုင်ငံတွေကနေပြီး အထူးကြိုးစားပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

ကာကွယ်ဆေးတွေ ဘာလို့ထိုးရတာလဲနဲ့ ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) က ဇူလိုင် ၁၉ ရက်မှာ နောက်ဆုံးတည်းဖြတ် ပြင်ဆင်ခဲ့တဲ့ ကာကွယ်ဆေးနဲ့ ကာကွယ်ဆေးထိုးခြင်းဆိုတဲ့ ခေါင်းစဉ်နဲ့ အမေး/အဖြေတွေကို ကိုးကားပြီး ဖြေကြားသွားပါမယ်။ အရင်ဆုံး 'ကာကွယ်ဆေးထိုးခြင်း' က ဘာလဲဆိုတာကို ရှင်းပြချင်ပါတယ်။

### ကာကွယ်နည်းတစ်ရပ်ဖြစ်

'ကာကွယ်ဆေးထိုးခြင်း' က အလွန်ရိုးရှင်းသော၊ လွယ်ကူသော၊ စိတ်ချရသော ကာကွယ်နည်းတစ်ရပ်ဖြစ်ပါတယ်။ ရောဂါတစ်ခုကို ကာကွယ်ဆေးထိုးခြင်းနဲ့ ကာကွယ်ခြင်းသည်သာလျှင် အကောင်းဆုံးနည်းလမ်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရောဂါဝင်ရောက်ကူးစက်ပြီးမှ ရောဂါပိုးရဲ့အန္တရာယ်ကို ကာကွယ်တားဆီးဖို့အတွက် ခန္ဓာကိုယ်ရဲ့ ကိုယ်ခံစွမ်းအားတွေက ထုတ်လုပ်ဖို့ပြင်မယ်ဆိုရင် နောက်ကျနိုင်ပါတယ်။ ဒီကြားထဲ ရောဂါကြောင့် ခန္ဓာကိုယ်မှာ ပြင်းထန်တဲ့ဝေဒနာတွေခံစားရနိုင်ပါတယ်။ အသက်သေဆုံးတဲ့အထိလည်း ဖြစ်နိုင်ပါတယ်။ ဒီလိုရောဂါဖြစ်ပွားတာကို တကယ်ရောဂါမဖြစ်စေဘဲနဲ့ ရောဂါပိုးဝင်ရောက်တဲ့ပုံစံမျိုး အတုဖန်တီးပြီး ကိုယ်ခံအားစနစ်ကိုကြိုတင်ပြင်ဆင်အလုပ်လုပ်ခိုင်းခြင်းဖြင့် ကိုယ်ခံအားစနစ်က ကောင်းမွန်စွာ အလုပ်လုပ်နိုင်ပြီး ရောဂါပိုးဝင်ရောက်လာပါက အလွယ်တကူ အမြန်ဆုံး တိုက်ထုတ်နိုင်အောင် ရည်ရွယ်တာဖြစ်ပါတယ်။

တချို့တွေက ကာကွယ်ဆေးထိုးရင် ဒီရောဂါပိုး ကူးစက်မှာလားလို့မေးပါတယ်။ မကူးစက်ပါဘူး။ ကာကွယ်ဆေးထိုးခြင်းနဲ့ ရောဂါပိုးကူးစက်တာက မဆိုင်ပါဘူး။ တချို့တွေက ပြီးခဲ့တဲ့ရက်ကမှ ကာကွယ်ဆေးထိုးလိုက်တယ်၊ နောက်နှစ်ရက်မှာ ကိုဗစ် - ၁၉ ရောဂါလက္ခဏာတွေပေါ်လာတယ်၊ စမ်းသပ်ကြည့်တော့ ကိုဗစ် - ၁၉ ရောဂါတွေ့တယ် ဒါတွေက ကာကွယ်ဆေးထိုးလို့ ရောဂါပိုးပေါ်လာတာလားဆိုရင် မဟုတ်ပါဘူး။ ဒါနဲ့ပတ်သက်လို့ ကာကွယ်ဆေးထိုးပေးခြင်းသည် စိတ်အချရဆုံး၊ ဘေးအကင်းဆုံး ကာကွယ်မှုဖြစ်ပါတယ်။

သို့သော် ကာကွယ်ဆေးထိုးပြီးပါက ခန္ဓာကိုယ်အနေနဲ့ ကိုယ်ခံစွမ်းအားရရှိဖို့အတွက် အလုပ်လုပ်ဖို့ အချိန်ပေးရပါတယ်။ ကာကွယ်ဆေးထိုးပြီး အနည်းဆုံး ရက်သတ္တနှစ်ပတ်ခန့် ကိုယ်ခံအားအတွက် အချိန်ပေးရပါတယ်။ ဒီကြားထဲမှာ ရောဂါကူးစက်နိုင်ပါတယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးပြီးပါက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကာကွယ်ရေးနည်းလမ်းတွေကို ဆက်လက်လိုက်နာကျင့်သုံးရဦးမှာ ဖြစ်ပါတယ်။ ဒါဆိုရင် မသိလိုက်ဘဲနဲ့ ကာကွယ်ဆေးထိုးမိရင် ဘာဖြစ်နိုင်သလဲ၊ ဘာမှဆိုးကျိုးမဖြစ်နိုင်ပါဘူး။ ကာကွယ်ဆေးထိုးထားတဲ့အတွက် ဆိုးကျိုးမရှိပါဘူး။

### ကိုယ်ခံအားတည်ဆောက်ဖို့

ဒါကြောင့် ကာကွယ်ဆေးထိုးတဲ့အခါမှာ လက်ရှိဝေဒနာခံစားနေရတဲ့သူတွေ၊ ဖျားနာပြီး အနံ့ပျောက်တဲ့သူတွေကို ဆေးမထိုးပေးပါဘူး။ ဘာကြောင့်မထိုးပေးတာလဲဆိုရင် လက်ရှိမှာ သူတို့တွေ ခံစားနေရတဲ့ဝေဒနာသည် ကိုဗစ် - ၁၉ ရောဂါ ဖြစ်နိုင်ပါတယ်။ ကိုဗစ်ကာကွယ်ဆေးထိုးရင် ထူးခြားပြီး အကျိုးမရှိပါဘူး။ ဘာကြောင့်လဲ၊ ရောဂါပိုးတစ်ခု ဝင်လာပြီးသွားပြီဆိုရင် သူ့အတွက် အလုပ်လုပ်ဖို့ အချိန်ပေးရပါတယ်။ သူ့အတွက် ကိုယ်ခံအားတည်ဆောက်ဖို့ အချိန်ပေးရပါတယ်။ သတ်မှတ်ထားတဲ့ အချိန်အတိုင်းအတာတစ်ခုရောက်မှ ကာကွယ်ဆေးထိုးနှံဖို့ လိုပါတယ်။

ဒီနေရာမှာ ရောဂါပိုးဝင်ရောက်ပြီးသူတွေကို ကာကွယ်ဆေးထိုးနှံပေးဖို့အတွက် အနည်းဆုံး ခြောက်လကြာမှ ထိုးနှံပေးဖို့ပြောထားပါတယ်။ ဘာဖြစ်လို့လဲ၊ သူက ရောဂါပိုးဝင်ရောက်ခဲ့ပြီး ကိုယ်ပိုင်ကိုယ်ခံစွမ်းအားက အလုပ်လုပ်နေပြီဖြစ်တဲ့အတွက် ဒါကလည်း ကာကွယ်နိုင်မှုရပါတယ်။ ဒီလိုမျိုး ကာကွယ်နိုင်မှုမရှိတဲ့သူတွေကို ဦးစားပေးပြီး ထိုးဖို့အတွက် ရည်ရွယ်တာဖြစ်ပါတယ်။ ဒါက အရေးကြီးပါတယ်။ တချို့တွေက ကာကွယ်ဆေး ပထမအကြိမ်ထိုးတယ်၊ ထိုးပြီး နောက်တစ်ပတ်အကြာမှာ အကြောင်းကြောင်းကြောင့် ရောဂါပိုးကူးစက်ခံရတယ်။ ဒုတိယအကြိမ် ဘယ်တော့ထိုးရမလဲ ဒါမျိုးတွေပြောပါတယ်။ ဒုတိယအကြိမ်ကို ရောဂါပိုးဝင်ရောက်ကူးစက်ခံရတဲ့ ရက်ကနေစပြီး ၂၈ ရက်အကြာမှာ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံနိုင်ပါတယ်လို့ အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးဗဟိုဌာန (CDC) က ပြောထားတာရှိပါတယ်။

### ကာကွယ်နိုင်

**ကာကွယ်ဆေးထိုးနှံခြင်းကြောင့် ရောဂါပြင်းထန်စွာခံစားရမှုတွေ၊ ဆေးရုံတက်ရောက်ရမှုတွေ၊ သေဆုံးမှုတွေကနေ ကာကွယ်နိုင်တယ်ဆိုတာက အသေအချာဖြစ်ပါတယ်။ ကာကွယ်ဆေးက ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားစနစ်ကြီးကို ထိုးလိုက်တဲ့ ကာကွယ်ဆေးနဲ့ဆိုင်တဲ့ ရောဂါပိုးဝင်ရောက်လာပါက သူနဲ့သက်ဆိုင်တဲ့ ကာကွယ်နိုင်မှုရဖို့အတွက် ဆောင်ရွက်ပေးပါတယ်၊ မိမိရဲ့ ကိုယ်ခံအားစနစ်ကြီး တောင့်တင်းခိုင်မာအောင် တည်ဆောက်ပေးတာ ဖြစ်ပါတယ်။**

ကာကွယ်ဆေးထိုးနှံပေးလိုက်တဲ့အခါ ကိုယ်ခံအားစနစ်ကို ရောဂါနဲ့ပတ်သက်ပြီး ဘယ်လိုတုံ့ပြန်ရမယ်ဆိုတဲ့ လမ်းညွှန်ချက်တွေပေးပါတယ်။ ကိုယ်ခံအားစနစ်ကနေ Antibody ထုတ်ပါတယ်။ Antibody ကနေ ရောဂါဝင်ရောက်ကူးစက်လာတဲ့အခါ ရှေ့တန်းခံစစ်အနေနဲ့ တိုက်ဖို့အတွက် ရည်ရွယ်တာဖြစ်ပါတယ်။ ဒါ့အပြင် ကာကွယ်ဆေးတွေမှာ ရောဂါပိုးအရှင်ကို မထည့်ထားပါဘူး။ ပိုးတွေရဲ့အာနိသင်လျော့အောင်နဲ့ အစွမ်းမဲ့အောင်လုပ်ထားပါတယ်။ သို့သော် ကာကွယ်ဆေးက ခန္ဓာကိုယ်ထဲမှာ ကိုယ်ခံအားစနစ်တက်အောင်၊ လှုံ့ဆော်နိုင်အောင် ဖန်တီးထားတာဖြစ်ပါတယ်။ ဒီလိုဖန်တီးထားတဲ့အတွက် ခန္ဓာကိုယ်ထဲကနေ ရောဂါပိုးဝင်ရောက်လာပါက တိုက်ထုတ်နိုင်ဖို့နဲ့ ကိုယ်ခံစွမ်းအားတွေ ရှိနေဖို့အတွက် ဆောင်ရွက်ပေးပါတယ်။

ကာကွယ်ဆေးအများစုက ထိုးဆေးအနေနဲ့ဖြစ်ပါတယ်။ တချို့ကာကွယ်ဆေးတွေက သောက်ဆေးအနေနဲ့လာပါတယ်။ တချို့ကာကွယ်ဆေးတွေက နှာခေါင်းကနေရှူရတဲ့ရှူဆေး/ ဖျန်းဆေးအနေနဲ့ လာတာရှိပါတယ်။ အခုကိုဗစ် - ၁၉ ရောဂါနဲ့ ပတ်သက်ပြီး သောက်ဆေးတွေ ဖော်ထုတ်နေတဲ့ကိစ္စတွေ ရှိပါတယ်။ နှာခေါင်းကနေ ရှူသွင်းနိုင်အောင် ထုတ်လုပ်နေတဲ့ဆေးတွေရှိပါတယ်။

**အစီအစဉ်မှူး။** ။ကာကွယ်ဆေးတွေထိုးနှံတဲ့အခါ ကာကွယ်ဆေးက ဘယ်လိုအလုပ်လုပ်လဲဆိုတာ ပြောပြပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး။** ။ ကာကွယ်ဆေးထိုးခြင်း က ရောဂါမဖြစ်ဖို့အတွက် ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ရောဂါဖြစ်ပွားနိုင်တဲ့အန္တရာယ်ကို လျှော့ချပေးတာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားစနစ်က သူ့ကိုတိုက်ခိုက်နိုင်တဲ့ ကိုယ်ခံအားတွေ ထုတ်လုပ်ပေးခြင်းကို ဆောင်ရွက်တာဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးနှံတဲ့အခါ ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားစနစ်ကနေပြီး ကိုယ်ခံအားတွေထုတ်ပါတယ်။ ဒီထုတ်လိုက်တဲ့ ကိုယ်ခံအားတွေက အလုပ်သုံးခုလုပ်ပါတယ်။ (၁) ခန္ဓာကိုယ်ထဲဝင်ရောက်လာတဲ့ ရောဂါပိုး(သို့မဟုတ်) ဘက်တီးရီးယား (သို့မဟုတ်) ဗိုင်းရပ်စ်ဖြစ်ဖြစ် ကျူးကျော်လာတဲ့ ဒီရောဂါပိုးမွှားတွေကိုသက်ဆိုင်တဲ့ကာကွယ်ဆေးနဲ့ တိုက်ထုတ်ဖို့ မှတ်မိအောင်လုပ်ပါတယ်။ (၂) ခန္ဓာကိုယ်ထဲကို ဝင်ရောက်ကျူးကျော်လာတဲ့ ရန်သူအတွက် Antibody တွေ ထုတ်ပါတယ်။

Antibody ဆိုတာကလည်း ပရိုတင်းတွေဖြစ်ပါတယ်။ သူက ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားစနစ်ကနေ Antibody ဆိုတဲ့ ပရိုတင်းတွေကိုထုတ်ပြီး ရောဂါကို တိုက်ခိုက်ဖို့အတွက် ဆောင်ရွက်တာဖြစ်ပါတယ်။ (၃) ရောဂါဝင်ရောက်လာပြီး နောက်ပိုင်းမှာ ဒီရောဂါကို မှတ်မိသိရှိအောင်လုပ်ပါတယ်။ ရောဂါပိုးဝင်ရောက်ခဲ့ပြီးလို့ ပျောက်ကင်းသွားတဲ့ အချိန်အတော်ကြာပြီး ထပ်မံဝင်ရောက်လာပါက ဒီရောဂါကို တိုက်ထုတ်ကာကွယ်နိုင်အောင် ဆောင်ရွက်ပါတယ်။ ဒီအချက်သုံးချက်ကို ကာကွယ်ဆေးတွေက အလုပ်လုပ်ပါတယ်။

တကယ်လို့ ရောဂါပိုးတစ်ခုခု ကူးစက်ခံရတယ်၊ ရောဂါပိုးတစ်ခုခုနဲ့ ထိတွေ့မှုရှိလိုက်တယ်ဆိုရင် ကိုယ်ခံအားတွေက လျင်လျင်မြန်မြန်သိရှိပြီး မြန်မြန်ဆန်ဆန် မိမိကို အန္တရာယ်ပေးတဲ့အဆင့်မရောက်ခင်မှာ တိုက်ထုတ်နိုင်ပါတယ်။ ကာကွယ်ဆေးတွေသည် ရောဂါပိုးကို တိုက်ထုတ်နိုင်တဲ့ ကိုယ်ခံအားစနစ်တွေ တည်ဆောက်ဖို့အတွက် အလွန်ရိုးရှင်းသော၊ လွယ်ကူသော၊ စိတ်ချရသော နည်းလမ်းတစ်ရပ်ဖြစ်ပါတယ်။

### တိုက်တွန်းရခြင်းဖြစ်

ကာကွယ်ဆေးတွေ ထိုးနှံလိုက်ပြီဆိုရင် ကာကွယ်ဆေးအပေါ်မူတည်ပြီး သက်ဆိုင်ရာလိုအပ်တဲ့ကိုယ်ခံအားစနစ်တွေကို တည်ဆောက်ပါတယ်။ အချို့ကိုယ်ခံအားစနစ်တွေက ဆယ်စုနှစ်နဲ့ချီခံပြီး တချို့ကိုယ်ခံအားတွေက တစ်သက်လုံးခံတယ်လို့ ပြောပါတယ်။ ဒါကြောင့် ကာကွယ်ဆေးတွေ ထိုးနှံဖို့တိုက်တွန်းရခြင်း ဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးနှံခြင်းသည်သာ စိတ်ချရဆုံး၊ ဘေးကင်းလုံခြုံမှုအရှိဆုံး ရောဂါကိုကာကွယ်ခြင်းဖြစ်တယ်ဆိုတာကို သိစေချင်ပါတယ်။

စာမျက်နှာ ၁၁ သို့ ❂

**ကာကွယ်ဆေးထိုးနှံခြင်းကြောင့် ရောဂါပြင်းထန်စွာခံစားရမှုတွေ၊ ဆေးရုံတက်ရောက်ရမှုတွေ၊ သေဆုံးမှုတွေကနေ ကာကွယ်နိုင်တယ်ဆိုတာက အသေအချာဖြစ်ပါတယ်။ ကာကွယ်ဆေးက ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားစနစ်ကြီးကို ထိုးလိုက်တဲ့ကာကွယ်ဆေးနဲ့ဆိုင်တဲ့ ရောဂါပိုးဝင်ရောက်လာပါက သူနဲ့သက်ဆိုင်တဲ့ ကာကွယ်နိုင်မှုရဖို့အတွက် ဆောင်ရွက်ပေးပါတယ်၊ မိမိရဲ့ ကိုယ်ခံအားစနစ်ကြီး တောင့်တင်းခိုင်မာအောင် တည်ဆောက်ပေးတာဖြစ်**

❂ စာမျက်နှာ ၁၀ မှ

**အစီအစဉ်မှူး။** ။ ကာကွယ်ဆေး တွေက ဘယ်လိုရောဂါပိုးတွေကို ကာကွယ်သလဲဆိုတာ ပြောပြပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး။** ။ ဒါကိုမပြောခင် မှာ ဘာလို့ ကာကွယ်ဆေးတွေကို ထိုးနှံရမှာလဲဆိုတာကို ပြောကြားချင်ပါတယ်။ ကာကွယ်ဆေးသာမရှိရင် ခန္ဓာကိုယ်က ဝင်ရောက်လာတဲ့ ရောဂါပိုးကြောင့် ပြင်းထန်စွာ ဝေဒနာခံစားရမယ်၊ ဆိုးဆိုးရွားရွား ခံစားရတဲ့အပြင် သေဆုံးမှုတွေအထိလည်း ဖြစ်နိုင်ပါတယ်။ အသက်အန္တရာယ် ပေးနိုင်လောက်တဲ့ အခြေအနေအထိမရောက်အောင် ကာကွယ်နိုင်တဲ့အတွက် ထိုးနှံရခြင်းဖြစ်ပါတယ်။ ကလေးတွေကို ကာကွယ်ဆေးထိုးနှံပေးခြင်းဖြင့် နှစ်စဉ် ကလေး လေးသန်းရဲ့ အသက်ကို ကာကွယ်ပေးပါတယ်။ ကာကွယ်ဆေးတွေက ထိရောက်ပါတယ်။ အရေးကြီးပါတယ်။ ကူးစက်ရောဂါဆိုတာ လူသားတွေလို ပတ်စပို့နဲ့ ဗီဇာမလိုပါဘူး။ ကမ္ဘာကြီးက Globalization ဖြစ်လာတဲ့အခါ တစ်နေရာကနေ တစ်နေရာကို ကူးလူးဆက်ဆံမှုတွေများလာပါတယ်။ တစ်နိုင်ငံမှာ ရောဂါဖြစ်ရင် နောက်တစ်နိုင်ငံမှာ အလွယ်တကူဖြစ်နိုင်တဲ့အတွက် ကာကွယ်ဆေးနဲ့ ကာကွယ်ထားခြင်းဖြင့် တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ရောဂါတွေမဝင်ရအောင်၊ မကူးစက်အောင် ကာကွယ်နိုင်မှာဖြစ်ပါတယ်။

### ရည်ရွယ်ချက်နှစ်ချက်ရှိ

ကာကွယ်ဆေးထိုးရခြင်းရဲ့ အဓိက ရည်ရွယ်ချက်နှစ်ချက်ရှိပါတယ်။ နံပါတ်(၁)က မိမိကိုယ်ကို ကာကွယ်ဖို့၊ နံပါတ်(၂)က မိမိရဲ့ ဘေးပတ်ဝန်းကျင်ကလူတွေကို ကာကွယ်ဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ဆေးတွေ ထိုးနှံပေးရခြင်းဖြစ်ပါတယ်။ ဥပမာ – အချို့အသက်အရွယ်ငယ်တဲ့ ကလေးတွေ ကာကွယ်ဆေးထိုးဖို့ မသင့်လျော်သေးပါဘူး။ ကာကွယ်ဆေးထိုးဖို့ အကျုံးမဝင်သေးတဲ့ ကလေးတွေ၊ ကိုယ်ခံအားကျနေတဲ့သူတွေ၊ ကာကွယ်ဆေးထဲမှာပါတဲ့ အချို့ပစ္စည်းတွေနဲ့ မတည့်လို့ ကာကွယ်ဆေး မထိုးရတဲ့ သူတွေရှိပါတယ်။ အခြားသူတွေက ကာကွယ်ဆေး ထိုးထားခြင်းဖြင့် ဒီလိုလူတွေကို ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။

ကာကွယ်ဆေးတွေက ဘယ်လိုရောဂါတွေကို ကာကွယ်သလဲဆိုရင် အခုဖြစ်နေတဲ့ ကိုဗစ် – ၁၉ ရောဂါတွေ၊ အမျိုးသမီးတွေမှာ ဖြစ်ပွားမှုများတဲ့ သားအိမ်ခေါင်းကင်ဆာ၊ ကာလဝမ်း၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါဘီ၊ တုပ်ကွေး၊ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်၊ ဦးနှောက်အမြှေးပါးရောင်၊ ပိုလီယို၊ တိုက်ဖွိုက်နဲ့ ခွေးရူးရောဂါတွေအပြင် အများကြီးကာကွယ်နိုင်ပါတယ်။ ရောဂါတွေက တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အခြေအနေအပေါ်မူတည်ပြီး ဖြစ်ပွားမှုတွေအနေနဲ့ ကွာခြားမှာဖြစ်ပါတယ်။

ဒီအခါ လက်ရှိအနေအထားအရ အချို့ ကာကွယ်ဆေးတွေက စမ်းသပ်ထုတ်လုပ်နေဆဲဖြစ်ပါတယ်။ အီဘိုလာ၊ ငှက်ဖျား ကာကွယ်ဆေးတွေကို စမ်းသပ်ပြီး အချို့နေရာတွေမှာ ထိုးနှံနေပြီဖြစ်ပါတယ်။ တစ်ကမ္ဘာလုံး မထိုးနှံသေးပါဘူး။ ထိုးနှံပြီဆိုရင် ဖြစ်ပွား၊ သေဆုံးမှုကျမှာ အသေအချာဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ ကာကွယ်ဆေး တွေကို ဘယ်လိုအချိန်မှာ ထိုးနှံရမလဲ။ ဘယ်လိုနည်းစနစ်တွေ နဲ့ ထုတ်လုပ်သလဲ ဆိုတာ ပြောကြားပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး။** ။ ကာကွယ်ဆေး ကို ရောဂါပိုး မဝင်ရောက်ခင်ထိုးနှံပါလို့ WHO က ပြောထားပါတယ်။ ရောဂါပိုးဝင်ရောက်ပြီးပြီဆိုရင် ခန္ဓာကိုယ်က ကိုယ်ခံအားကို တိုက်ထုတ်ဖို့ အချိန်ယူရမှာဖြစ်တဲ့အတွက် အချိန်မမီဘဲဖြစ်သွားပြီး ရောဂါလက္ခဏာပြင်းထန်တာ၊ ရောဂါဝေဒနာခံစားရတဲ့ အဆင့်အထိ ရောက်တာမျိုးတွေဖြစ်ပြီးမှ ကိုယ်ခံအားတွေရတယ်ဆိုရင် အနည်းငယ် နှောင့်နှေးသွားနိုင်ပါတယ်။

### ထိုးနှံဖို့အရေးကြီး

ဒါကြောင့် ကာကွယ်ဆေးကို ရောဂါပိုး မဝင်ရောက်ခင် ထိုးနှံဖို့အရေးကြီးပါတယ်။ ကာကွယ်ဆေးမှာ အထူးသဖြင့် ကလေးငယ်တွေ၊ ဆယ်ကျော်သက်တွေ၊ အသက်ကြီးတဲ့အထိ သူတို့နဲ့ သက်ဆိုင်တဲ့ ကာကွယ်ဆေးတွေ အကျုံးဝင်ပါတယ်။ တချို့နိုင်ငံတွေမှာ ကာကွယ်ဆေးထိုးကတ်တွေနဲ့ သေချာထိုးနှံပေးပြီး ဘယ်ကာကွယ်ဆေးက မထိုးမနေရထိုးရမယ် စသဖြင့် ဒါမျိုးတွေပါဝင်ပြီးသားဖြစ်ပါတယ်။

ကာကွယ်ဆေးတွေ ဘယ်လိုထုတ်လုပ်သလဲ၊ ကာကွယ်ဆေးတွေ ဘယ်လိုစမ်းသပ်သလဲ ဆိုတာ ရှင်းပြချင်ပါတယ်။ ကာကွယ်ဆေးတစ်ခု ထုတ်လုပ်ဖို့ အဆင့်ပေါင်းများစွာ၊ ရှုပ်ထွေးမှုပေါင်း များစွာရှိပါတယ်။ တကယ့်ကို မလွယ်ကူပါဘူး။ ကာကွယ်ဆေးကို စတင်စမ်းသပ်တဲ့အဆင့်မှာ တိရစ္ဆာန်ကို စတင်စမ်းသပ်ရပါတယ်။ ပြီးမှလူမှာ စမ်းသပ်ရတာဖြစ်ပါတယ်။ လူမှာစမ်းသပ်တဲ့အဆင့် (၁)မှာ ကာကွယ်ဆေး ၅၄ မျိုးရှိပါတယ်။ အဆင့်(၂)မှာ ၄၁ မျိုးရှိပါတယ်။ အဆင့် (၃)မှာ ၃၂ မျိုးရှိပါတယ်။ လက်ရှိ အတိုင်းအတာတစ်ခုအထိ ကန့်သတ်ပြီး အသုံးပြုခွင့်ရတဲ့ကာကွယ်ဆေး ၁၁ မျိုးရှိပါတယ်။ အပြည့်အဝ အသုံးပြုလို့ရတဲ့ ကာကွယ်ဆေး ရှစ်မျိုးရှိပြီး ကာကွယ်ဆေးတွေ ထုတ်လုပ်တဲ့ ဖြစ်စဉ်မှာ ဆက်ပြီး စမ်းသပ်ဖို့မသင့် လျော်ဘူးဆိုပြီး စွန့်ပစ်ခံရတဲ့ ကာကွယ်ဆေး ငါးမျိုး ရှိပါတယ်။

ကာကွယ်ဆေးတွေကို ဘယ်လိုထုတ်ဖော်နေတာလဲဆိုတာကို ပြောချင်ပါတယ်။ လက်ရှိသုံးနေတဲ့ ကာကွယ်ဆေးတွေက ဆယ်စုနှစ်နဲ့ချီ တည်ရှိနေပြီး လူသန်းပေါင်းများစွာကို ရောဂါဖြစ်ပွား၊ သေဆုံးမှုတွေကနေ ကာကွယ်ပေးလျက်ရှိပါတယ်။ အထူးသဖြင့် အသက်ငယ်လွန်းတဲ့ ကလေးတွေ၊ အသက်ကြီးလွန်းတဲ့ လူကြီးတွေကို အဓိက ကာကွယ်ပေးတာဖြစ်ပါတယ်။

ဘယ်ကာကွယ်ဆေးကမှ ၁၀၀ ရာခိုင်နှုန်း ကာကွယ်နိုင်မှုမရပါဘူး။ ကာကွယ်ဆေးတွေကို ဖော်စပ်ရာမှာ အန္တရာယ်ကင်းစေဖို့၊ စိတ်ချရစေဖို့ ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်ပါတယ်။ ပြင်းပြင်းထန်ထန်လည်း လိုအပ်တဲ့စစ်ဆေးမှုတွေ လုပ်ပါတယ်။ အကဲဖြတ်တာ၊ စစ်ဆေးတာတွေ လုပ်ပါတယ်။ ကာကွယ်ဆေးတစ်ခုကို လူတွေမှာ အသုံးပြုခွင့်ပေးတယ်ဆိုတဲ့အဆင့် မရောက်ခင် အသေအချာ အဆင့်ဆင့် စမ်းသပ်မှုတွေလုပ်ပါတယ်။

ပထမဦးဆုံး ဒီကာကွယ်ဆေးသည် ဘေးကင်းရဲ့လားဆိုတာကို တိရစ္ဆာန်တွေမှာ စမ်းသပ်ပါတယ်။ စိတ်ချရတယ်၊ ရောဂါကို ကာကွယ်နိုင်စွမ်းဖြစ်နိုင်ခြေရှိတယ်ဆိုရင် လူမှာစမ်းသပ်ပါတယ်။ လူမှာစမ်းသပ်တာ အဆင့်(၃)ဆင့် ရှိပါတယ်။ ပထမအဆင့် စမ်းသပ်ရာမှာ ကာကွယ်ဆေးရဲ့ စိတ်ချရမှု၊ ဘေးကင်းလုံခြုံမှုကို ကြည့်ပါတယ်။ ကာကွယ်ဆေးတစ်ခုက ဘယ်လောက်ကောင်းကောင်း စိတ်ချရမှုမရှိဘူး၊ ဘေးထွက်ဆိုးကျိုးတွေ ရှိနိုင်တယ်ဆိုတဲ့ ဆေးမျိုးကို သုံးလို့မရပါဘူး။ စိတ်ချရပြီ၊ ကာကွယ်နိုင်မှုတွေ အသင့်အတင့်ထွက်လာပြီဆိုရင် (Dosage) ဒီကာကွယ်ဆေးကို ဘယ်လောက်ပေးရင် အကောင်းဆုံးရလဒ်ရမလဲ၊ ပေးလိုက်တဲ့ပမာဏမှာ ဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီး တွက်ချက်ထားမှုတွေရှိပါတယ်။ ဒီအပေါ်မှာ မူတည်ပြီး Dosage ကို လူနည်းနည်းမှာ စမ်းသပ်တာဖြစ်ပါတယ်။ စိတ်ချရပြီ၊ Dosage ကို သိပြီဆိုရင် ဒုတိယအဆင့်အနေနဲ့ Volunteer တွေကို လူရာနဲ့ချီပြီး စမ်းသပ်ပါတယ်။ ဘေးထွက်ဆိုးကျိုးတွေရှိသလား၊ ကိုယ်ခံအားတွေ ရော တက်သလား၊ ကာကွယ်ဆေးထိုးပြီးတဲ့အခါ သူ့ရဲ့ ရလဒ်ကိုကြည့်ပါတယ်။ ကာကွယ်ဆေး ထိုးပြီးတဲ့သူမှာ ဘာတွေခံစားရတယ် စသဖြင့် ဖြစ်သမျှတွေကို အကုန်မှတ်တမ်းတင်ပါတယ်။

ဒုတိယအကြိမ်စမ်းသပ်ရာမှာ အသက်အရွယ်၊ ကျား၊ မ ကွဲပြားမှုမရှိစေဘဲ လုပ်ဆောင်ပါတယ်။ အချို့လူတွေကို စမ်းသပ်တဲ့ကာကွယ်ဆေးထိုးပေးပါတယ်။ အချို့လူတွေကို အခြားအန္တရာယ်မရှိတဲ့ ဆေးကို ထိုးပေးပါတယ်။ ဒီလိုနည်းနဲ့ ထိုးတဲ့သူနဲ့ မထိုးတဲ့သူ ဘာတွေကွာခြားသလဲ ဆိုတာကို နှိုင်းယှဉ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကောက်ချက်ချပါတယ်။ ကာကွယ်ဆေးသည် ထိရောက်တယ်၊ ဘေးထွက်ဆိုးကျိုးတွေက ဘယ်လိုရှိတယ်၊ ထိုးနှံတဲ့သူထဲမှာ ဘယ်လောက်က ရောဂါပိုးကူးစက်ခံရတဲ့အဆင့်ရောက်တယ်၊ မထိုးနှံတဲ့သူ ဘယ်လောက်က ရောဂါဖြစ်တယ် စသဖြင့် ဒါတွေကို ကြည့်ပါတယ်။ ဒါကအဆင့်(၂)ဖြစ်ပြီး ရောဂါပိုးကူးစက်မခံရတဲ့ သူတွေကို စမ်းသပ်တာဖြစ်ပါတယ်။

### အဆင့်(၃)

အဆင့်(၃)က လူတွေ ထောင်နဲ့သောင်းနဲ့ချီပြီး စမ်းသပ်ပါတယ်။ တချို့တွေကို ကာကွယ်ဆေး ထိုးပေးပါတယ်။ တချို့တွေကို မထိုးပေးပါဘူး။ ဒီအဆင့်မှာ စိတ်ချရမှုလည်း ကြည့်ပါတယ်။ ကာကွယ်ဆေးရဲ့ ထိရောက်မှုကို ကြည့်ပါတယ်။ ထိုးနှံတဲ့သူတွေမှာ ဘယ်လောက်အထိ ကာကွယ်နိုင်မှုရသလဲ၊ ဘယ်လောက်အထိ အန္တရာယ်ကင်းသလဲကို ကြည့်ပါတယ်။ စိတ်ချရတဲ့ အနေအထားဖြစ်ပြီဆိုရင် နောက်ထပ်အဆင့်တွေဖြစ်တဲ့ ကာကွယ်ဆေးရဲ့ ဘေးကင်းလုံခြုံမှု၊ စိတ်ချရမှု၊ ထိရောက်မှု၊ ကာကွယ်ဆေးနဲ့ဆိုင်တဲ့ အဖွဲ့အစည်းတွေက ဒါကို အသိအမှတ်ပြုနိုင်ခြင်း ရှိ/မရှိ၊ ပြည်သူ့ကျန်းမာရေးနဲ့ ပတ်သက်တဲ့ မူဝါဒချမှတ်သူတွေက ကာကွယ်ဆေးကို ထိုးနှံခွင့် ပေးသင့်/ မပေးသင့် ဒါတွေကို ဆုံးဖြတ်ပါတယ်။ စိတ်ချရပြီ၊ ကာကွယ်ဆေးထိုးနှံပေးပြီဆိုရင် ဘယ်လို နောက်ဆက်တွဲတွေဖြစ်သလဲဆိုတာကို စောင့်ကြည့်ပါတယ်။

**ကာကွယ်ဆေးထိုးတဲ့အခါ အကြိမ်ပြည့်ထိုးပါ။ စနစ်တကျ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းတွေကို လိုက်နာပြီးထိုးနှံပါ။ ကာကွယ်ဆေးထိုးနှံဖို့ စီစဉ်ပေးရတဲ့ တာဝန်ရှိသူတွေအနေနဲ့ ကာကွယ်ဆေးထိုးနှံသူတွေ အန္တရာယ်ကင်းရှင်းစေဖို့၊ ကူးစက်မှုမရှိစေဖို့ စနစ်တကျဆောင်ရွက်ပေးကြဖို့ လိုအပ်ပါတယ်။ ကာကွယ်ဆေးတွေ များများထိုး၊ မြန်မြန်ကာကွယ်ပြီး ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး အစရှိတဲ့ ကဏ္ဍအသီးသီးမှာ သူများထက်နောက်ကျ မကျန်ခဲ့ဖို့၊ အမီလိုက်နိုင်ဖို့လို**

ဒါ့အပြင် ကာကွယ်ဆေးက ဘယ်လိုလူတွေမှာ ထိုးနှံရင် အကောင်းဆုံးရလဒ်ကို ရမလဲ ဆိုတာတွေကိုကြည့်ပါတယ်။ စိတ်ချရတဲ့အဆင့်ရပြီ ဆိုမှသာ ကာကွယ်ဆေးနဲ့သက်ဆိုင်တဲ့ အဖွဲ့အစည်း၊ WHO နဲ့ ဆိုင်တဲ့အဖွဲ့အစည်းတွေက အဆင့်ဆင့်ပြန်ပြီး အကဲဖြတ်စစ်ဆေးပြီး ဒီကာကွယ်ဆေးသည် အရေးပေါ်အသုံးပြုခွင့် ပေးသင့်တဲ့ ကာကွယ်ဆေး ဟုတ်/မဟုတ် ဆုံးဖြတ်တာဖြစ်တဲ့အတွက် အဆင့်တိုင်းမှာ မှတ်ကျောက်တင်ခံနိုင်တဲ့ ကာကွယ်ဆေးတွေ ကိုသာ WHO က အသိအမှတ်ပြုတာဖြစ်ပါတယ်။ WHO က အသိအမှတ်ပြုပြီးတဲ့ ကာကွယ်ဆေးတွေကိုပဲ အသုံးပြုတာဖြစ်တဲ့အတွက် ပြည်သူ လူထုအနေနဲ့ စိတ်ချယုံကြည်စွာ ထိုးနှံနိုင်တယ် ဆိုတာကို ပြောကြားလိုပါတယ်။

**အစီအစဉ်မှူး။** ။ ဖြည့်စွက် ပြောကြား လိုတာရှိရင် ပြောကြား ပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး။** ။ ကာကွယ်ဆေး တွေရဲ့ အာနိသင်ထက်မြက်မှု၊ ဘေးကင်းလုံခြုံမှု၊ စိတ်ချရမှုကို သံသယမရှိပါနဲ့။ တချို့တွေက ကာကွယ်ဆေးထိုးနှံဖို့ အဟန့်အတားလုပ်နေတာတွေ ရှိပါတယ်။ ကာကွယ်ဆေးထိုးပြီးတဲ့သူတွေမှာလည်း ပိုးကူးစက်ခံရတယ် စသဖြင့် ဒါမျိုးတွေ ပြောနေကြတာလည်းရှိပါတယ်။ ကာကွယ်ဆေးတစ်ခု ထိုးနှံပြီး ကာကွယ်နိုင်မှု ဘယ်တော့ရသလဲဆိုရင် နှစ်ကြိမ်ထိုးရတဲ့ ကာကွယ်ဆေးမှာ နှစ်ကြိမ်အပြည့်ထိုးပြီး နှစ်ပတ်အကြာနောက်ပိုင်းမှာ ကာကွယ်နိုင်မှုရပါတယ်။ တစ်ကြိမ်ထိုးပြီးရုံနဲ့ ကာကွယ်နိုင်မှုမရပါဘူး။ နှစ်ကြိမ်ထိုးပြီးပြီးချင်းလည်း ကာကွယ်နိုင်မှုမရပါဘူး။

**ကာကွယ်ဆေးထိုးတဲ့အခါ အကြိမ်ပြည့်ထိုးပါ။ စနစ်တကျ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းတွေကို လိုက်နာပြီးထိုးနှံပါ။ ကာကွယ်ဆေးထိုးနှံဖို့ စီစဉ်ပေးရတဲ့ တာဝန်ရှိသူတွေအနေနဲ့ ကာကွယ်ဆေးထိုးနှံသူတွေ အန္တရာယ်ကင်းရှင်းစေဖို့၊ ကူးစက်မှုမရှိစေဖို့ စနစ်တကျဆောင်ရွက်ပေးကြဖို့လိုအပ်ပါတယ်။ ကာကွယ်ဆေးတွေ များများထိုး၊ မြန်မြန်ကာကွယ်ပြီး ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး အစရှိတဲ့ ကဏ္ဍအသီးသီးမှာ သူများထက်နောက်ကျမကျန်ခဲ့ဖို့၊ အမီလိုက်နိုင်ဖို့ လိုပါတယ်။**

ဒီလို အမီလိုက်နိုင်ဖို့ဆိုတာက လက်ရှိဖြစ်ပေါ်နေတဲ့ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုကို အမြန်ဆုံး ထိန်းချုပ်နိုင်ဖို့လိုပါတယ်။ လက်ရှိ တတိယလှိုင်းဖြစ်ပွားမှုက အတော်ကြီးကို ထိန်းချုပ်နိုင်တဲ့ အခြေအနေကို ရောက်ရှိနေပြီဖြစ်တဲ့အတွက် ပြည်သူတွေ ဒီအခြေအနေကောင်းကို လက်လွတ်မခံဘဲ ဆက်ပြီးရောဂါဖြစ်ပွားမှုတွေကို ထိန်းချုပ်နိုင်ဖို့၊ ရောဂါဖြစ်ပွားမှုတွေကနေ အမြန်ဆုံး ကင်းလွတ်နိုင်ဖို့ အားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှု လိုပါတယ်။

ကိုဗစ် – ၁၉ ရောဂါ စည်းကမ်းတွေကို လိုက်နာမယ်၊ ကာကွယ်ဆေးထိုးနှံခွင့်ရတဲ့ သူတွေက အမြန်ဆုံးထိုးနှံမယ်ဆိုရင် မကြာခင်အချိန်အတွင်းမှာ မြန်မာနိုင်ငံက ကိုဗစ် – ၁၉ ရောဂါ အန္တရာယ်ကနေ ကောင်းစွာထိန်းချုပ်နိုင်ပြီး ပုံမှန်လူနေမှုဘဝတွေ အမြန်ဆုံးစတင်နိုင်မှာဖြစ်ပါတယ်။ အသက်ဝဝ ရှူနိုင်တဲ့နေ့ ရောက်ရှိနိုင်ဖို့ဆိုတာ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းစီ အားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုလိုပါတယ်။ နှမ်းတစ်စေ့နဲ့ ဆီမဖြစ်ပေမယ့် ဆီဖြစ်တဲ့အထဲမှာ နှမ်းတစ်စေ့စီရဲ့ အားထုတ်ကြိုးပမ်းမှုတွေ ပါဝင်တာမို့ ကျွန်မတို့အတူ စုပေါင်းပြီး ကြိုးစားအားထုတ်ကြဖို့ တိုက်တွန်းလိုပါတယ်။ **ကျေးဇူးတင်ပါတယ်ရှင်။**

# အမေရိကန်နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် သမ္မတ ဂျိုးဘိုင်ဒင် ပြောကြား

**ဝါရှင်တန် ဩဂုတ် ၂၄**
အမေရိကန်နိုင်ငံအတွင်း လက်ရှိအချိန်၌ ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာသဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု မခံယူရသေးသော အမေရိကန်နိုင်ငံသားများအား ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယမန်နေ့တွင် ပြောကြားသည်။

Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ သုံးစွဲရန် ထောက်ခံချက်ပေးခဲ့ပြီးနောက် ယခု ဂျိုးဘိုင်ဒင်၏ ပြောကြားချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ယခုအချိန်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံရန် အချိန်ကျရောက်နေပြီဖြစ်သဖြင့် ယနေ့မှစတင်၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် ပြည်သူများအား ၎င်းက တိုက်တွန်းသည်။

အမေရိကန်တပ်မတော်ရှိတပ်ဖွဲ့ဝင်အားလုံးအား အမေရိကန် အစားအသောက်နှင့် ဆေးဝါးဌာနမှ ထောက်ခံချက်ပေးထားသော Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ထိုးနှံပေးသွားရန် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်မှ သတင်းထုတ်ပြန်ရေးတာဝန်ခံ ဂျွန်ကာဘီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ပြီးခဲ့သော သီတင်းပတ်များအတွင်းက နိုင်ငံအတွင်းရှိ အလုပ်သမားများ၊ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူရမည်ဖြစ်ကြောင်း အမေရိကန်အစိုးရက စည်းမျဉ်းချမှတ်ခဲ့သည်။ နိုင်ငံအတွင်းရှိ လူဦးရေ၏ ၅၁ ဒသမ ၅ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြည့်အဝ ထိုးနှံမှုခံယူပြီးစီးကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**






# အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သန်းကျော်ရှိလာ

**ဂျေရုဆလင် ဩဂုတ် ၂၄**
အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၀၅၅၁၁ ဦးရှိလာကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

အစ္စရေးနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် တစ်သန်းကျော်ရှိသော ၃၅ နိုင်ငံမြောက် နိုင်ငံဖြစ်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ပထမဆုံးကူးစက်ခံရသူမှာ ယမန်နှစ် ဖေဖော်ဝါရီ ၂၇ ရက်က အီတလီနိုင်ငံမှ ပြန်လာသော အစ္စရေးလူမျိုးတစ်ဦးဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၈၆၄ ဦးရှိလာပြီး ရောဂါပြင်းထန်စွာ ခံစားနေရသူ ၆၇၈ ဦးရှိသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၉၂၆၀၇၅ ဦးရှိသည်။ နိုင်ငံအတွင်းရှိ ၅ ဒသမ ၉ သန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးစီးခဲ့ပြီး ၅ ဒသမ ၄၅ သန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပြီးစီးခဲ့ကာ ၁ ဒသမ ၅၇ သန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတတိယအကြိမ် ထိုးနှံပြီးစီးပြီးဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူလေးသောင်းကျော်ရှိ

**တီဟီရန် ဩဂုတ် ၂၄**
အီရန်နိုင်ငံ၌ ဩဂုတ် ၂၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၆၂၃ ဦးရှိကြောင်းနှင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၇၅၆၃၉၄ ဦးရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ထို့ပြင် အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၃၉၉၃၂၁၁ ဦးရှိကြောင်းနှင့် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူ ၇၇၂၇ ဦးရှိကြောင်း သိရသည်။

အီရန်နိုင်ငံ၌ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးသူ ၁၇၂၃၃၆၆၁ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၆၄၇၆၇၇၃ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးသူ စုစုပေါင်း ၂၈၀၉၃၅၈၇ ဦးရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်တက်နေသည့်အတွက် အီရန်နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်ရန်နှင့် ကျန်းမာရေးအခြေအနေတိုးတက်မှုရှိရန်မှာ အစိုးရ၏ ပထမဦးစားပေးဖြစ်ကြောင်း အီရန်သမ္မတ အီဘရာဟင်ရေစီက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**





# မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၈၃၇ ဦးရှိ

**ကွာလာလမ်ပူ ဩဂုတ် ၂၄**
မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၈၃၇ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၅၉၃၆၀၂ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်သည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၈၃၇ ဦးအနက် ၂၀၈၁၅ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၂၂ ဦးသည် ပြည်ပမှပြန်လာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နော်ဟစ်ရှမ်အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၁ ဦးထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၄၅၅၃ ဦးရှိလာကြောင်း သိရသည်။ ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၈၆၁၃ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၃၁၆၃၃၆ ဦးရှိလာကြောင်းနှင့် ယင်းအရေအတွက်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း၏ ၈၂ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၂၆၂၇၁၃ ဦးရှိကြောင်း၊ ယင်းတို့အနက် ၁၀၆၃ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၅၁၁ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများလိုအပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၂ ဒသမ ၄၇ သန်းကျော်ရှိလာ

**နယူးဒေလီ ဩဂုတ် ၂၄**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၄၆၇ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၂၄၇၄၇၇၃ ဦးရှိလာကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၅၄ ဦးရှိပြီး တစ်နိုင်ငံလုံး အတိုင်းအတာအရ သေဆုံးသူပေါင်း ၄၃၅၁၁၀ ရှိလာကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာစုစုပေါင်း ၃၁၉၅၅၁ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက် အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံ အသီးသီးမှ ဆင်းခွင့်ရရှိသူ ၃၉၄၈၆ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၁၇၂၀၁၁၂ ဦးရှိလာ ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ အိန္ဒိယနိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါမှပြန်လည်ကျန်းမာလာသူ နှုန်းသည် ၉၇ ဒသမ ၆၈ ရာခိုင်နှုန်းရှိကြောင်းနှင့် ၂၀၂၀ ပြည့်နှစ် မတ်လနောက်ပိုင်း အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**





# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၈၃၃ ဦးရှိ

**မော်စကို ဩဂုတ် ၂၄**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၈၃၃ ဦးရှိခြင်းကြောင့် နိုင်ငံ တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၆၇၈၅၃၇၄ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ယနေ့တွင် ပြောကြားသည်။

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၉၄ ဦးရှိပြီး နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ ပေါင်း ၁၇၇၆၁၄ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၈၆၃၆ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၆၀၅၃၅၀၃ ဦးရှိလာ ကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၀၅ ဦးရှိခြင်းကြောင့် မြို့တော် တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၅၅၇၃၈၇ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံ၌ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၆၈၄၂ ဦးရှိလာ

**ဆိုးလ် ဩဂုတ် ၂၄**

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သောရက်သတ္တပတ် အတွင်း ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၀၆၂ ဦး ကို တွေ့ရှိရသဖြင့် နိုင်ငံအတွင်း ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၁၆၈၄၂ ဦးရှိလာကြောင်း ကျန်းမာ ရေးတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

အဆိုပါ ဗိုင်းရပ်စ်ထပ်မံကူးစက်ခံရသူများ အနက် ၁၆၃ ဦးမှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ များဖြစ်ပြီး ၂၈၉၉ဦးမှာ ပြည်တွင်းတွင် ဗိုင်းရပ်စ်ကူးစက် ခံရသူများဖြစ်ကြောင်း တောင်ကိုရီးယား ရောဂါ ပိုးမွှားထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီမှ ပြောကြားသည်။ အဆိုပါ ဗီဇပြောင်းဗိုင်းရပ်စ် ထပ်မံ ကူးစက်ခံရသူ ၃၀၆၂ ဦးအနက် ၃၀၃၃ ဦးမှာ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူများဖြစ် ပြီး ၂၉ ဦးမှာ အယ်လ်ဖာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက် ခံရသူများဖြစ်သည်။

ယခုလက်ရှိတွင် နိုင်ငံအတွင်း ဗီဇပြောင်းဗိုင်း ရပ်စ်ကူးစက်ခံရသူပေါင်း ၁၆၈၄၂ ဦးရှိသည့်အနက် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၃၄၅၄ ဦး၊ အယ်လ်ဖာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက် ခံရသူ ၃၂၁၇ ဦး၊ ဘီတာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက် ခံရသူ ၁၄၉ ဦးနှင့် ဂန်မာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက် ခံရသူ ၂၂ ဦးရှိကြောင်း သိရသည်။ ထို့ပြင် နိုင်ငံအတွင်း ပြီးခဲ့သော တစ်ရက်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၀၉ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၃၉၂၈၇ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**




# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လေးသန်းကျော်ရှိလာ

**ဂျကာတာ ဩဂုတ် ၂၄**

အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လေးသန်းကျော်ရှိ လာကြောင်း သိရသည်။

**သေဆုံးသူပေါင်း ၁၂၈၂၅၂ ဦးရှိ**

နိုင်ငံအတွင်း လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၁၀၆ ဦးကို ထပ်မံတွေ့ရှိရသဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၀၀၈၁၆၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီး ဌာနက ပြောကြားသည်။ အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကြောင့် ၁၀၃၈ ဦး ထပ်မံသေဆုံးသဖြင့် အဆိုပါရောဂါကြောင့် သေဆုံးသူ ပေါင်း ၁၂၈၂၅၂ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် နိုင်ငံအတွင်းရှိ ၃ ဒသမ ၆ သန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြား သည်။ အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူဦးရေနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူဦးရေ အမြင့်မားဆုံးနိုင်ငံဖြစ်သည်။ နိုင်ငံ၏ ပြည်နယ် ၃၄ ခု၌ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါပျံ့နှံ့လျက်ရှိပြီး မြို့တော်ဂျကာတာတွင် ရောဂါကူးစက် မှုအများဆုံးတွေ့ရှိရကာ အလယ်ပိုင်းဂျာဗားဒေသသည် အဆိုပါရောဂါ ကြောင့် သေဆုံးသူဦးရေ အမြင့်ဆုံးဖြစ်သည်။

လက်ရှိအချိန်တွင် အစိုးရအနေဖြင့် အဆင့် ၄ ဆင့်ရှိသော အသွား အလာကန့်သတ်မှုများကို လူဦးရေထူထပ်သော ဂျာဗားကျွန်းနှင့် ခရီး သည်များ လာရောက်အပန်းဖြေရာ ဘာလီကျွန်းအပါအဝင် ၎င်းကျွန်း နှစ်ခု၏ အနီးဝန်းကျင်ရှိပြည်နယ်အချို့တွင် ဩဂုတ် ၃၀ ရက်အထိ ချမှတ် ထားသည်။

**အဆင့် ၃ သို့ လျှော့ချ**

သို့ရာတွင် ပြီးခဲ့သောလအတွင်းက ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာခြင်းနှင့်အတူ အဆိုပါဗိုင်းရပ်စ် ကြောင့် သေဆုံးမှုနှုန်း စံချိန်တင်မြင့်တက်ခဲ့သည်။ မဟာဂျကာတာ ဒေသ၊ ဘန်ဒေါင်းဒေသ၊ ဆူရာဘာယာဒေသတို့တွင် ချမှတ်ထားသော အသွားအလာကန့်သတ်မှုအဆင့် ၄ မှ အဆင့် ၃ သို့ လျှော့ချသတ်မှတ် လိုက်ကြောင်း ယမန်နေ့က ရုပ်မြင်သံကြားမှ ပြုလုပ်သောအစည်းအဝေး တွင် သမ္မတဂျိုကိုဝီဒိုဒိုက ပြောကြားသည်။

အသွားအလာကန့်သတ်မှုအဆင့် ၄ သတ်မှတ်ထားဆဲဖြစ်သည့် အချို့ဒေသများတွင်ဖွင့်လှစ်သည့် ဈေးဝယ်စင်တာများနှင့်စားသောက် ဆိုင်များကို လာရောက်ဝယ်ယူသူဦးရေ ကန့်သတ်ခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းများကို လိုက်နာစေ၍ ပြန်လည် ဖွင့်လှစ်ခွင့်ပြုခဲ့သည်။

အသွားအလာကန့်သတ်မှုအဆင့် ၁၊ ၂ နှင့် ၃ အဆင့် သတ်မှတ် ထားသောဒေသများတွင် ပညာသင်ကြားခြင်းကို ကိုဗစ်-၁၉ ရောဂါ ဆိုင်ရာ ကန့်သတ်ချက်များနှင့်အညီ ခွင့်ပြုခဲ့သည်။ အင်ဒိုနီးရှားအစိုးရ အနေဖြင့် လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပြီးစီးသူ ၅၈ ဒသမ ၄၆ သန်းရှိပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပြီးစီးသူ ၃၂ ဒသမ ၆၄ သန်းရှိကာ အစိုးရအနေဖြင့် ၂၀၈ ဒသမ ၂ သန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**


| ကမ္ဘာ့တစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၂၁၃၅၁၉၆၅၅ ဦး | ၄၄၅၇၈၆၆ ဦး | ၁၉၁၀၈၀၂၀၄ ဦး |

# ကလေးမြို့တွင် CDM ပြုလုပ်ပြီး အကြမ်းဖက် NUG နှင့် ဆက်သွယ်လှုပ်ရှားခဲ့သည့် ကျောင်းဆရာမဟောင်း ပုံခမ်းကျယ် အပါအဝင် လေးဦးအား ဖမ်းဆီးရမိ

**နေပြည်တော်　သြဂုတ် ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ စံသာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး CDM ပြုလုပ်ခဲ့သူ ပုံခမ်းကျယ်နှင့် အခြား CDM ပြုလုပ်နေသူ ကျောင်းဆရာ ဆရာမများဖြစ်ကြသည့် အောင်ငြိမ်းချမ်း၊ သန်းသန်းစိုး၊ စန်းကိန်တို့ သုံးဦးအား ကလေးမြို့ တပ်ဦးသီတာရပ်ကွက် အိမ်အမှတ်(၈/၂၁)၌ သြဂုတ် ၁၄ ရက် မွန်းလွဲပိုင်းတွင် တွေ့ရှိဖမ်းဆီးစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ဖမ်းဆီးရမိတရားခံ ပုံခမ်းကျယ်သည် NLD ပါတီမှ ရှားမီး (၂၀၁၅ ခုနှစ်၊ ကလေးမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ သန့်ဝေကျော် (၂၀၁၅ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ်ဟောင်း)တို့၏ ညွှန်ကြားချက်ဖြင့် ကလေးမြို့နယ်အတွင်းရှိ CDM ဝန်ထမ်းစာရင်းများ ကောက်ယူကာ CDM ဝန်ထမ်း ၁၅၄ ဦး ခန့်အတွက် မတ်လမှဇွန်လအထိ တစ်ဦးလျှင်တစ်လ ကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းကျပ် ၁၄၄၀၀၀၀၀ ကို ထောက်ပံ့ပေးခဲ့ကြောင်း၊ ၎င်းငွေများအား သန့်ဝေကျော်က အလှူခံကာ ပေးပို့ခြင်းဖြစ်ကြောင်း။

ထို့အပြင် ပုံခမ်းကျယ်သည် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG အဖွဲ့ဝင်များဖြစ်သည့်




ရည်မွန်၊ ခင်မမမျိုး၊ နိုင်ကောင်းရွက်တို့နှင့် Zoom Meeting များတွင် ပါဝင်ခဲ့ပြီး NUG ၏ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အချို့ ပါဝင်သော အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဖွဲ့စည်းရေးတွင် PDF များအတွက် သင်တန်းစီစဉ်ဖွင့်လှစ်ရန်၊ တပ်စုဖွဲ့မှုဆောင်ရွက်ရန်၊ လက်နက်တပ်ဆင်ပေးရန်တို့ကို ဆွေးနွေးခြင်း၊ ၎င်းတို့ဖွဲ့စည်းမည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ကွပ်ကဲမှုအောက်တွင် တပ်မဟာ (၅/၆/၇)တို့အား ဖွဲ့စည်းရန်နှင့် CNF နယ်မြေတွင် ဌာနချုပ် အဆောက်အအုံဆောက်လုပ်ရန်၊ CNF ထံတွင် စစ်သင်တန်း(နည်းပြ) ဖွင့်လှစ်သင်ကြားပြီး ဆင့်ပွားသင်တန်းအား နေရာ ၁၂ နေရာခွဲ၍ ဖွင့်လှစ်ရန်တို့ကို ပါဝင်ဆွေးနွေးခြင်း၊ PDF များ၏ သင်တန်းဆင်းပွဲများသို့ တက်ရောက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

ကျန်ဆရာ ဆရာမ သုံးဦးဖြစ်သည့် အောင်ငြိမ်းချမ်း၊ သန်းသန်းစိုးနှင့် စန်းကိန်တို့သည် CDM တွင် ပါဝင်လှုပ်ရှားခြင်း၊ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသည့် ဆူပူဆန္ဒပြမှုများတွင် ပါဝင်ခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG ထံမှ ထောက်ပံ့ငွေရယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ပုံခမ်းကျယ်နှင့် ဆက်စပ်တရားခံ သုံးဦးတို့အား နိုင်ငံသားအစုအဖွဲ့ကိုဖြစ်စေ၊ အများပြည်သူကိုဖြစ်စေ၊ ကြောက်ရွံ့စေလျှင်၊ သို့မဟုတ် ကြောက်ရွံ့စေရန် ကြံရွယ်ခဲ့သောကြောင့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က အရလည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG နှင့် ဆက်သွယ်ဆောင်ရွက်မှုကြောင့် မတရားအသင်းဥပဒေ ပုဒ်မ-၁၇(၁) အရလည်းကောင်း အမှုဖွင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


တရားခံ နေလင်း


တရားခံ ထက်အောင်ခန့်


တရားခံ ဟိန်းမင်းမင်းထက်


တရားခံ ပြည့်စုံအောင်


တရားခံ စိုးအောင်


တရားခံ အာကာအောင်

**☆ ကျောဖုံးမှ**
အခြား ဆက်စပ်ပစ္စည်းများကို ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် သြဂုတ်လ ၁၄ ရက်တွင် ဖြစ်စဉ်နှင့် ဆက်စပ်သူများဖြစ်သည့် **ထက်အောင်ခန့်**ကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၇)ရပ်ကွက် အမှတ်(၇၃၁)၌ လည်းကောင်း၊ **အာကာအောင်(ခ) အာကာ**ကို (၃၅)ရပ်ကွက် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းအနီး၌ လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ထက်အောင်ခန့်၏ ထွက်ဆိုချက်အရ ဇွန်လ ၂၇ ရက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးအား ပစ်ခတ်ခဲ့သူ **Lion** (ဖမ်းဆီးရန်ကျန်)ထံသို့ ပစ်ခတ်ရန် သေနတ်အား NUG အဖွဲ့ဝင် **ချစ်ထွေး(ခ) အီသန်** (ဖမ်းဆီးရန်ကျန်)ထံမှ ချိတ်ဆက်ရယူပေးခဲ့ရာတွင် ၎င်းအနေဖြင့် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ဒဂုံမြို့သစ်(မြောက်ပိုင်း) နှင့် (တောင်ပိုင်း) မြို့နယ်များအတွင်း ဖောက်ခွဲမှု (၅) ကြိမ် ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး ဇွန်လ ၁၉ ရက်တွင် (၄၇) ရပ်ကွက်ရှိ နေအိမ်တစ်လုံးရှေ့ ခြံစည်းရိုးတွင် လက်လုပ်ဗုံး တစ်လုံးကို လည်းကောင်း၊ ဇူလိုင်လ ၆ ရက်တွင် (၄၀) ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် မင်းရဲကျော်စွာ လမ်းထောင့်ရှိ အမှိုက်ပုံးတွင် လက်လုပ်ချိန်ကိုက်ဗုံး တစ်လုံးကိုလည်းကောင်း၊ ဇူလိုင်လ ၁၆ ရက်တွင် (၃၇) ရပ်ကွက် ပြည်ထောင်စုလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၌ လက်လုပ်ဗုံး တစ်လုံးကိုလည်းကောင်း၊ သြဂုတ်လ ၅ ရက်တွင် (၃၅) ရပ်ကွက်ရှိ "မြိုင်မဟာ" လက်ဖက်ရည်ဆိုင်၌ လက်လုပ်ဗုံး တစ်လုံးကိုလည်းကောင်း၊ သြဂုတ်လ ၈ ရက်တွင် (၅၅)ရပ်ကွက် လှော်ကားလမ်းနှင့် ရောဝဏ်လမ်းထောင့်၌ ဆိုင်ကယ် တူးဘောက်အတွင်း လက်လုပ်ဗုံး တစ်လုံးကို တပ်ဆင်၍လည်းကောင်း ဖောက်ခွဲမှုများ ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထိုသို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့သူများအား ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် လုပ်ကြံသတ်ဖြတ်ရန် လက်နက်ထုတ်ပေးခဲ့သည့် NUG အဖွဲ့ဝင် ချစ်ထွေး(ခ) အီသန်၊ အုပ်ချုပ်ရေးမှူးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် Lion နှင့် အခြားဆက်စပ် တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားကြရန်နှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ငွေကျပ် သိန်း ၆၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော်　သြဂုတ် ၂၄**
ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင် ငွေကျပ် သိန်း ၆၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။


ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သြဂုတ် ၂၂ ရက် ညနေ ၄ နာရီခန့်တွင် လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက် ဦးစလမ်း အိမ်အမှတ်(၇၈/၇)ရှိ ထွန်းရွှေ(ခ)အားတီ(၄၉)နှစ်၏ နေအိမ်ကိုသတင်းအရ ရှာဖွေရာ ၎င်းနှင့်အတူ ထွန်းထွန်းအေး(၄၈)နှစ်ကို စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀၊ Mark II Saloon မော်တော်ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများပိုင်ရှင် မနာရှီးဘို(ခ)မလားဟူ(၃၈)နှစ်၊ ထွန်းမောင်(၄၅)နှစ်တို့ကို ညနေ ၆ နာရီခွဲခန့်တွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ရပ်ကွက် ပါရမီလမ်း၌ BMW မော်တော်ယာဉ် တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**


ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားအောင် ဆောင်ရွက်နေသူ မိုးညှင်းမြို့နယ် NLD ပါတီဝင် သက်ထားနှောင်း (ခ) သက်သူဇာခိုင်အား ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားမြို့၌ ဖမ်းဆီးရမိ

၂၀၂၁ ခုနှစ် ဩဂုတ်လ ၄ ရက်တွင် မိုးညှင်းမြို့နယ်၊ နန်းမားမြို့၌ ဖမ်းဆီးရမိခဲ့သည့် မိုးညှင်းမြို့နယ်၊ NLD ပါတီဝင် သက်ထားနှောင်း အပါ ၃ ဦး၏စစ်ကြောရရှိချက် Diagram




**နေပြည်တော်  ဩဂုတ်  ၂၄**

တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားရေးဆောင်ရွက်နေသူ ရာဇသတ်ကြီးပုဒ်မ-၅၀၅(က)ဖြင့် အမှုဖွင့်လှစ်ထားပြီး ထွက်ပြေးတိမ်းရှောင်လျက်ရှိသော မိုးညှင်းမြို့နယ် NLD ပါတီဝင် သက်ထားနှောင်း(ခ)သက်သူဇာခိုင်ကို ဩဂုတ် ၄ ရက်တွင် မိုးညှင်းမြို့နယ် နန်းမားမြို့ ညောင်ကုန်းရပ်ကွက် အိမ်အမှတ်(၁၄)ရှိ သစ္စာရှင်အထည်ဆိုင်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ သက်ထားနှောင်း၏ ထွက်ဆိုချက်အရ KIA သောင်းကျန်းသူအဖွဲ့ထံသို့ ဆန်နှင့်စားသောက်ကုန်များ ပို့ဆောင်ပေးသူများဖြစ်သည့် KIA အဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိ တူးမိုင်နှင့် သန်းကြိုင်တို့ နှစ်ဦးကို ဩဂုတ် ၁၄ ရက်တွင် ဟိုပင်မြို့ နတ်ကြီးကုန်းရပ်ကွက်ရှိ သန်းကြိုင်၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

သက်ထားနှောင်း၏ ထွက်ဆိုချက်အရ ၎င်းသည် ပူတာအိုမြို့နယ် NLD ပါတီဝင် ဒိန်ခန်ဖုန်(ခ)ခန်လင်နှင့်အတူ တရားမဝင် အဖွဲ့အစည်းဖြစ်သည့် ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing of Kachin State Hluttaw–CRKH)အဖွဲ့ကို ဖေဖော်ဝါရီ ၈ ရက်တွင် အဖွဲ့ဝင် ၂၁ ဦးဖြင့် လည်းကောင်း၊ မိုးညှင်းမြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ကို မတ် ၄ ရက်တွင် အဖွဲ့ဝင် ၂၇ ဦးဖြင့် လည်းကောင်း၊ မိုးညှင်းမြို့နယ်အတွင်းရှိ PDF အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်ရန် KIA တပ်မဟာ(၈)ထောက်ပံ့ရေးအဖွဲ့(TMH–8 Support Team)အဖွဲ့ကို အဖွဲ့ဝင် ၁၀ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ပြီး အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG နှင့် CRPH တို့၏ ပံ့ပိုးကူညီမှုဖြင့် KIA သောင်းကျန်းသူနယ်မြေအတွင်း အကြမ်းဖက်သင်တန်းဖွင့်လှစ်နိုင်ရန် ဆောက်ရွက်ခဲ့ကြောင်း။

သက်ထားနှောင်းသည် KIA သောင်းကျန်းသူအဖွဲ့နယ်မြေအတွင်းရှိ PDF အဖွဲ့များ သင်တန်းတက်ရောက်နိုင်ရန်နှင့် အကြမ်းဖက်လုပ်ငန်းများအား ဆောင်ရွက်နိုင်စေရန် လိုအပ်သောရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများကို ချိတ်ဆက်ဝယ်ယူပို့ဆောင်ခြင်းအား အဓိကတာဝန်ယူဆောင်ရွက်ခဲ့ပြီး လိုအပ်သောငွေကြေးထောက်ပံ့မှုအား NLD ပါတီဝင်များဖြစ်သည့် အကြမ်းဖက်အဖွဲ့အစည်း CRPH အဖွဲ့ဝင် ဖြူဖြူသင်း (၂၀၁၂ ခုနှစ် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ NUG အဖွဲ့ဝင် ရွှေပုံ(၂၀၁၅ ခုနှစ် ပဲခူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ တင်အေး(၂၀၁၅ ခုနှစ် မိုးညှင်းမြို့နယ် အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ မင်းဆွေနိုင်(၂၀၁၅ ခုနှစ် မိုးညှင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ ကျော်စွာဝင်း (ကသာမြို့နယ် NLD ပါတီဝင်)၊ ဝင်းဇော် (၂၀၁၅ ခုနှစ် ကသာမြို့နယ် မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ မျိုးကျော် (မိုးညှင်းမြို့နယ် NLD ပါတီဝင်)၊ ခင်နှင်းထွေး (မိုးညှင်းမြို့နယ် NLD ပါတီဝင်)၊ ခင်မကြီး(၂၀၁၅ ခုနှစ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ မိုးညှင်းမြို့နေ ကျော်ခိုင်ဝင်း၊ ဝေယံနှင့် ဟိုပင်မြို့နေ မချိုတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ကြောင်း။

သက်ထားနှောင်းသည် ဇူလိုင် ၂၅ ရက်တွင် NLD ပါတီမှ ဝင်းနိုင် (၂၀၁၅ ခုနှစ် မိုးကောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)နှင့် ဖြူဖြူသင်း အပါအဝင် NLD ကိုယ်စားလှယ်များနှင့် တရားမဝင်ဖွဲ့စည်းထားသော ကချင်အမျိုးသားနိုင်ငံရေး ညှိနှိုင်းဖြေရှင်းရေးအဖွဲ့(Kachin Political Interim Coordination Team–KPICT) တို့ဖြင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Zoom Meeting ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့ပြင် ဇွန် ၂၉ ရက်တွင် Signal Application မှတစ်ဆင့် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များအလိုက် တရားမဝင်ဖွဲ့စည်းထားသည့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပအဖ)၊ ပြည်သူ့လုံခြုံရေးအဖွဲ့(ပလဖ)၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပကဖ)တို့၏ လက်ရှိဆောင်ရွက်နေမှုအခြေအနေ၊ မြို့နယ်အလိုက် တပ်မတော်၏ ထိန်းချုပ်ထားရှိမှု၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအခြေအနေနှင့် မြို့နယ်အလိုက် PDF အဖွဲ့များ ဖွဲ့စည်းထားမှု၊ နယ်မြေအလိုက် KIA သောင်းကျန်းသူအဖွဲ့များနှင့် ပူးပေါင်းလှုပ်ရှားမှုနှင့် ပတ်သက်သည့်အချက်များကို NUG အဖွဲ့ထံသို့ ပေးပို့ဖြန့်ဝေခဲ့ကြောင်း။

ဖမ်းဆီးရမိသူ တူးမိုင်၏ ထွက်ဆိုချက်အရ ၎င်းသည် KIA သောင်းကျန်းသူအဖွဲ့မှ တပ်မဟာ(၈) ဒုတပ်မဟာမှူးအဆင့်ရှိ အောင်ဂျာ၏ စေခိုင်းချက်အရ ဟိုပင်နှင့် မိုးညှင်းမြို့နယ်များရှိ NLD ပါတီဝင်များနှင့်ချိတ်ဆက်၍ သင်တန်းတက်ရောက်နေသည့် PDF အဖွဲ့များအတွက် ရိက္ခာသယ်ယူပို့ဆောင်ရေးတာဝန်ကို ဆောင်ရွက်လျက်ရှိသည့်အပြင် KIA သောင်းကျန်းသူနယ်မြေအတွင်းသို့ အကြမ်းဖက်သင်တန်းတက်ရောက်မည့် အစွန်းရောက်လူငယ်များကို ပို့ဆောင်ပေးရကြောင်း။

ဖမ်းဆီးရမိသူ သန်းကြိုင်၏ ထွက်ဆိုချက်အရ PDF သင်တန်းတက်ရောက်နေသူများနှင့် KIA သောင်းကျန်းသူအဖွဲ့အတွက် ရိက္ခာသယ်ယူပို့ဆောင်ရာတွင် တူးမိုင်နှင့်အတူ ဆောင်ရွက်ရပြီး ဟိုပင်မြို့ မြို့မမြောက်ရပ်ကွက် အောင်နန်းရပ်ရှိ ဋ္ဌေးလွင်၏ ဆန်စက်တွင် KIA သောင်းကျန်းသူအဖွဲ့ထံသို့ ပေးပို့မည့် ဆန်အိတ်များ ဝယ်ယူသိုလှောင်ထားကြောင်း ဖော်ထုတ်ရရှိသဖြင့် သွားရောက်ရှာဖွေခဲ့ရာ ဆန်အိတ် ၄၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် တူးမိုင်၏ ထွက်ဆိုချက်အရ KIA သောင်းကျန်းသူအဖွဲ့အနေဖြင့် ဩဂုတ်လမှစတင်၍ သင်တန်းဆင်းလူငယ်များကို နေရပ်သို့ ပြန်လည်စေလွှတ်ခြင်းမပြုဘဲ KIA သောင်းကျန်းသူအဖွဲ့၏ လက်အောက်စခန်းများတွင် ဖြန့်ခွဲထားရှိကြောင်းနှင့် ၎င်းတို့အား KIA သောင်းကျန်းသူအဖွဲ့နှင့်ပူးပေါင်း၍ မြို့/ရွာများကို ဖောက်ခွဲဖျက်ဆီးခိုင်းထားကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော CRPH ၊ NUG နှင့် KIA သောင်းကျန်းသူအဖွဲ့တို့၏ လုပ်ဆောင်ချက်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ၏ အကျိုးစီးပွားများအား ပျက်စီးစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် အဆိုပါ အကြမ်းဖက်လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများအား ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝမုန်တိုင်းဘေးအန္တရာယ်ကို ဘယ်လိုကာကွယ်မလဲ



ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)

- ❒ မြန်မာနိုင်ငံတွင် မုန်တိုင်းတွေဟာ ရခိုင်ကမ်းရိုးတန်း မြို့ကြီးတွေကို ဝင်ရောက်တိုက်ခတ်လေ့ရှိခြင်း၊
- ❒ မုန်တိုင်းကြီးတွေ ကျရောက်ပြီဆိုရင် မိုးမကျမီ ဧပြီနဲ့ မေလ၊ မိုးနှောင်း အောက်တိုဘာနဲ့ နိုဝင်ဘာလတွင် ဝင်ရောက်လေ့ရှိခြင်း၊
- ❒ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့မှာ နာဂစ်မုန်တိုင်းကြီးဒဏ်ကို ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်း နှစ်ခုဟာ အလူးအလဲခံရခြင်း၊
- ❒ ဒီသဘာဝမုန်တိုင်းကြီးတွေဘေးအန္တရာယ်က ဘယ်လိုကာကွယ်နိုင်မလဲဆိုတဲ့အချက်တွေနဲ့ ဒီဆောင်းပါးကို စချင်ပါတယ်။

၁၉၉၄ ခုနှစ် မေလ ၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ 'သဘာဝဘေးအန္တရာယ်စုပေါင်းကာကွယ်' ခေါင်းစဉ်နဲ့ မောင်မြင့်ခိုင်ရေးသားတဲ့ဆောင်းပါးကို ကျွန်တော် မြစ်ကြီးနားဒီဂရီကောလိပ်ကျောင်းအုပ်ကြီးဘဝတုန်းက ဖတ်ခဲ့ရပါတယ်။ ဆောင်းပါးရှင်မောင်မြင့်ခိုင်ဟာ သုတေသီ သို့မဟုတ် ပညာရှင်ဖြစ်လိမ့်မယ်လို့ မှတ်ချက်ပြုခဲ့ပါတယ်။ အဲဒီသတင်းစာကို မသိမ်းထားနိုင်ခဲ့ပေမယ့် အလွန်စိတ်ဝင်စားစရာကောင်းတဲ့အတွက် ဒိုင်ယာရီထဲမှာ သေချာမှတ်သားခဲ့ပါတယ်။

၁၉၉၁–၁၉၉၄ ခုနှစ်တွေမှာ ကျွန်တော်ဟာ ဓာတုဗေဒတွဲဖက်ပါမောက္ခ မြစ်ကြီးနားဒီဂရီကောလိပ်ကျောင်းအုပ်ကြီးအဖြစ်နဲ့ မိမိရဲ့ဘဝ ကချင်ပြည်နယ် လူငယ်လူရွယ်တို့ရဲ့ မြင့်မားတဲ့ဘဝသစ်ထူထောင်ဖို့ ကြံ့ကြံ့ကြိုက်ခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်နောက်ပိုင်းမှာ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်တာဝန်ထမ်းဆောင်တဲ့ကာလမှာ ဘူမိဗေဒပညာရှင်တွေရေးသားခဲ့တဲ့ အင်းလေးကန်ဘူမိသွင်ပြင်စာတမ်းအရ ထုံးကျောက် (Lime Stone) မြေသားအခြေခံတဲ့အတွက် အနှစ်တစ်ရာကြာရင် အင်းလေးကန်ကြီး ရေခန်းခြောက်သွားနိုင်တယ်ဆိုတော့လည်း ကျွန်တော်စိတ်ပူခဲ့ပါတယ်။

၂၀၀၅ ခုနှစ်မှာ တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ်တာဝန်မှ အနားယူခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့မှာ နာဂစ်မုန်တိုင်းဒဏ်ကို ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းနှစ်ခုဟာ အလူးအလဲခံရတော့ ၁၉၉၄ ခုနှစ် မေလ ၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ မောင်မြင့်ခိုင်ရဲ့ဆောင်းပါးကို အသည်းအသန်ပြန်လည်ရှာဖွေခဲ့ပါတယ်။

အကြောင်းရင်းက–

မုန်တိုင်းတွေဟာ ရခိုင်ကမ်းရိုးတန်းမြို့ကြီးတွေကို ဝင်ရောက်တိုက်ခတ်လေ့ရှိကြောင်း၊ ၁၈၆၈ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ နှစ်ပေါင်း ၁၁၅ နှစ်အတွင်း ရခိုင်ပြည်နယ်ကို မုန်တိုင်းကြီး ၄၀ ခန့် ဝင်ရောက်ခဲ့ကြောင်း ဆောင်းပါးက ဖော်ပြတဲ့အချက်တွေကို ကျွန်တော်အထူးစိတ်ဝင်စားကာ လေ့လာခဲ့လို့ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၁၅ နှစ်အတွင်း မုန်တိုင်းကြီး ၄၀ ခန့်ဝင်ရောက်ခဲ့တဲ့အနက် အချို့ကိုမောင်မြင့်ခိုင်ရဲ့ဆောင်းပါးအရ အောက်ပါဇယားမှာဖော်ပြဆွေးနွေးချင်ပါတယ်။

| စဉ် | ခုနှစ် | လ | မုန်တိုင်းပမာဏ | ဖြတ်ကျော်သည့်မြို့ |
|---|---|---|---|---|
| ၁ | ၁၈၆၈ | နိုဝင်ဘာ | ကြီး | စစ်တွေ |
| ၂ | ၁၈၈၃ | နိုဝင်ဘာ | လယ် | စစ်တွေ |
| ၃ | ၁၈၈၄ | မေ | ကြီး | စစ်တွေ |
| ၄ | ၁၈၉၅ | ဧပြီ | ကြီး | စစ်တွေ |
| ၅ | ၁၈၉၇ | အောက်တိုဘာ | ကြီး | စစ်တွေ |
| ၆ | ၁၉၀၈ | နိုဝင်ဘာ | ကြီး | စစ်တွေ |
| ၇ | ၁၉၁၀ | ဧပြီ | ငယ် | စစ်တွေ |
| ၈ | ၁၉၁၀ | နိုဝင်ဘာ | ငယ် | စစ်တွေ |
| ၉ | ၁၉၁၄ | ဇွန် | ကြီး | စစ်တွေ |
| ၁၀ | ၁၉၁၆ | မေ | ကြီး | စစ်တွေ |
| ၁၁ | ၁၉၂၂ | နိုဝင်ဘာ | ကြီး | စစ်တွေ |
| ၁၂ | ၁၉၂၆ | မေ | ကြီး | စစ်တွေ |
| ၁၃ | ၁၉၃၀ | ဧပြီ | ကြီး | ကျောက်ဖြူ |
| ၁၄ | ၁၉၃၆ | ဧပြီ | ကြီး | ကျောက်ဖြူ |
| ၁၅ | ၁၉၄၅ | ဧပြီ | လယ် | စစ်တွေ |
| ၁၆ | ၁၉၄၈ | အောက်တိုဘာ | ကြီး | စစ်တွေ |
| ၁၇ | ၁၉၅၂ | အောက်တိုဘာ | ကြီး | စစ်တွေ |
| ၁၈ | ၁၉၆၂ | မေ | လယ် | စစ်တွေ |
| ၁၉ | ၁၉၆၇ | မေ | ကြီး | ကျောက်ဖြူ |
| ၂၀ | ၁၉၆၇ | အောက်တိုဘာ | ကြီး | စစ်တွေ |
| ၂၁ | ၁၉၆၈ | မေ | ကြီး | စစ်တွေ |
| ၂၂ | ၁၉၇၈ | မေ | ကြီး | ကျောက်ဖြူ |
| ၂၃ | ၁၉၈၂ | မေ | ကြီး | ဂွ |
| ၂၄ | ၂၀၀၈ | မေ | နာဂစ်မုန်တိုင်းကြီး | ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း |

၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့မှာ နာဂစ်မုန်တိုင်းဟာ ရခိုင်ပင်လယ်ကမ်းရိုးတန်းကို မဝင်တော့ဘဲ လမ်းကြောင်းပြောင်းပြီး ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းဆီသို့ ဘာလို့ဝင်ရောက်လာရသလဲဆိုတဲ့ မေးခွန်းကို ဉာဏ်စွမ်းရှိသရွေ့ဖြေဆိုဖို့ စိတ်ဝင်စားခဲ့ပါတယ်။



မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်တွေအနက် လေပြင်းမုန်တိုင်းဒဏ်နဲ့ ရေကြီးရေလျှံမိုးတဲ့အန္တရာယ်ကို မကြာခဏခံစားကြရကြောင်း၊ လေပြင်းမုန်တိုင်းကိုမူ ရခိုင်ပြည်နယ်ကတော့ နှစ်စဉ်လိုပင်ခံစားရတာကို တွေ့ရပါတယ်။ မုန်တိုင်းသတင်းတွေအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာလည်း မုန်တိုင်းဒဏ်အကြီးအကျယ်ခံနေရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံ နာဂစ်မုန်တိုင်းမတိုင်မီက ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်းသို့ ဘိုလာ (Bhola) မုန်တိုင်းဝင်ရောက်ခဲ့ရာ လူပေါင်းသန်းချီပြီး အိုးအိမ်စည်းစိမ်ကြီးမားစွာဆုံးရှုံးခဲ့ရကြောင်း သိရှိခဲ့ရပါတယ်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှ စတင်ဖြစ်ပေါ်လာတဲ့မုန်တိုင်းကြီးတွေဟာ မြောက်ဘက်ကိုရွေ့လျားကာ အိန္ဒိယနိုင်ငံအရှေ့ပိုင်းကမ်းခြေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်းနဲ့ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ကမ်းရိုးတန်းအတိုင်း ထွက်ပေါက်ရှာ တိုက်ခတ်တဲ့သဘောရှိကြောင်း၊ လမ်းကြောင်းသင့်ရာ ကမ်းခြေပင်လယ်တစ်ခုခုမှ ပြင်းထန်တဲ့အရှိန်အဟုန်နဲ့ ဖြတ်ကျော်တိုက်ခတ်ပြီး ထွက်ပေါက်ရရှိတဲ့နေရာမှ ကုန်းတွင်းကို ဝင်ရောက်တဲ့သဘောကို တွေ့ရှိရပါတယ်။ မုန်တိုင်းတွေရဲ့ထွက်ပေါက်ဟာ အကျယ်ဝန်းဆုံးသော ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်တယ်ဆိုတာ ပထဝီဝင်သဘောအရလည်းကောင်း၊ အထောက်အထားတွေအရလည်းကောင်း တွေ့ရှိနိုင်ပါတယ်။



Cyclone 02B. (On April 22, 1991)

မြန်မာနိုင်ငံအတွက် ဒီမုတ်သုံလေ မုန်တိုင်းငယ်လေးတွေကြောင့် နှစ်စဉ်ဆိုသလို မိုးရွာသွန်းခြင်း၊ ရံဖန်ရံခါ ရေကြီးရေလျှံခြင်းတို့ကို ဧရာဝတီ၊ ရန်ကုန်နဲ့ ပဲခူးတိုင်းဒေသကြီးတွေမှာ တွေ့ကြုံရ၊ စိုက်ပျိုးရေရတာဖြစ်ပါတယ်။ ပြောမယ်ဆိုရင် မုတ်သုံလေနဲ့ မုန်တိုင်းတွေအတွက် ထွက်ပေါက်ဟာ ပင်လယ်ကမ်းရိုးတမ်းတစ်လျှောက် အောက်မြန်မာနိုင်ငံ ပြည်တွင်းကို ဝင်လာတာဟာ ပထဝီ၊ ရေမြေတောတောင်တို့ကြောင့်ဖြစ်ကြောင်း သိနိုင်မြင်နိုင်ပါတယ်။ မုန်တိုင်းသဘောအရ ကြီးငယ်မဟူ ပြင်ထန်းလေ့ရှိရာ ရခိုင်ရိုးမတောင်တန်းကို ဖြတ်ကျော်ကာ နိုင်ငံရဲ့မြောက်ဖျားအထိ မိုးရွာသွန်းဖို့ အကြောင်းတရားပဲဖြစ်ပါတယ်။

စာမျက်နှာ ၁၇ သို့ ❂

**❂ စာမျက်နှာ ၁၆ မှ**

ရခိုင်ပြည်နယ်ကတော့ မြန်မာနိုင်ငံရဲ့ အနောက်ဘက်အကျဆုံးဒေသ၊ ရခိုင်ရိုးမနဲ့ ဘင်္ဂလားပင်လယ်အော်အကြားမှာတည်ရှိကြောင်း၊ အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၁၄၂၀၀၊ ကမ်းရိုးတန်းမိုင် ၃၆၀၊ မြောက်ဘက်ပိုင်း အကျယ်ဆုံးနေရာ မိုင် ၁၀၀၊ တောင်ဘက်ပိုင်းအကျယ်ဆုံးနေရာ မိုင် ၂၀ ရှိကြောင်း၊ မြောက်ဘက်ပိုင်းမှာ တောင်တန်းမြင့်မားပြီး တောင်ဘက်ပိုင်းမှာ ဆင်ခြေလျှောဖြစ်ကာ တောတောင်များပြားကြောင်း သိနိုင်မြင်နိုင်ပါတယ်။




Figure 2: landfall time of impact to time of settle (day/UTC) taken from the JTWC archives

ရခိုင်ကမ်းရိုးတန်းမှာရှိတဲ့ စစ်တွေ၊ ကျောက်ဖြူ၊ ဂွမြို့တွေကို မုန်တိုင်းကြီးတွေ ဝင်ရောက်တိုက်ခတ်တဲ့လဟာ မေလဖြစ်ကြောင်းတွေ့ရှိရပါတယ်။ နာဂစ်မုန်တိုင်းကြီးကတော့ ရခိုင် ပင်လယ်ကမ်းရိုးတန်းကို မဝင်တော့ဘဲ ဧရာဝတီနဲ့ ရန်ကုန်တိုင်းကို ဝင်ရောက်တိုက်ခတ်ခဲ့တာဟာလည်း မေလ ၂ ရက်နေ့ဖြစ်ပါတယ်။

**တွေ့ရှိချက်က ဘာလဲဆိုတော့ မုန်တိုင်းကြီးတွေဟာ မြောက်မှ တောင်ဘက်သို့ ရွေ့လျားဝင်ရောက်တိုက်ခိုက်လာတဲ့သဘောရှိကြောင်း မိုးဦး ဧပြီနဲ့မေလမှာ မုန်တိုင်းကြီးတွေ ဝင်ရောက်တိုက်ခတ်နိုင်တယ်ဆိုတာဖြစ်ပါတယ်။**

၁၈၈၄ ခုနှစ် စစ်တွေ
၁၈၉၅ ခုနှစ် စစ်တွေ
၁၉၁၆ ခုနှစ် စစ်တွေ
၁၉၂၆ ခုနှစ် စစ်တွေ
၁၉၃၀ ခုနှစ် ကျောက်ဖြူ
၁၉၆၇ ခုနှစ် ကျောက်ဖြူ
၁၉၆၈ ခုနှစ် စစ်တွေ
၁၉၇၈ ခုနှစ် ကျောက်ဖြူ
၁၉၈၂ ခုနှစ် ဂွ
၂၀၀၈ ခုနှစ် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း

ပြောမယ်ဆိုရင် နှစ်တစ်ရာအတွင်းမှာ အင်အားကြီးမုန်တိုင်း ၁၁ ခု ဝင်ရောက်တိုက်ခတ်တဲ့လဟာ ဧပြီ၊ မေလလို့ ဆိုတာတွေ့ရှိရပါတယ်။

**မြန်မာ့ကမ်းရိုးတန်းကို ဝင်ရောက်တိုက်ခတ်ခဲ့တဲ့ မုန်တိုင်းကြီးတွေရဲ့ ၉၇ ရာခိုင်နှုန်းခန့်ဟာ ရခိုင်ကမ်းရိုးတန်းကို ကျရောက်ခဲ့ကြောင်း၊ ကျရောက်ပြီဆိုရင် မိုးမကျမီ ဧပြီနဲ့ မေလ၊ မိုးနှောင်းအောက်တိုဘာနဲ့ နိုဝင်ဘာလတွေမှာ ဝင်ရောက်ကြောင်းတွေ့ရှိရပါတယ်။ ဒါကြောင့် ဒီကာလတွေမှာ ဘင်္ဂလားဒေ့ရှ်နဲ့ ကျွန်တော်တို့မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသရှိပြည်သူတွေ၊ ဧရာဝတီနဲ့ ရန်ကုန်တိုင်းဒေသကြီးတွေမှာ နေကြကုန်သောပြည်သူတွေ၊ တာဝန်ရှိသူတွေဟာ အထူးစိုးရိမ်ပူပန်လျက်ရှိကြသလို မုန်တိုင်းအန္တရာယ်ကိုလည်း ကြိုတင်ကာကွယ်ဖို့လိုအပ်**

**ဧပြီလကုန် မေလဆန်းထဲမှာ မုန်တိုင်းကြီး၊ မုန်တိုင်းလတ်တို့ ဝင်ရောက်လေ့ရှိတယ်ဆိုတဲ့ တွေ့ရှိချက်ပဲဖြစ်ပါတယ်။ ဒုတိယတွေ့ရှိချက်က မိုးနှောင်း အောက်တိုဘာ၊ နိုဝင်ဘာလတွေမှာလည်း မုန်တိုင်းကြီးဝင်ရောက်တိုက်ခတ် ဖျက်ဆီးနိုင်သေးတယ်ဆိုတာ ဖြစ်ပါတယ်။**

၁၈၆၈ ခုနှစ် စစ်တွေ
၁၈၉၇ ခုနှစ် စစ်တွေ
၁၉၀၈ ခုနှစ် စစ်တွေ
၁၉၂၂ ခုနှစ် စစ်တွေ
၁၉၄၈ ခုနှစ် စစ်တွေ
၁၉၅၂ ခုနှစ် စစ်တွေ
၁၉၆၇ ခုနှစ် စစ်တွေ

ကောက်ချက်ချရမယ်ဆိုရင် နှစ်တစ်ရာအတွင်းမှာ အင်အားကြီး မုန်တိုင်း ခုနစ်ခုဝင်ရောက်တိုက်ခတ်ခဲ့တဲ့ လဟာ အောက်တိုဘာ၊ နိုဝင်ဘာလဆိုတာ သိရပါတယ်။ မိုးနှောင်းကာလ မြန်မာနိုင်ငံအောက်ပိုင်း ရခိုင်ကမ်းရိုးတန်းတွေမှာ အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းထဲမှာ မုန်တိုင်းကြီး၊ မုန်တိုင်းလတ်တွေ ဝင်ရောက်လေ့ရှိတယ်ဆိုတဲ့ တွေ့ရှိချက်ပဲ ဖြစ်ပါတယ်။

ဘင်္ဂလားပင်လယ်အော်အတွင်း စတင်ဖြစ်ပေါ်လေ့ရှိတဲ့ မုန်တိုင်းကြီးတွေကြောင့် ၂၀ ရာစုအတွင်း ကမ္ဘာပေါ်မှာ လူအသေအပျောက်အများဆုံး၊ အိုးအိမ်စည်းစိမ်၊ ကျွဲ၊ နွား တိရစ္ဆာန် အများဆုံးပျက်စီးဆုံးရှုံးခဲ့ရကြောင်း လေ့လာမှတ်သားခဲ့ရပါတယ်။

**Deadliest Tropical Cyclones**

| Rank | Name/Year | Region | Fatalities |
|---|---|---|---|
| 1 | Bhola 1970 | Bangladesh | 500,000 |
| 2 | India 1839 | India | 300,000 |
| 3 | Nina 1975 | China | 229,000 |
| 4 | Bangladesh 1991 | Bangladesh | 138,866 |
| 5 | **Nargis 2008** | Myanmar | 138,373 |
| Sources: NOAA, MDR | | | |

မြန်မာ့ကမ်းရိုးတန်းကို ဝင်ရောက်တိုက်ခတ်ခဲ့တဲ့ မုန်တိုင်းကြီးတွေရဲ့ ၉၇ ရာခိုင်နှုန်းခန့်ဟာ ရခိုင်ကမ်းရိုးတန်းကို ကျရောက်ခဲ့ကြောင်း၊ ကျရောက်ပြီဆိုရင် မိုးမကျမီ ဧပြီနဲ့ မေလ၊ မိုးနှောင်းအောက်တိုဘာနဲ့ နိုဝင်ဘာလတွေမှာ ဝင်ရောက်ကြောင်းတွေ့ရှိရပါတယ်။ ဒါကြောင့် ဒီကာလတွေမှာ ဘင်္ဂလားဒေ့ရှ်နဲ့ ကျွန်တော်တို့မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသရှိပြည်သူတွေ၊ ဧရာဝတီနဲ့ ရန်ကုန်တိုင်းဒေသကြီးတွေမှာ နေကြကုန်သောပြည်သူတွေ၊ တာဝန်ရှိသူတွေဟာ အထူးစိုးရိမ်ပူပန်လျက်ရှိကြသလို မုန်တိုင်းအန္တရာယ်ကိုလည်း ကြိုတင်ကာကွယ်ဖို့လိုအပ်ပါတယ်။

ကျွန်တော့်ဆောင်းပါးဟာ လက်တွေ့ ဒီမုန်တိုင်းအန္တရာယ်က ဘယ်လိုကာကွယ်နိုင်မလဲဆိုတဲ့ဆီကို ဆက်သွားနိုင်ဖို့ရည်ရွယ်ပါတယ်။ စုပေါင်းကာကွယ်နိုင်ဖို့ စုပေါင်းသုတေသနပြုပြီး စုပေါင်းအကောင်အထည်ဖော်ရမယ့်တာဝန်ကြီးဖြစ်ပါတယ်။ သိပ္ပံနည်းကျလေ့လာပြီး ကြိုတင်ကာကွယ်မှုတွေကို ဆောင်ရွက်ကြရပါလိမ့်မယ်။ ကျွန်တော့်အတွက်တော့ မောင်မြင့်ခိုင်ရဲ့ ဆောင်းပါးပါအချက်အလက်တွေဟာ သိပ္ပံနည်းကျရှေ့ဆက်သွားနိုင်ဖို့ အထောက်အထားတွေဖြစ်လို့ တန်ဖိုးရှိလှပါတယ်။ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှာ တန်ဖိုးရှိတဲ့အချက်အလက်တွေကို ဆက်လက် ရှာဖွေကိုးကားသွားရမှာ ဖြစ်ပါတယ်။

ဒီလိုနဲ့ မြန်မာနိုင်ငံအောက်ပိုင်း ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းဒေသကြီးတွေရဲ့ မြို့ကြီးတွေကို ဝင်ရောက်တိုက်ခတ်တဲ့ နာဂစ်မုန်တိုင်းအပြီး နှစ်နှစ်အကြာ ၂၀၁၀ ခုနှစ် ဧပြီလ ၂၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၆ မှာ ဆောင်းပါးရှင် ချစ်ကျော်(မိုး/ဇလ) ရေးသားပြုစုတဲ့ မုန်တိုင်းဆိုင်ရာ အကြောင်းခြင်းရာတွေကို ဖတ်ရပြန်ပါတယ်။

❒ မည်ကဲ့သို့သောအခြေအနေတွင် မုန်တိုင်းဖြစ်ပေါ်ရသနည်းဆိုတဲ့မေးခွန်းတွေရဲ့ အဖြေတွေ ဖတ်ရှုရခြင်း၊
❒ မည်သည့်ကာလများတွင် မုန်တိုင်းဖြစ်ပေါ်လေ့ရှိသနည်း၊
❒ မုန်တိုင်းဖြစ်တိုင်း မြန်မာနိုင်ငံသို့ ဦးတည်လာနိုင်သလား၊
❒ မုန်တိုင်းလာလျှင် ဘာဆက်လုပ်ရမည်လဲဆိုတဲ့ အမေးအဖြေလည်း ဖတ်ရှုရတော့ တန်းဖိုးရှိပြန်တယ်။

ဒါကြောင့် မြန်မာ့သတင်းစာကြီးတွေက ၂၀-၄-၂၀၁၀ ကြေးမုံသတင်းစာပါ ချစ်ကျော် (မိုး/ဇလ) ရဲ့ဆောင်းပါးကိုလည်း ပြန်လည်ဖော်ပြပေးစေချင်ပါတယ်။ ချစ်ကျော်ရဲ့ဆောင်းပါးမှာ ရေးသားတွက်ချက်မှုတွေဟာ လွန်စွာတန်ဖိုးရှိလှတာကို အောက်မှာကောက်နုတ်ချက်အဖြစ် ဖော်ပြလိုက်ပါတယ်။

(က) လွန်ခဲ့သည့် နှစ်ပေါင်း ၁၂၂ နှစ် (၁၈၈၇-၂၀၀၉ ခုနှစ်) အတွင်း ဘင်္ဂလားပင်လယ်အော်အခြေပြု မုန်တိုင်း ၃၂ ကြိမ်ဟာ ဧပြီလတွင် ဖြစ်ပေါ်ခဲ့ကြောင်း၊ ၁၅ ကြိမ်မှာ မြန်မာကမ်းရိုးတန်းသို့ ဝင်ရောက်ခဲ့ကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၄၆ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း၊
(ခ) မေလတွင် မုန်တိုင်း ၉၂ ကြိမ် ဖြစ်ပေါ်ခဲ့ပြီး ၂၇ ကြိမ်မှာ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်ခဲ့ကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၂၉ ဒသမ ၃၄ ရာခိုင်နှုန်းရှိကြောင်း ဒီအချက်အလက်တွေအပေါ်အခြေခံပြီး ကောက်နုတ်ဆွေးနွေးသွားပါမယ်။

(ဆက်လက်ဖော်ပြပါမည်)

# ဩဂုတ် ၂၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၅၀၆ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၃-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၄-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၁၁,၉၄၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၅၀၆)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၄၄၇,၂၇၉)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၇၈,၃၇၇) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃,၃၉၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း(၃၀၅,၈၄၄)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၁၂၃) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၄,၆၂၂) ဦး ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၄-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၆၈)ခု | (၇၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅)ခု | (၄)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၂၅)ခု | (၆၁)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၂၄)ခု | (၁၉၂)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၈၂)ခု | (၁၄)ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၁၄)ခု | (၀)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၄၇)ခု | (၂၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၄၃)ခု | (၃၉၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၀၃၂)ခု | (၁,၇၃၉)ဦး |
| စုစုပေါင်း | (၁၁,၉၄၀)ခု | (၂,၅၀၆)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၈၈၁၄၉၅၉ | ၃၀၅၇၀၂၂၉ | ၆၄၆၆၆၇ |
| ၂။ | အိန္ဒိယ | ၃၂၄၇၄၇၇၃ | ၃၁၇၂၀၁၁၂ | ၄၃၅၀၅၀ |
| ၃။ | ဘရာဇီး | ၂၀၅၈၃၉၉၄ | ၁၉၄၇၉၉၄၇ | ၅၇၄၉၄၄ |
| ၄။ | ရုရှား | ၆၇၈၅၃၇၄ | ၆၀၅၃၅၀၃ | ၁၇၇၆၁၄ |
| ၅။ | ပြင်သစ် | ၆၆၂၄၇၇၇ | ၆၀၆၅၂၁၃ | ၁၁၃၄၁၉ |
| ၆။ | ဗြိတိန် | ၆၅၂၄၅၈၁ | ၅၀၉၈၁၅၂ | ၁၃၁၆၈၀ |
| ၇။ | တူရကီ | ၆၂၃၄၅၂၀ | ၅၇၂၄၃၈၂ | ၅၄၇၆၅ |
| ၈။ | အာဂျင်တီးနား | ၅၁၃၉၉၆၆ | ၄၈၂၂၄၂၀ | ၁၁၀၆၀၉ |
| ၉။ | ကိုလံဘီယာ | ၄၈၉၂၃၅ | ၄၇၂၀၇၁၀ | ၁၂၄၃၁၅ |
| ၁၀။ | စပိန် | ၄၇၉၄၃၅၂ | ၄၁၆၅၉၂၁ | ၈၃၃၃၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၀၀၈၁၆၆ | ၃၆၀၆၁၆၄ | ၁၂၈၂၅၂ |
| ၂။ | ဖိလစ်ပိုင် | ၁၈၆၉၆၉၁ | ၁၇၀၉၇၂၄ | ၃၂၂၆၄ |
| ၃။ | မလေးရှား | ၁၅၉၃၆၀၂ | ၁၃၁၆၃၃၆ | ၁၄၅၅၃ |
| ၄။ | ထိုင်း | ၁၀၈၃၉၅၁ | ၈၈၁၈၂၉ | ၉၇၈၈ |
| ၅။ | မြန်မာ | ၃၇၈၃၇၇ | ၃၀၅၈၄၄ | ၁၄၆၂၂ |
| ၆။ | ဗီယက်နမ် | ၃၆၉၂၆၇ | ၁၆၂၂၇၉ | ၉၀၁၄ |
| ၇။ | ကမ္ဘောဒီးယား | ၉၀၁၀၇ | ၈၆၁၃၀ | ၁၈၂၁ |
| ၈။ | စင်ကာပူ | ၆၆၆၉၂ | ၆၅၇၀၀ | ၅၀ |
| ၉။ | လာအို | ၁၂၉၅၇ | ၄၆၀၄ | ၁၁ |
| ၁၀။ | ဘရူနိုင်း | ၁၈၇၃ | ၄၃၆ | ၃ |

## ဟိုပန်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

ဟိုပန် ဩဂုတ် ၂၄

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ကုသရေးလုပ်ငန်းများ၌ အသုံးပြုရန်အတွက် ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ဟိုပန်မြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ပြုလုပ်ရာ တိုင်း/ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ လှူဒါန်းပွဲတွင် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်က ပစ္စည်းများလှူဒါန်းခြင်းအတွက် အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ဘဝပြုစုပျိုးထောင်ရေးအသင်း (လောက်ကိုင်)မှ Test Kit ၁၂၅ ခု၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၄၀၀၊ ဦးခင်မောင်လွင် (အဖွဲ့ဝင်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့)က လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၂၀၊ ဦးကျောက်တယ်ချန်(လောက်ကိုင်)က အလှူငွေကျပ် ၁၀ သိန်းနှင့် ကိုးကန့်ယဉ်ကျေးမှုအဖွဲ့(ဟိုပန်)က အိမ်သုံးအောက်ဆီဂျင်စက် သုံးလုံးတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာပြည့်ကိုကိုက လက်ခံရယူပြီး ဥက္ကဋ္ဌ ဦးညီနပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ဒါနပါရမီ

# သိကြားမင်းပင် တုန်လှုပ်ရသည့်အလှူ

မောင်ဆန္ဒ(လယ်ဝေး)

"သူဌေးမင်း၊ မနက်ဖြန် အလှူအတွက် ဆန်ပြာတီးရမယ်၊ ကြက်သွန်အဖြူ အနီတွေ သင်ထားရမယ်"

"ရော်...ဒီကိစ္စအတွက် ပြောစရာလိုလို့လား စိတ္တရဲ့၊ ပစ္စည်းဂိုဒေါင်သော့ အပ်ထားတာပဲ" "ဂိုဒေါင်ထဲမှာ ဘာမှမရှိတော့ဘူး"

"ဘာ...ဘယ်လို"

ကုဋေရှစ်ဆယ်ကြွယ်ဝသော ဗာရာဏသီ သူဌေး ဝိသယှသည် အလှူပေးခြင်း၌ မွေ့လျော်သည်။ သို့ဖြစ်၍ မြို့တံခါးလေးရပ်တွင် ကြီးကျယ် ခမ်းနားသည့် မဏ္ဍပ်ကြီးတွေ ထိုးသည်။ အိမ်စေ အမှုလုပ် ကျွန်များကို မဏ္ဍပ်လေးခု၌ တာဝန်ခွဲဝေ ချထားသည်။ လူယုံတော် စိတ္တကို အကြီးအမှူး တာဝန်ပေးလျက် ဘဏ္ဍာတိုက်သော့ကို အပ်သည်။ "မဏ္ဍပ်တစ်ခုမှာ အသပြာတစ်သိန်းဖိုးကျွေး၊ မြို့တံခါးလေးမျက်နှာမှာ မဏ္ဍပ်လေးခု၊ မြို့လယ် ဇရပ်မှာတစ်ခု၊ အိမ်ရှေ့မှာတစ်ခု မဏ္ဍပ်ဆောက် ထားတော့ မဏ္ဍပ်ခြောက်ခုရှိမယ်၊ အသပြာ ခြောက်သိန်း အကုန်အကျခံပြီး နေ့စဉ်လှူမယ်။ အဲဒါ အကွက်စေ့အောင် မင်းကစီစဉ်"ဟု တာဝန် ပေးထားသည်။

ငွေအသပြာတစ်ကျပ်ရှိလျှင် သာမန် မိသားစု တစ်နေ့တာ စားနိုင်သည့်ကာလတွင် အသပြာ ခြောက်သိန်း အကုန်အကျခံ ကျွေးမွေးသည် ဆိုတော့ ထမင်းရည်ချောင်းစီး မောင်းတီးလှူသည့် တကယ့် အလှူကြီး။ အရပ်လေးမျက်နှာ လာလာ သမျှ အယုတ်၊ အလတ်၊ အမြတ်မရွေး ကျွေးမွေးပါ။ ဝလင်အောင် စီမံပါဟု ခိုင်းထားရာ ခြိမ့်ခြိမ့်သဲသဲ စည်ကားနေပေသည်။ မိမိ၏ အလှူအတွက် ကြည်နူးကျေနပ်နေစဉ် စိတ္တစကားကြားသဖြင့် ဇနီးဖြစ်သူ သူဌေးကတော်ဘက် လှည့်ကြည့်လိုက်မိ သည်။

"မနေ့ကပဲ ပစ္စည်းတွေ မြင်ပါသေးတယ်"

သူဌေးကတော်က သံသယဖြစ်သော မျက်လုံး နှင့် တုံ့ပြန်ကြည့်ရင်း စိုးရိမ်သောက ညည်းညူသံ ဖြင့် ပြောလိုက်သည်။

"ကျွန်တော်လည်း တွေ့နေပါတယ်၊ အခု ဖွင့်ကြည့်တော့ ပစ္စည်းတွေက မရှိတော့ဘူး၊ သူဌေး တို့များ နေရာရွှေ့ထားသလားလို့"

"ငါတို့က ဘာကြောင့် ရွှေ့ထားရမလဲ၊ သူဌေး ကတော် ရွှေ့မိလား"

"ကြဲကြဲဖန်ဖန် ရှင်၊ ဒီလောက်များပြားတဲ့ ပစ္စည်း ကို ကျွန်မက ဘယ်လို ရွှေ့မလဲ"

လှူဒါန်းရန် သီးသန့်ထားသည့်ပစ္စည်းများ ပျောက်ခြင်းမလှ ပျောက်သည့်အတွက် စဉ်းစားမရ အောင် ဖြစ်ကုန်သည်။ ပစ္စည်းပျောက်သည်က အကြောင်းမဟုတ်။ လှူရန် ရည်စူးထားသည့်ပစ္စည်း ဖြစ်၍ ခုမကုန်လည်း တစ်နေ့ကုန်မည်သာ။ ပစ္စည်း အတွက် မကြောင့်ကြသော်လည်း နံနက်ဖြန် အလှူ အတွက် အခက်ကြုံနိုင်သည်။ နေ့စဉ်နေ့တိုင်း ကျွေးမွေးလှူဒါန်းမည့်အကြောင်း မြို့လုံးပတ်လျက် မောင်းကြေးနင်းခတ် ကြေညာထားသည်။ လှူသည့် နေ့ကစပြီး မဏ္ဍပ်တိုင်းတွင် အုတ်အုတ်ကျက်ကျက် ရုတ်ရုတ်သဲသဲရှိသည်။ အားပါးတရ စားသောက်သူ တွေ ကြည့်ပြီး နှစ်သက်ပီတိဖြစ်ရသည့် အရသာမှာ ဘယ်အရသာနှင့်မျှ မတူဟု ခံစားမိသည်။

အလှူအတွက် ကြည်နူးခဲ့ရသည့် အချိန် ကာလက တိုတောင်းလွန်းသည်။ စိတ်အနှောင့် အယှက် ဖြစ်စရာအကြောင်းက မမျှော်လင့်ဘဲ ပေါ်လာသည်။ လတ်တလောဖြေရှင်းရမည့်ကိစ္စကို ဘယ်ပုံ ဖြေရှင်းရမှန်း မသိတော့။

"သူဌေးကတော်"

"ဟုတ်ကဲ့၊ ပြောပါ သူဌေး"

"ကျုပ် လှူဒါန်းနေတာ ကြည်ဖြူပါတယ် နော်"

(ဆက်လက်ဖော်ပြပါမည်)

# ယဉ်ကျေးလိမ္မာအစပြု

## ကာယကံယဉ်ကျေးမှု(၁)

ဦးမင်းဟန်(ဘီအေ)

ဘိုးလေးကြွက်မှာ အသက် ၇၀ ကျော်ခန့်ရှိပြီ ဖြစ်သည်။ ရွာထဲတွင် ဗုဒ္ဓကျမ်းဂန်များကို နှံ့စပ်သူ၊ မြန်မာမှုဗေဒင်အရာ၌လည်း နားလည်သူ၊ ရှေ့မီ နောက်မီအပြောအဟောကောင်းသူအဖြစ် ထင်ရှား သည်။

နံနက်မိုးသောက် အလင်းရောက်သည်နှင့် အိမ်ရှေ့ကုက္ကိုပင်ကြီးအောက်တွင် နေပူဆာလှုံရင်း ရေနွေးကြမ်းတစ်အိုးနှင့် ဘိုးလေးကြွက်ရှိနေသည်။

"ဟိုမှာဘိုးလေးကြွက်နေပူဆာလှုံနေပြီ"

ဘိုးလေးကြွက်ရှိရာသို့ မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ အပြေးတစ်ပိုင်းရောက်လာကြသည်။

"ဟဲ့ဟဲ့ ကလေးတွေ ချော်လဲနေကြပါဦးမယ်"

"မလဲပါဘူး.. ဘိုးလေးရဲ့ မြေးတို့က အငြင်းပွား လာကြလို့"

ပူစူးမ ပျာပျာသလဲ ဝင်ပြောလိုက်သည်။

"ဘာတွေများ အငြင်းပွားလာကြတာလဲကွယ့်"

"ဒီလိုပါ ဘိုးလေးရေ မောင်ထူးက နှပ်ညှစ်တဲ့ အခါ ပစ်စလက်ခတ် ညှစ်လို့ပြောရင်းနဲ့ အငြင်းပွား လာကြတာပါ"

"အဲဒီလိုပစ်စလက်ခတ် နှပ်မညှစ်ရဘူး မဟုတ် လား ဘိုးလေးရဲ့"

ကိုဦးစကားကိုပူစူးမက ဝင်ပြောကာ ဘိုးလေး ကြွက်ကို မေးခွန်းထုတ်လိုက်သည်။

"အင်း မှန်တာပေ့ါကွယ်၊ နှပ်ညှစ်တာကို ပစ်စ လက်ခတ် မညှစ်ရဘူးကွယ့်။ အဲဒါ ယဉ်ကျေးမှုပဲ။ လိုက်နာရမှာတွေရှိတယ်။ ကာယကံမြောက် ယဉ်ကျေးမှုအနေနဲ့ ဘိုးလေးပြောပြမယ် နားထောင် နိုင်ကြမှာလား"

"ဟုတ်ကဲ့.. နားထောင်နိုင်ပါတယ် ဘိုးလေး"

"ကိုဦးကပြောတော့ကျန်တဲ့နှစ်ယောက်ကရော"

"ဟုတ်ကဲ့ပါ ဘိုးလေး မြေးတို့အားလုံး နားထောင်နိုင်ကြပါတယ်"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့၏ ပြိုင်တူအသံက ကုက္ကိုကိုင်းပေါ်နားနေသည့် ငှက်ကလေးများ လန့်ပြေးရသည်အထိ ပျံ့လွင့်သွားသည်။

"နှပ်ညှစ်တယ်ဆိုတာကတော့ ညှစ်ရမှာပေ့ါ၊ ဒါပေမယ့် ဘုရားရင်ပြင်တို့၊ ဘုန်းကြီးကျောင်းဝင်း တို့၊ စာသင်ကျောင်းတို့၊ ဆေးရုံတို့စတဲ့ လူများစုဝေး ရာနေရာတွေမှာတော့ နှပ်မညှစ်ရဘူး။ ဒါတင် ဘယ်ကမလဲ ကွမ်းတံတွေးထွေးတာ၊ ချွဲဟပ်တာ၊ အညစ်အကြေးစွန့်တာ၊ အမှိုက်ပစ်တာ၊ ကျင်ကြီး ကျင်ငယ်စွန့်တာတွေ မလုပ်ရဘူးကွယ့်"

"ဟုတ်ကဲ့ ဘိုးလေး.. နားလည်ပါပြီ"

"ရှိသေးတယ် လိုက်နာရမယ့် ကာယကံ ယဉ်ကျေးမှုတွေက အများသားကွယ့်။ ဘုရား၊ ကျောင်း၊ အိမ်မသန့်ရှင်းတာတွေ့ရင် သန့်ရှင်းရေးပြုလုပ်ပေး ရမယ်။ ရေအိုးစင်၊ ရေကန်တွေမှာ သောက်ရေမရှိ တာကိုတွေ့ရင် သောက်ရေခပ်လှူရမယ်။ ရေအိုး ရေခွက်တွေကို ဆေးကြောသန့်စင်ပေးရမှာက ဝတ္တရားပဲကွယ့်"

"ဟုတ်ကဲ့ ဘိုးလေး"

"နောက်ရှိသေးတယ်။ တစ်ဦးဦးကပဲ ဖြစ်ဖြစ် ဆရာတော် သံဃာတော်တွေပဲဖြစ်ဖြစ် ဆွမ်းဘုန်း ပေး၊ စားသောက်နေစဉ်မှာ ကြားလောက်တဲ့နေရာ၊ မြင်လောက်တဲ့နေရာကနေ ချွဲသလိပ်ဟပ်တာတို့၊ နှပ်ညှစ်တာတို့ကို မလုပ်ရဘူး။ ချောင်းဆိုးတာတို့ နှာချေတာတို့ကိုလည်း တစ်ယောက်ယောက်ဘက် လှည့်ပြီးမလုပ်ရဘူး။ လူသူဝေးရာဖြစ်စေ လက်ကိုင် ပဝါအုပ်လို့ဖြစ်စေ ပြုလုပ်ရမယ်နော်။ အဆုံးပြောရရင် လေလည်တာကအစ လူသူဝေးရာကို ထသွားပြီး လေလည်ရမယ်။ လူအများကြားထဲ လေမလည်ရ ဘူး"

"ဟုတ်ကဲ့ ဘိုးလေး။ အဲဒါကတော့ မောင်ထူးကို ပြောရမယ်၊ သူက လူစုံရင် လေလည်တာလွန်ရောပဲ"

"ဟယ် အဲဒီလိုလည်းမဟုတ်ပါဘူးဟ"

(ဆက်လက်ဖော်ပြပါမည်)

# ဝပ်တွားဦးချ ရှိခိုး တတ်ပါစေ

ယဉ်ကျေးလိမ္မာစကားဝိုင်း

ဦးထွန်းလွင်(ဓမ္မာစရိယ၊ ဘီအေ)



ကျွန်တော် စာကြည့်နေခိုက် ကလေး လေး၊ ငါး၊ ခြောက်ယောက် ရောက်လာသည်။ သူတို့လာခြင်းမှာ ဗုဒ္ဓယဉ်ကျေးမှုသင်ရန်ဖြစ်သည်။ သို့နှင့် –

"ဟေး ... မောင်သီလ၊ မင်းတို့က အများကြီးပဲ ကိုး" ဟု မေးမိသည်။

"ဟုတ်တယ်ဘဘ၊ အမေက ထည့်ပေးလိုက် တာ။ အိမ်နီးနားချင်းတွေပါ"

မောင်သီလက သွက်လက်စွာ ပြန်ဖြေသည်။

"အေး ... ကောင်းတယ်။ ကောင်းတယ်။ တို့က ဗုဒ္ဓယဉ်ကျေးမှုဆိုပေမယ့် စာအုပ်တွေဘာတွေ မလိုဘူးကွ။ ဒီအတိုင်း စကားပြောရင်းသင်မှာ။ ဗုဒ္ဓ ယဉ်ကျေးမှု စကားဝိုင်းပေ့ါကွာ"

"ဒါမျိုးဆို အကြိုက်ပဲ ဘဘ.... "

"ဟုတ်တယ်နော်"

"ဟုတ်တယ် ဘဘ ... သမီးတို့လည်း ကြိုက်တယ်"

"ကဲ... ကြိုက်ရင် အားလုံးလက်အုပ်ချီပြီး နမောတဿကို သုံးကြိမ်ရွတ်ကြ"

သူတို့အားလုံး နမောတဿ ဘုရားရှိခိုးကို သုံးကြိမ်ပြိုင်တူ ဆိုကြသည်။

"အဲဒါ... မင်းတို့ မှတ်ထား။ အလုပ်တစ်ခုခု လုပ်တော့မယ်ဆိုရင် အဲဒီလို သုံးကြိမ်ဆို ရှိခိုး၊ အကျိုးက ဘေးကင်းမယ်၊ အလုပ်အောင်မြင်မယ်"

"ဟုတ်ကဲ့ပါဘဘ..."

"ကဲ... ဘဘကို ဦးသုံးကြိမ်ချဦး"

သူတို့အားလုံး ဦးသုံးကြိမ်ချကြပြန်သည်။ သို့သော် ဦးချပုံ ဦးချနည်း အဆီအငေါ်မတည့်သဖြင့် ကျွန်တော့်မှာ –

"ဟဲ့ ... ဟဲ့..." ဟု ဆိုမိသည်။ ထိုအခါ မောင်သီလ က –

"ဘာမို့လဲ ဘဘ..."

"ဘာရမလဲ။ မင်းတို့ ဦးချပုံက ကိုးရိုးကားရား ကြီးပဲ။ ဟို ကဏန်း (ပုစွန်) ခြေကျိုးပုံမျိုးကွ"

"ကဏန်းခြေကျိုးပုံက ဘယ်လိုလဲ ဘဘ"

"ဘယ်လိုရမလဲ။ မညီမညွတ်ရှိလို့ပေ့ါ။ ကဲ.. လိုက်ဆိုကြဦး"

"နဖူးဒူးလက်"

(နဖူးဒူးလက်)

"မြေပြင်ထက်ကျငြား"

(မြေပြင်ထက်ကျငြား)

"တည်ခြင်းငါး"

(တည်ခြင်းငါး)

"ဝပ်တွားချရမည်"

(ဝပ်တွားချရမည်)

"နောက်ထပ်ဆိုဦးမယ်"

သို့နှင့် ကျွန်တော်က အခေါက်ခေါက်အခါခါ ရအောင်တိုင်သည်။ သူတို့က အသံကျယ်ကျယ် လိုက်ဆိုကြသည်။ အားလုံးရသွားသည်။

"ကဲ မောင်သီလက ရှေ့တိုးပြီး ဆောင့်ကြောင့် ထိုင်၊ လက်အုပ်ချီစမ်း"

သူက ခိုင်းသလိုလုပ်သည်။ လက်အုပ်က မညီသေး။

"အေး ... လက်အုပ်လေးက ညီအောင် ပူးကပ်မှ ပေ့ါ။ ကြာဖူးလေးလိုလေ။ အဲ ... ဟုတ်ပြီ"

"မင့်ရဲ့ ဒူးကို ကြမ်းပေါ်ချလိုက်ပြီး ခါးကို ရှေ့ထွက်ဆန့်ပြီး တံတောင်ဆစ်ကနေ လက်ဖဝါး အထိ ကြမ်းမှာထိထား"

မောင်သီလက ကျွန်တော်ပြောသည့်အတိုင်း လိုက်လုပ်သည်။ ပြားပြားဝပ်ဝပ် ရှိနေသည်။

"ကဲ ... လက်ဖဝါးနှစ်ဖက်ကို နည်းနည်းချဲ့လိုက်၊ အဲဒီ လက်ဖဝါး နှစ်ဖက်ကြားထဲ မင့်နဖူးကို ကြမ်းနဲ့ ထိအောင် ထားလိုက်"

"ဟုတ်ပြီကွ၊ အားလုံးမြင်လား"

"မြင်တယ် ... ဘဘ"

"အေး မြင်ရင် အဲဒီလိုပဲ လုပ်ကြမယ်။ မိန်းကလေး တွေက ပုဆစ်တုပ်လေး ထိုင်ပြီးလုပ်"

သူတို့ လိုက်လုပ်ကြသည်။ အားလုံးပဲ ပီပီပြင်ပြင် ရှိကြပါသည်။

"ကဲ ... ထိုင်တော့။ အဲဒီမှာ ဒူးနှစ်ဖက်ရော၊ လက်နှစ်ဖက်ရော၊ နဖူးရော ကြမ်းမှာ ထိနေတယ်။ ဒီငါးမျိုးထိအောင် ရှိခိုးဦးချတာကို "ပဉ္စပတိဋ္ဌိတ" ထိခြင်းငါးပါးနှင့်အညီ ရှိခိုးတယ်လို့ ခေါ်တယ်။ တည်ခြင်းငါးပါးလို့လည်း ခေါ်တယ်"

"အဲဒီလို ရှိခိုးတာဟာ အမြတ်ဆုံးရှိခိုးမှုပဲ။ ဒီပုံစံ အတိုင်း တစ်သက်လုံး ရှိခိုးသွားကြပေတော့။ ဒါဟာ ရှိခိုးပုံ ဗုဒ္ဓယဉ်ကျေးမှုပဲ"

"ဟုတ်ကဲ့ပါ ဘဘ ... "

"ဒီလို ဦးချတတ်ရင်ပဲ မင်းတို့လေးတွေ တကယ့် ပညာရှိ သူတော်ကောင်းတွေရှေ့ကျရင် လက်ဖျားခါ သွားလိမ့်မယ်။ တကယ့် သူတော်စင်လေးတွေလို့"

ကျွန်တော့် စကားဆုံးသည့်အခါ ထိခြင်းငါးပါး နှင့် ကျွန်တော့်ကို ဦးချပြီး ပြန်သွားကြလေသည်။

အမှတ် (၁)၊ ဩဂုတ်လ၊ ၂၀၀၆ ခုနှစ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၄**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ အများပြည်သူရုံးပိတ်ရက်များတွင်လည်း ဦးစားပေးတင်သွင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိမ်သုံးအောက်ဆီဂျင်စက် ၁၇ ခု၊ အောက်ဆီဂျင်ထုတ်သည့်စက် နှစ်ခု၊ အောက်ဆီဂျင်(အိုးခွံ) ၁၄၉ အိုး၊ နှာခေါင်းစည်း ၁၅ တန်နှင့် ပင်လယ် ဆိပ်ကမ်းမှ အိမ်သုံးအောက်ဆီဂျင်စက် ၁၁၄၁ ခု အပါအဝင် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ ထီးခီး၊ တာချီလိတ်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင် (အရည်) Bowser ယာဉ်သုံးစီးဖြင့် တန် ၆၀၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် လေးတန်၊ အောက်ဆီဂျင် (အိုးခွံ) ၅၁၉၁ ခု၊ အောက်ဆီဂျင်ထုတ်သည့်စက် ခုနစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၂၂၆၅ ခု၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၀၀၀၊ နှာခေါင်းစည်း ၆၉ တန် တင်သွင်းနိုင်ခဲ့သည်။ တင်သွင်းခဲ့သည့် အောက်ဆီဂျင်အရည်(Bowser) ယာဉ်သုံးစီးမှာ ရန်ကုန်မြို့သို့ ဖြစ်ပြီး အောက်ဆီဂျင်ထုတ်စက်ရုံ ခုနစ်ခုမှာ မြစ်ကြီးနားမြို့သို့ လေးခု၊ ရန်ကုန်မြို့သို့ နှစ်ခုနှင့် ကွမ်းခြံကုန်းမြို့သို့ တစ်ခု ဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီ လိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များနှင့် အသိပေးကြေညာချက်များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်



ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် အောက်ဆီဂျင်စက် တင်သွင်းလာသည့်ယာဉ်ကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၄**
အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးပစ္စည်းများကို လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၃၃ ခုမှ Actemra / Tocilizumab ၅၀၊ Amcet Tablet ၂၀၀၀၀၊ Emboxin Injection ၂၅၀၀၀၊ M-Noxa Injection ၂၆၀၀၀၊ Tenoxa Injection ၁၅၀၀၀၊ Remdesivir for Injection ၈၀၀၀၊ Flowmeter ၁၀၀၊ Nasal Cannula ၃၁၀ ခု၊ Oximeter ၂၅၆၈ ခု၊ Oxygen Analyzer တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၁၄၁ ခု၊ Oxygen Mask ၃၁၀၊ Oxygen Regulator ၂၀၊ Portable X-Ray Machine သုံးခု၊ Oxygen Concentrator Spare Parts ၈၀၁ ခု၊ ရန်ကုန် ဆိပ်ကမ်းများမှ Oxygen Regulator ၂၅၀၊ Oxygen Cylinder ၁၄၉ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၇ ခု၊ နှာခေါင်းစည်း ၁၂၀၀၀၀၊ Nasal Cannula ၁၅၀၀၀၊ Oxygen Mask ၅၀၀၀၀၊ Anesthesia Machine တစ်ခု၊ Oxygen Plant နှစ်ခု၊ ဆေးဝါးမျိုးစုံ ၃၄ မျိုး ၁၃၂၁၅၂ ဒသမ ၃၀၄ ကီလိုဂရမ်၊ နယ်စပ် (ကန်ပိုက်တီး၊ ချင်းရွှေဟော်၊ မူဆယ်၊ တာချီလိတ်၊ ကော့သောင်း၊ မြဝတီ) တွင် ကုမ္ပဏီ ၂၄ ခုမှ Oxygen Cylinder ၇၂၃၂ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၄၈ ခု၊ နှာခေါင်းစည်း ၅၄၃၇ ခု၊ အောက်ဆီဂျင်အရည် ၁၅၀၀၀ ကုဗမီတာ၊ Flow Meter ၂၁၃၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၃၃၄၀၊ အောက်ဆီဂျင်ထုတ်သည့်စက် လေးခု၊ Disposable Cap ၆၂၅၅ ကီလိုဂရမ်၊ Oximeter ၁၄၀၀၊ Shoe Cover ၈၈၀၀ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ကျေးရွာအဆင့် ခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အသိပညာပေးသင်တန်း သင်ကြားပို့ချ

**ရွှေတောင် ဩဂုတ် ၂၄**
ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားမှုကာလအတွင်း ကျေးလက်နေပြည်သူများ၏ ခေါင်းဆောင်မှုနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို ပိုမိုသိရှိပြီး လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာအဆင့် ခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေးသင်တန်းကို အွန်လိုင်းစနစ်ဖြင့် ပြည်ခရိုင် ရွှေတောင်မြို့နယ်ရှိ ကျေးရွာများ၌ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**အွန်လိုင်းစနစ်ဖြင့် သင်ကြားပို့ချ**

ကျေးရွာအဆင့် ခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေးသင်တန်းကို စီမံကိန်းဆောင်ရွက်သည့် ပြည်ခရိုင် ရွှေတောင်မြို့နယ်မှ ကျေးရွာ ၁၆ ရွာ၌ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး ယခုအခါ အဆိုပါကျေးရွာ ၁၆ ရွာအနက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်သည့် ဘယ်လက်ကျေးရွာ၊ ကြက်ဖြူတောင်ကျေးရွာ၊ ဖိုးသိန်းတန်ကျေးရွာ၊ ရှင်ငယ်ရွာသစ်ကျေးရွာနှင့် တပ်သစ်ကျေးရွာတို့မှ သင်တန်းသား ၂၈ ဦး၊ သင်တန်းသူ ခုနစ်ဦး စုစုပေါင်း ၃၅ ဦးကို သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသူနှင့် တာဝန်ခံဝန်ထမ်းများက အွန်လိုင်းစနစ်ဖြင့် စနစ်တကျ သင်ကြားပို့ချခဲ့ကြသည်။

ထို့ပြင် သင်တန်းဖွင့်လှစ်ရန် ကျန်ရှိသည့် ကျေးရွာများတွင်လည်း ကျေးရွာအဆင့် ခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေးသင်တန်း ဆက်လက်သင်ကြားပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းမြင့်မိုရ်



အုတ်တွင်းမြို့နယ်၌ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ပြည်သူများကို ဆန်တစ်ပြည်လျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက ရွှေ့လျားယာဉ်ဖြင့် လှည့်လည်ရောင်းချပေးစဉ်။

သန်းလွင်



ရေတာရှည်မြို့ပေါ်၌ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ဆန်တစ်ပြည်လျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက ရွှေ့လျားယာဉ်ဖြင့် ရောင်းချပေးစဉ်။

ကိုလွင်(ဆွာ)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

တစ်ရံခါသော် ဆိပ်သာကျွန်းထောက်တွင် နေထိုင်ကြသော အနွယ်တော်တို့ တောလည် ထွက်ကြရာ ပျားကြီးတောင်သို့ ရောက်ကြသည်။ ထိုမှ မြောက်ယွန်းယွန်း တောနက်ကြီးအတွင်း ဝင်ခဲ့ရာ သင်းပျံ့သောရနံ့၊ ဝင်းဖန့်သော အဆင်းရှိသည့် နံ့သာမြေဆီကို တွေ့ကြရသည်။ ၎င်းတို့ ဆယ့်နှစ်ဦးမှာ နံ့သာမြေဆီကို နှစ်ထောင်းအားရကိုယ်တွင် သုတ်လိမ်းပြီး အချို့ကို ယူငင်လျက် မြို့သို့ပြန်ခဲ့ကြသည်။ သူကြီးထံတွင် ရေနံ့သာထွက်ရာဒေသအတွက် မြေတိုင်စာ ယူကြသည်။ သူကြီးသည်လည်း နယ်နိမိတ်လေးရပ် သတ်မှတ်လျက် မြို့နေလူကြီးများရှေ့မှောက်တွင် မြေတိုင်စာပေးအပ်ခြင်းပြုသည်။

ယင်းနည်းဖြင့် တန်နက်မင်း၏ အနွယ်တော် ဆယ့်နှစ်ဦးတို့သည် သည်မြေမှ အဖိုးထိုက် အဖိုးတန် သယံဇာတတစ်မျိုးဖြစ်သည့် "ရွှေမည်း" ခေါ် "ရေနံ" ကို စတင်တွေ့ရှိခဲ့ကြလေသည်။

ပုဂံပြည့်ရှင် အနိရုဒ္ဓါဒေဝဘွဲ့ခံ အနော်ရထာမင်းသည် အရှင်အရဟံမထေရ်မြတ်၏ အဆုံးအမခံယူတည်၍ အရည်းရှင်ယောင်တို့၏ မိစ္ဆာအယူဝါဒကို ပယ်ရှားလျက် ဗုဒ္ဓဝါဒတွင် သက်ဝင်ယုံကြည်ကာ သာသနာကို ပြုစုပျိုးထောင်သည်။ မြတ်စွာဘုရားသခင်၏ ဓမ္မက္ခန္ဓာတော်မြတ်ဖြစ်သော ပိဋကတ်သုံးပုံကို သထုံပြည်မှ ပင့်ဆောင်ခဲ့သည်။ ပေထက်အက္ခရာတင်ထားအပ်သော ပိဋကတ်တော်များမှာ ပုရွက်ပိုး စသည်တို့၏ အမျိုးမျိုးသော အနှောင့်အယှက်ကို ခံရသည်။ ထိုအခါ အရှင်အရဟံမထေရ်မြတ်၏ အဆိုအမိန့်အရ ဆိပ်သာကွန်းထောက်မှ ရေနံကိုယူ၍ ပေရွက်များကို သုတ်လိမ်းလေလျှင် ပုရွက်ပိုးတို့၏ ဘေးမှလည်းကောင်း၊ ရာသီဥတုဒဏ်မှလည်းကောင်း ကာကွယ်နိုင်ကြောင်း တွေ့ရသည်။ ရေနံ့သာကို မပြတ်ဆက်သွင်းစေ၍ မြို့အမည်ကိုလည်း ဆိပ်သာကွန်းထောက်မှ "ရေနံ့သာမြို့" ဟု ပြောင်းလဲ ခေါ်ဝေါ်စေခဲ့သည်။

တစ်ဖန် အလောင်းစည်သူမင်းလက်ထက်တော်၌ အလည်ကြူးသော မိဖုရားခုနစ်ဖော်ကိုအကြောင်းပြု၍ လည်းကောင်း၊ ရေနံတို့ ချောင်းအသွင် တသွင်သွင် စီးဆင်းတတ်လေ၍ လည်းကောင်း၊ ရေနံ့သာမှသည်"ရေနံချောင်း"ဟူ၍ တွင်ခဲ့ပြန်သည်။

သို့ဖြင့် ဧရာဝတီမြစ်နှင့် ပင်းချောင်းကြက်လျှာစွန်း၊ အံ့ကိုးပါးနယ်နိမိတ် အဝန်းအပိုင်းအတွင်းမှ သည်နေရာ သည်ဒေသသည် နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်မျှ အရှည်တည်ခဲ့လေပြီ။

ယင်းသို့လျှင် ဆိပ်သာကွန်းထောက်၊ ရေနံ့သာ၊ ရေနံချောင်း သုံးမည်ရ အဓိကရသည်မြေကား ခင်ခင်ကြီး၏ မွေးရပ် ဇာတိတည်း။

x x x x x

[၁]

**"ဘိုးကြီးသခင်၊ ကျေးဇူးရှင်နှင့်၊ ညောင်အုပ်–ညောင်ရွှေ၊ စလေ–ထီးလင်း၊ ကျပင်း–ပုပ္ပား၊ ညောင်ရမ်းစားမိဖုရားခုနစ်ဖော်၊ မောင်တော် ထင်ရှား ကျည်းပုဏ္ဏား။ စားတော်ခေါ်ပါ၊ သောက်တော်ခေါ်ပါ။ အစဉ်ကိုး၍ အရိုးတင်ပါသည်။ အမြှုပ်တောင်လိုတန်းပါစေ၊ အရေခေါင်သို့ပန်းပါစေ။ မ,တော်မူပါ၊ စ,တော်မူပါ"။**

တိုင်လေးတိုင်က မခိုင့်တခိုင်၊ လေတိုးလျှင် ယိုင်ချင်သည်။ ထန်းလက်မိုး၊ ဝါးဘိုးတိုင်ထူကာ ဖြစ်ကတတ်ဆန်းဆောက်လုပ်ထားသော ကနဖျင်းတစ်ခု။ သို့ပေမဲ့ ပူလောင်ပြင်းပြလှသော အညာနေကို သူ့အတိုင်း သူ့အထွာနှင့် အံတုသည်။ သင့်တင့်သော အရိပ်အာဝါသကို ပေးစွမ်းသည်။

ကနဖျင်း အရိပ်အောက်တွင် လူဆယ့်ငါးယောက်ခန့် ရှိသည်။ ကျပ်ကျပ်တည်းတည်း တိုးတိုးဝေ့ဝေ့နှင့်ပင် ဖြစ်သလိုနေခိုနေကြသည်။ ကလေးရော လူကြီးရော၊ ယောကျ်ားရော မိန်းမပါ ရောနှော ကျပ်ညပ်နေသည်။ နီးကြောဖျာ၊ သင်ဖြူးနှင့် ကော်ဇောများ ခင်းထားသည်။

အုန်း၊ ငှက်ပျော၊ ကန်တော့ပွဲဆယ့်တစ်ပွဲ၊ မုန့်ဖြူ မုန့်နီ၊ ကောက်ညှင်း၊ ငါးကြော်ခေါင်းမြီး အစုံအလင် ဆယ့်တစ်ပွဲ၊ ပွဲပေါင်းက မြိုင်သည်နှင့်။ လူအားလုံး၏ အကြည့်သည် ကန်တော့ပွဲများဆီသို့ရောက်နေသည်။ စိတ်အာရုံများသည်လည်း ထိုနေရာမှာပင် ရှိမည်ဟု ယုံမှတ်ရသည်။

အသက်လေးဆယ်ကျော် ငါးဆယ်နီးပါးရှိ လူတစ်ဦး၏ အောင်မြင်ခံ့ညားသောအသံသည် ဝန်းကျင်ကို လွှမ်းမိုးနေသည်။ သူ့အသံကြောင့် ခပ်လှမ်းလှမ်း ထနောင်းပင်မှ ချိုးတစ်ကောင် လန့်ဖျပ်ပျံပြေးသည်။ အနီးအနားတစ်ဝိုက်မှ လူတစ်သိုက်သည်လည်း လုပ်လက်စအလုပ်ကို ရပ်နားကာ သည်မှာဘက်သို့ ကြည့်လာကြသည်။

**အုန်း၊ ငှက်ပျော၊ ကန်တော့ပွဲဆယ့်တစ်ပွဲ၊ မုန့်ဖြူ မုန့်နီ၊ ကောက်ညှင်း၊ ငါးကြော်ခေါင်းမြီး အစုံအလင် ဆယ့်တစ်ပွဲ၊ ပွဲပေါင်းကမြိုင်သည်။ လူအားလုံး၏အကြည့်သည် ကန်တော့ပွဲများဆီသို့ ရောက်နေသည်။ စိတ်အာရုံများသည်လည်း ထိုနေရာမှာပင်ရှိမည်ဟု ယုံမှတ်ရသည်။ လူတစ်သိုက် ရေနံတွင်းတူးနေကြသည်။ ရေနံပေါက်ခါနီးပြီဖြစ်၍ ပူဇော်ပသ . . .**

နေသည် ချစ်ချစ်တောက် ပူပြင်းလှချေ၏။ အရာခပ်သိမ်းကိုလောင်းကျွမ်းပစ်လေတော့မည်လား ထင်ရ၏။ ထွန်းလင်းတောက်ပလျက် ပူလောင်ပြင်းပြသော ရောင်ခြည်များကို အညှာအတာကင်းစွာ ပစ်လွှတ်နေဘိသည်သို့ ရှိ၏။

ကောင်းကင်သည် ကြည်လင်ပြာလွဲ့နေသည်။ မိုးသားတိမ်လိပ်ကင်းမဲ့သည်။ ထို့ကြောင့်လည်း နေအရောင်သည် အတားအဆီးမရှိ တိုက်ရိုက်ထိုးကျနေသည်။ ကြည့်လေရာရာ လွင်တီးခေါင်ပြင်ဖြစ်သည်။ ကန္တာရကြီးတစ်ခုနှင့် တူသည်။ ထနောင်း၊ ရှားစောင်း၊ ဆူးရစ်နှင့် မိကျောင်းကွမ်းဖတ်ပင်တို့ ဟိုတစ်စု သည်တစ်စု ကျိုးတိုးကျဲတဲ ပေါက်ရောက်နေသော တောင်ကတုံးနှင့် ဖုန်းဆိုးမြေအပြင်သည် တောက်ပလွန်းသော နေရောင်ခြည်အောက်တွင် မွဲညစ်ခြောက်သွေ့သော အပြင်အလျာဖြင့် ပြန့်ပြန့်ကြီး လဲလျောင်းနေသည်။ နေရာတကာမှာပင် တံလှပ်တို့ တရှိန်ရှိန် တညီးညီး ထနေသည်။

ထန်းပင်အချို့မှအပ သစ်ကြီးဝါးကြီးမရှိ၊ မပေါက်ရောက်။ အချို့နေရာတွင် ထန်းပင်ထိပ်ဖျားမှ ကျော်လွန်ထိုးထွက်နေသော မျှော်စင်သဏ္ဌာန် မားမားစွင့်စွင့် သံထည် စင်ကြီးများရှိကြသည်။

တိုက်ခတ်သော လေကလည်း ရေနွေးပူနှင့် ပက်ဘိသည်သို့ ပူစပ်ပူလောင်ရှိလှချေသည်။ လေတွင် သဲမှုန့်များ ပါလာတတ်သည်။ အချို့နေရာတွင် လေပွေဝဲက တော့ထိုးကာ အမှိုက်သရိုက်များ ဖုန်မှုန့်သဲမှုန့်များ ကောင်းကင်သို့ လွင့်ပါးတက်ရောက်လျက်ရှိသည်။

အတော်ချည်း ဝေးကွာသောနေရာသို့ လှမ်းမျှော်ကြည့်လိုက်မည်ဆိုလျှင် မြစ်တစ်သွယ်၏ ပြာလဲ့သော ရေစီးကြောင်း၊ မြစ်အလယ်မှ ရေပေါ်သောင်ဖွေးဖွေးနှင့် ခြေတံရှည်အိမ်ကလေးများကို ပျပျမျှမြင်သာသည်။ မြစ်အတွင်း ခုတ်မောင်းသွားလာနေသည့် သင်္ဘောအချို့၊ သင်္ဘောခေါင်းတိုင်မှ သွယ်နွဲ့စွာ ပျံ့လွင့်နေသည့် မီးခိုးတန်း၊ ရွက်တိုက်လွင့်ပါးနေသည့် လှေစသည်တို့ကို ရေးရေးမျှသာ တွေ့သာသည်။

ကနဖျင်းဆီမှ လင်္ကာရွတ်ဖတ်သံ ဆုံးလေလျှင် ဝန်းကျင်မှာ တိတ်ဆိတ်သွားသည်။ အဝေးရှိထန်းတောမှ ဥသြငှက်အော်မြည်သံ သဲ့သဲ့ပျံ့လွင့်လာသည်။

ဦးသာကျော်သည် ကန်တော့ပွဲများမှ မျက်နှာလွှဲလိုက်သည်။ နောက်သို့လှည့်ကြည့်လာသည်။

"ဘယ့်နှယ့်လဲ မောင်ညွန့်မောင်၊ ဒီတစ်ခါ တူးရွှင်းရာ ပေးရင်ပေါက်မှာ သေချာရဲ့လားကွယ့်"

ဦးသာကျော်က သူနှင့်မလှမ်းမကမ်းတွင် ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်နေသော လူတစ်ယောက်ကို မေးလိုက်သည်။ မေးမြန်းခြင်း ခံလိုက်ရသော ကိုညွန့်မောင်က ကြာရှည်စဉ်းစားမနေဘဲ ချက်ချင်းအဖြေပေးသည်။

"သေချာပါတယ် အဘရဲ့။ အတောင်ငါးဆယ်လောက်ကတည်းက ခါးပန်းက အတန်စိမ့်နေမင့်ဟာ။ အခုအနက်က အတောင်တစ်ရာကျော်လာပြီ မဟုတ်လား"

ဦးသာကျော်သည် ကြားလိုက်ရသည့် အဖြေစကားအတွက် ကျေနပ်သလို ပြုံးလိုက်သည်။ သို့ရာတွင် ...

"ဒီကနေ့မှ ဦးအောင်ခန့်မလာနိုင်တာ နာသကွယ့်။ နို့မဟုတ်ရင် တို့များအတွက် ဘောက်ဆူးမြက်မြက်ကလေးရဖို့ ကျိန်းသေနေတာကလား" ညည်းညူသလို ဆိုသည်။

"ဦးအောင်ခန့်ဟာ အခါတိုင်းနေ့တွေက တစ်ရက်မပျက်လာပြီး ဒီကနေ့မှ ဘာလို့မလာရတာတဲ့လဲ အဘရဲ့"

ဦးသာကျော်သည် ကိုညွန့်မောင်၏အမေးကို ရုတ်ခြည်းမဖြေ။ မျက်နှာမှာ ပြုံးလာပြီး ဟက်ခနဲရယ်ချလိုက်သည်။

"ဒီက တွင်းပေါက်ခါနီးဆဲဆဲဖြစ်နေသလို၊ သူ့ဇနီးမြလေးမှာလည်း ဥက ပေါက်ခါနီးဆဲဆဲ ဖြစ်နေလို့ပေါ့ကွယ်"

ဦးသာကျော်၏စကားကို ကိုညွန့်မောင်သာမက အားလုံးကပင် ဝိုင်းဝန်းရယ်မောလိုက်ကြသည်။

"ကိုင်း၊ ကိုင်း ကောက်ညှင်းစားကြပေ့ါ။ စားပြီးရင် နေရှိခိုက် အလုပ်ပြန်စကြဦးစို့ရဲ့"

ကနဖျင်းနှင့် ကပ်လျက်ရှိသောနေရာတွင် အတန်မြင့်မားသည့် သုံးချောင်းထောက် ဖိုခနောက်ဆိုင်စင်တစ်ခုရှိသည်။ အခြေတွင်ကားလျက် အဖျားတွင်စုသည်။ တြိဂံသုံးခုကို ဆက်စပ်ထားသည့်နှယ်ဖြစ်သည်။ တိုင်ထိပ်တွင် တစ်တောင်ခန့်မြင့်သော တိုင်တစ်ချောင်း၊ တိုင်၏အဖျားတွင် အဝတ်ဖြူတစ်စချည်ထားသည်။ အဝတ်စသည် အလံတစ်ခုသဖွယ် လေတွင် တဖျပ်ဖျပ်လွင့်နေသည်။

သုံးချောင်းထောက်တိုင်များ ခွထားရာမြေပြင်တွင် စတုရန်းသဏ္ဌာန် တွင်းတစ်တွင်း။ မကျဉ်းသလို ကျယ်လည်းမကျယ်လှ၊ လူတစ်ကိုယ် ချောင်ချောင်ဝင်ဆံ့သော အကျယ်အဝန်းရှိသည်။ တွင်းနှင့်မနီးမဝေး၌ မှန်တစ်ချပ်ထောင်ထားသည်။

တွင်းပေါ်မှာ တန်းတိုးတစ်တိုး၊ တန်းတိုးပေါ်မှာ ဂျင်လေးခွ၊ ဂျင်လေးခွပေါ်မှာ ဂျင်ဘုနှစ်ခု၊ ဂျင်ဘုတွင် သုံးလွန်းတင်ကြိုးများ ပတ်ထားသည်။

ဤသည်ကိုကြည့်လျက် ရေနံလက်ယက်တွင်းတစ်ခု၏ ယေဘုယျအခြေအနေများဖြစ်ကြောင်း သိသာသည်။

လူတစ်သိုက် ရေနံတွင်းတူးနေကြသည်။ ရေနံပေါက်ခါနီးပြီဖြစ်၍ တွင်းနက်ကို ပူဇော်ပသနေကြခြင်းဖြစ်သည်ဆိုခြင်းကို ထင်ရှားစေသည်။

ဦးသာကျော်မှာ "တွင်းထိန်း" ဖြစ်ပေသည်။ အသက် လေးဆယ်ကျော် ငါးဆယ်နီးပါးရှိသည်။ လူလုံးလူဖန်သေးသော်လည်း ကျစ်လျစ်မာကျောသည့် အသားဆိုင်များရှိသည်။ ပါးနပ်လိမ္မာလျက် ကျွမ်းကျင်ဖျတ်လတ်ပုံရသည်။ အသက်အရွယ်အရလည်းကောင်း၊ လုပ်ရည်ကိုင်ရည်ကြောင့် လည်းကောင်း အများက "အဘ"ဟု တရိုတသေ ခေါ်ကြသည်။ အချို့ကမူ နောက်ကွယ်တွင် "ဘိုးဘိုး" ဟု ခေါ်ကြပေသည်။

ရေနံတွင်းတူးရာဝယ် ဦးသာကျော်သည် အဓိကဖြစ်သည်။ အခရာဖြစ်သည်။ "တွင်းတူး" သူများ၏ အသက်သည် သူ့လက်ထဲမှာ ရှိပေသည်။ လုပ်သက်သမ္မာရင့်ရသည်နှင့်အမျှ ကြီးလေးသောတာဝန်ကို ယူရသူဖြစ်သည်။ ကိုညွန့်မောင်သည် "တွင်းတူး" ဖြစ်သည်။ အသက်သုံးဆယ်ဝန်းကျင်သာ ရှိသေးသည်။ ကိုယ်ကာယ ထွားကျိုင်းသန်မာသည်။ သွက်လက်ဖျတ်လတ်သည်။ တွင်းတူးတို့၏ ထုံးစံအတိုင်း မိုက်တိမိုက်ကန်းနှင့် တစ်ဇွတ်ထိုးနိုင်မည့်ဥဉ်ကို မျက်နှာသွင်ပြင်က ဖော်ပြနေသည်။ စင်စစ်တွင်လည်း ရေနံတွင်းထဲသို့ ဆင်းဖို့ဆိုသည်မှာ တော်ရုံလျော်ရုံ သတ္တိရှိကာမတ္တမျှဖြင့် မဖြစ်နိုင်။ အန္တရာယ်ကြီးသည်နှင့်အမျှ စွန့်စားရသော အလုပ်မျိုး။

ဦးသာကျော်နှင့် ကိုညွန့်မောင်သည် မျက်နှာချင်းဆိုင် ထိုင်နေကြသည်။ ကောက်ညှင်းပေါင်းစားနေကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

**ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း**

# အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေး၏ အဆင့်မြင့်အရာရှိများ အထူးအစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ပါဝင်ဆွေးနွေး



နေပြည်တော် ဩဂုတ် ၂၄

(၄၂)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး၏ အဆင့်မြင့်အရာရှိများ အထူးအစည်းအဝေးကို ဩဂုတ် ၂၃ ရက်တွင်လည်းကောင်း၊ (၂၀)ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေး၏ အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံ–ရုရှား စိုက်ပျိုးရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်းအဝေးကို ယနေ့တွင်လည်းကောင်း အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များနှင့်အတူ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

(၄၂)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး၏ အဆင့်မြင့်အရာရှိများ အထူးအစည်းအဝေးတွင် (၃၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် (၂၇)ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးမှ ထွက်ပေါ်လာသော လမ်းညွှန်ချက်များအား တင်ပြခြင်း၊ ၂၀၂၁ ခုနှစ်အတွင်း အတည်ပြုမည့် စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ လမ်းညွှန်ချက်များ၊ မူဘောင်များနှင့် ၂၀၂၂ ခုနှစ်အတွင်း အပြီးသတ်ရေးဆွဲ အတည်ပြုနိုင်ရေးအတွက် အဆိုပြုတင်ပြမည့် လမ်းညွှန်ချက်များ၊ မူဘောင်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်း၊ လုပ်ငန်းအဖွဲ့အစည်းအဝေးများမှ ထွက်ပေါ်လာသည့် ရလဒ်များကို လုပ်ငန်းအဖွဲ့အစည်းအဝေးများ၏ သဘာပတိများက တင်ပြဆွေးနွေးခြင်း၊ အာဆီယံနှင့် မိတ်ဖက်နိုင်ငံများ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ပူးပေါင်း ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခြင်းနှင့် ၂၀၂၂ ခုနှစ်အတွင်း ကျင်းပမည့် အစည်းအဝေး၏ နေ့ရက်နှင့် နေရာတို့ကို ဦးဆောင်မည့်နိုင်ငံက တင်ပြဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ညှိနှိုင်းဆွေးနွေး**

(၂၀)ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး၏ အဆင့်မြင့်အရာရှိများ အထူးအစည်းအဝေးတွင် (၂၃)ကြိမ်မြောက် အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေး၊ (၂၃)ကြိမ်မြောက် အာဆီယံအပေါင်းသုံး စီးပွားရေးဝန်ကြီးများ အစည်းအဝေးတို့မှ ထွက်ပေါ်လာသည့် လမ်းညွှန်ချက်များ၊ အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သော စီမံကိန်းများ၊ အာဆီယံ အပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာထားရှိရေး အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များ၊ အာဆီယံနိုင်ငံများ၏ စားနပ်ရိက္ခာဖူလုံစေရေးဆိုင်ရာ သတင်းအချက်အလက်စနစ်၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

(၆)ကြိမ်မြောက် အာဆီယံ–ရုရှား စိုက်ပျိုးရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်းအဝေးတွင် (၃၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် (၉)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ရုရှားနိုင်ငံတို့အကြား ညှိနှိုင်းဆွေးနွေးပွဲတို့မှ ထွက်ပေါ်လာသည့် လမ်းညွှန်ချက်များ၊ အာဆီယံ–ရုရှား စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းများ၊ ဆောင်ရွက်ဆဲ စီမံကိန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အနုပညာ

# ဂျိန်းစ်ဘွန်းအဖြစ် ဆက်လက်မရိုက်ကူးဖို့ ဒန်နီရယ်ခရက် ဆုံးဖြတ်



ဂျိန်းစ်ဘွန်းရုပ်ရှင်တွေရဲ့ အဓိကဇာတ်ဆောင် ဂျိန်းစ်ဘွန်းအဖြစ် နောက်ဆုံးရုပ်ရှင်အထိ သရုပ်ဆောင်ခဲ့သူ မင်းသားကြီး ဒန်နီရယ်ခရက်ကို ဂျိန်းစ်ဘွန်းအဖြစ် နောက်ထပ်တွေ့မြင်ရတော့မှာ မဟုတ်ပါဘူး။ ဒန်နီရယ်ခရက်ဟာ ဒဏ်ရာပြဿနာတွေကြောင့် ဂျိန်းစ်ဘွန်းအဖြစ် ဆက်လက်သရုပ်မဆောင်တော့ဖို့ ဆုံးဖြတ်လိုက်တာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၅၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဒန်နီရယ်ခရက်ဟာ ဂျိန်းစ်ဘွန်းရုပ်ရှင်ငါးကားမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး နောက်ဆုံးပါဝင်ခဲ့တဲ့ ရုပ်ရှင်ကတော့ No Time To Die ဖြစ်ပါတယ်။ ဂျိန်းစ်ဘွန်းရုပ်ရှင်သမိုင်းမှာ ဂျိန်းစ်ဘွန်းအဖြစ် အချိန်အကြာဆုံးပါဝင်သရုပ်ဆောင်ခဲ့သူအဖြစ် ယခင်မှတ်တမ်းဝင်ခဲ့တဲ့ မင်းသားကြီး ရော်ဂျာမိုးရဲ့ စံချိန်ကို ကျော်လွန်ကာ ဒန်နီရယ်ခရက်ဟာ ၁၅ နှစ်တိုင်တိုင် ဂျိန်းစ်ဘွန်းအဖြစ် ပါဝင်ခဲ့တဲ့ အချိန်အကြာဆုံး ပါဝင်သရုပ်ဆောင်ခဲ့သူအဖြစ် စံချိန်သစ်တင်ထားတာလည်း ဖြစ်ပါတယ်။

ဒန်နီရယ်ခရက်ဟာ သူ ဂျိန်းစ်ဘွန်းအဖြစ် ပထမဆုံး ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ရုပ်ရှင်ကတည်းက ပစ်ခတ်မှုရိုက်ကူးရေးတွေမှာ ဒဏ်ရာရရှိခဲ့တာဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ်အတွင်း ရိုက်ကူးခဲ့တဲ့ Casino Royale ရုပ်ရှင်မှာ ဒန်နီရယ်ခရက်ဟာ ပစ်ခတ်မှုစတန့်တစ်ခုကို ရိုက်ကူးရင်း သွားနှစ်ချောင်း ကျွတ်ခဲ့တယ်လို့ သိရပါတယ်။

ဒန်နီရယ်ခရက်ဟာ Candis မဂ္ဂဇင်းနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ သူဟာ တိုက်ခိုက်တဲ့အခန်းတွေကို ရိုက်ကူးရတာကို ကြိုက်နှစ်သက်ကြောင်း၊ သို့သော် ယခုအသက်အရွယ်ရလာချိန်မှာ ယခင်လုပ်ဆောင်ခဲ့သလို မလုပ်နိုင်တာတွေ ရှိလာကြောင်းနဲ့ No Time To Die ဟာ သူ့ရဲ့နောက်ဆုံးဂျိန်းစ်ဘွန်းရုပ်ရှင်ဖြစ်လာမှာဖြစ်ကြောင်း ထည့်သွင်းဖြေကြားခဲ့တယ်လို့ သိရပါတယ်။

**အေးပြည့်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၈-၂၀၂၁ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ ပေဋကသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ သူတို့ဒေသသူတို့ဘဝ 'ရှိန်းမကားမှ သဘာဝအလှ'
- ၀၉:၁၀ စိုက်ပျိုးရေးရာအဖြေရှာ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ ပြည်သူ့နီတိ 'အမြင့်မျှင့်ကျ'
- ၁၁:၂၀ ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'ပထဝီဝင်ဘာသာရပ်'**
- ၁၇:၁၀ ရှန်းကန်လှုပ်ရှားဘဝများ
- ၁၇:၃၅ MRTV Travelogue
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ လှပစွာပုံဖော်ထုဆစ်ထား သလ္လာမြေမှသဘာဝတွင်းထွက်ကျောက်အလှဆင်ပစ္စည်းများ
- ၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားဒေါ်သောင်ရာ'** (အပိုင်း–၅၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ကိုဗစ်–၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
- ၂၁:၂၅ ဝသာန်ခါမီတေးသံသီ ဖျော်ဖြေမှုအစီအစဉ်

### mitv

- 07:01 News
- 07:26 Kayah Style
- 07:35 Kayah StyleKayah StyleKayah Style
- 08:01 Pan Tamawt… Stone Carving
- 08:28 Bamboo Fashion in Style
- 08:39 Myanmar Masterclass: Artist Hla Phone Aung
- 08:51 A Nun's Creation in Fruit Carving
- 09:01 Myanmar Traditional Instruments - Myanma Harp (Episode-2)
- 09:26 Myanmar's Entrepreneurs: Soe Moe Aung
- 09:39 Bago: A City Of Famous Historic Pagoda
- 10:01 Talk & Discussion: All about Weight Loss
- 10:43 Mosaic Painting (Precious Stones & Gems)
- 11:01 Shwe U Min Natural Cave In Kalaw
- 11:17 Aesthetic Painting on Pathein Umbrella

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးဆိုင်ရာဗဟုသုတ

**ဝကေကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဒူးရင်းသီးအကြောင်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်စာပေသင်ကြားကြရအောင်(အပိုင်း–၁)

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ချိုအေးမွှေးတဲ့အုန်းမွှေးလုံး

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ကြက်သားတုံးကြော်

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
မိုးတွင်းညထွက်သား/ငါးရှာဖွေခြင်း

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်တို့အလှ မွန်တို့ရိုးရာဝတ်စုံ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိ ရခိုင်ဟင်းလျာများ

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရွှေတိဂုံမြို့တော်

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
တန့်ယန်းမြို့အလှ

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း–၆)
- ၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ရာသက်ပန်ပေါင်းဖို့ရန် ရည်ရွယ်မှသာ'**
- ၁၁:၃၀ အတွေးအမြင် (အပိုင်း–၆)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

ကြေးမုံ




CAEXPO

# Welcome to the 18th China-ASEAN Expo!

September 10-13, 2021
Nanning, China

Country of Honor
Lao PDR
Special Partner Country
Pakistan



◆Major Chinese exhibits: engineering machinery & vehicles, food processing & packaging equipment, intelligent energy & electric power, information technologies, green building materials, public health & epidemic prevention, and other Chinese commodities and high-end technologies catered for the Myanmar market

◆Major Myanmar exhibits: handicrafts, agro-based products, foodstuffs, jewelry & jade, service in trade and investment, and other distinctive commodities

◆Hosting trade and investment promotion events to advance the Myanmar-China cooperation in economy and production capacity

Physical + On-line CAEXPO
On-line and On-site Combination
On-line CAEXPO running all year round

www.caexpo.org

Scanning the code to login

Contact Us: China-ASEAN Expo Secretariat
Tel: +86-771-2212641/2268033
Fax: +86-771-2212010
E-mail: kathylusimin@163.com
Hotline: +86-771-12345-9, +86-771-12343

FACEBOOK TWITTER WECHAT WEIBO

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနရှိ 132/33/11kV, 30MVA Three Phase Transformer (1)No အား အောင်ပင်လယ်ပင်မဓာတ်အားခွဲရုံမှ သာစည်ပင်မဓာတ်အားခွဲရုံသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)သို့ တင်ဒါပိတ်ရက် ၇-၉-၂၀၂၁ရက် ၁၄:၀၀နာရီတွင် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး လာရောက်ဝယ်ယူရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ Covid-19 ရောဂါဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်၍ ကုမ္ပဏီ(၁)ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## သက်ဆိုင်သူများနှင့်အများသိစေရန် သတိပေးတားမြစ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မြေနှင့်တိုက်ပိုင်ရှင်၊ အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြုသူ ဦးဘဆွေ [၁၂/ပဇတ(နိုင်)၀၂၅၇၂၈]ကိုင်ဆောင်သူ၊ အမှတ်(၆/၈)၊ ဘီ/စီ၊ ၆-လွှာ နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အနော်ရထာလမ်းမ၊ အမှတ်(၈)၊ ၄-လွှာ၊ A လမ်းကြားဘက်ထောင့်ခန်း (၁၃ပေx၅၅ပေ)အကျယ်အဝန်းရှိ အဆိုပါတိုက်ခန်းကို အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြုသူ ဦးဘဆွေထံမှ ဦးစူပွရား(ခ)ဦးမောင်ချစ် [၁၂/ပဇတ(နိုင်)၀၂၇၀၃၄]ကိုင်ဆောင်သူက ငွေတစ်ပြားတစ်ချပ်မှ ပေးခြင်းမရှိဘဲ အဆိုပါတိုက်ခန်းတွင် (၁၀-၄-၂၀၀၁) ရက်စွဲပါ ကတိစာချုပ်ချုပ်ဆိုပြီး လူမှုရေးအရ ကျွန်ုပ်၏မိတ်ဆွေ ဦးဘဆွေမှ အခမဲ့နေထိုင်ခွင့်ပြုခဲ့ပါသည်။ ယခုအခါ တိုက်ခန်းတွင် အခမဲ့နေထိုင်သူ ဦးစူပွရား(ခ)ဦးမောင်ချစ်မှာ ကွယ်လွန်သွားပြီးဖြစ်သဖြင့် ၎င်း၏ဇနီး၊ သားသမီးများ အဆိုပါတိုက်ခန်းတွင် နေထိုင်လျက်ရှိနေပါသည်။ သို့ပါ၍ အဆိုပါတိုက်ခန်းအမှတ် (၈)၊ (၄)လွှာ၊ လမ်းကြားဘက်ထောင့်ခန်းအား မည်သူမျှ တစ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း၊ ငှားရမ်းခြင်း၊ အမွေစားအမွေခံပေးကမ်း၊ စွန့်ကြဲ၊ လှူဒါန်းခြင်းစသည့်ကိစ္စအရပ်ရပ်များကို မပြုလုပ်ကြပါရန် ကျွန်ုပ်၏မိတ်ဆွေကိုယ်စား သက်ဆိုင်သူများနှင့် အများသိစေရန် သတိပေးတားမြစ်လိုက်ပါသည်။ လိုက်နာခြင်းမရှိပါက ပြစ်မှုကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စီစီအေး (စဉ်-၁၅၅၀၉)**
**တရားလွှတ်တော်ရှေ့နေ (LL.B,DBL)**
**Ph: 09-420035177**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့၊ ရှမ်း/ကြေးရပ်ကွက်၊ ဆေးရုံဟောင်းလမ်း၊ ဦးပိုင်အမှတ်-၉၉၊မြေကွက်အမှတ်၂၃၂အတွင်းရှိမြေနှင့်အဆောက်အဦး အပါအဝင် ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တံတားမြို့နယ်၊ပန်းဆိုးတန်းလမ်း၊ မြန်မာ့စီးပွားရေးဘဏ်၊ငွေစုဘဏ်(၁)တွင် စာရင်းဖွင့်လှစ်ထားသော ငွေစာရင်း အမှတ်-SS ၂၁၇၇၁၀ ရှိငွေများကို ၃၁. ၇. ၂၀၂၁နေ့တွင် ကွယ်လွန်သွားသော ဒေါ်ရွှေရွှေ (၇/ရကန(နိုင်) ၀၂၇၄၅၆)၏အုပ်ထိန်းမှုအောက်တွင်တရားဝင်ရှိနေ ပြီးအတူနေမိသားစုများဖြစ်သည့် မစန်းအေး (၇/ရကန(နိုင်)၀၄၀၁၇၃)၊ မခင်မိုးကြည်(၇/ရကန(နိုင်)၀၃၇၁၄၂)၊ မခင်မိုးအေး(၇/ရကန(နိုင်)၀၄၀၁၇၅) တို့မှ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူ တစ်ဦးတစ်ယောက်အနေဖြင့် အထက်ပါမြေနှင့်အိမ်၊ ငွေကြေးတို့နှင့်ပတ်သက်၍ ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါကဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မြတ်ချို (LL.B) — တရားလွှတ်တော်ရှေ့နေ (စဉ်/၁၀၀၅၆)
ဦးသန်းထွန်း B.Sc, B.Ed, HGP — အထက်တန်းရှေ့နေ (စဉ်/၅၁၄၆၅)

ကတ-၁၄၃၊ရွှေကျင်-ကျောက်ကြီးလမ်း၊ရွှေကျင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊
ဖုန်း-၀၉၇၇၉၁၁၀၉၄၃၊ ၀၉-၇၉၃၂၆၇၉၄၀

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ မြတ်မွန်လမ်း၊ မြေကွက်အမှတ်(၅၈၃)နေ ဦးခင်မောင်ကြည်(ဘ)ဦးစောလှအောင်၊ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ကမတ(နိုင်)၀၃၄၈၅၃]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်မောင်ကြည်သည် ဖခင်ဖြစ်သူ ဦးစောလှအောင်နှင့် မိခင်ဖြစ်သူ ဒေါ်သန်းတို့မှ မွေးဖွားခဲ့သော မွေးချင်း(၂)ဦးရှိသည့်အနက် အငယ်ဆုံးသားဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏အစ်ကိုဖြစ်သူ ဦးစန်းကြည်(ဘ)ဦးစောလှအောင်[၁၂/ကမတ(နိုင်)၀၀၇၈၁၃]သည် ၁၀-၇-၂၀၂၁ ရက်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားခဲ့ရာ ၎င်းသည်လူပျိုကြီးဖြစ်၍ အမွေစားအမွေခံသားသမီးတစ်ဦးတစ်ယောက်မျှမရှိသည့်အတွက် ၎င်း၏အမွေပုံပစ္စည်းအနေဖြင့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၇၂/4-B)ဟုခေါ်တွင်သော တိုက်ခန်းကျန်ရှိခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်မောင်ကြည်သာလျှင် ကွယ်လွန်သူဦးစန်းကြည်၏ တရားဝင်အမွေဆက်ခံခွင့်ရှိသူဖြစ်သည့်အတွက် အဆိုပါတိုက်ခန်းအား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ရရှိသွားပြီးဖြစ်သည်ကို ကန့်ကွက်လိုပါက ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟုအဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစွမ်းထက်ပိုင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၀၆)**
**LL.B,DBL,DIL,MA(Business Law)**
**ဖုန်း-၀၉-၄၃၀၉၄၆၇၂**
**တိုက်(၁၄)၊ အခန်း(B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

MARIE STOPES MYANMAR

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများဆောင်ရွက်လျက်ရှိသော မာရီစတုပ်မြန်မာလူမှုရေးအဖွဲ့မှ အောက်ဖော်ပြပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

<u>လုပ်ငန်းအမျိုးအမည်</u>
(က) ဆေးကတ်တူး(ကြီး)ပုံနှိပ်ခြင်းနှင့်ဒါးဘောင်ချိုးခြင်း (အရေအတွက် - ၁၂၅,၀၀၀)
(ခ) ဆေးကတ်တူး(သေး)ပုံနှိပ်ခြင်းနှင့်ဒါးဘောင်ချိုးခြင်း (အရေအတွက် - ၂,၅၀၀,၀၀၀)
(ဂ) ဆေးသောက်ရန် အညွှန်းစာရွက်ပုံနှိပ်ခြင်း (အရေအတွက် - ၂,၅၀၀,၀၀၀)

<u>စံနှုန်းသတ်မှတ်ချက်</u>
(က) ပုံနှိပ်စက်သည် အနိမ့်ဆုံး (2-Units)စက်အမျိုးအစားဖြစ်ရမည်။
(ခ) လုပ်ငန်းလိုင်စင် မှတ်ပုံတင်ထားရှိသူဖြစ်ရမည်။

<u>တင်ဒါလျှောက်လွှာထုတ်ယူရမည့်ရက်/အချိန်</u>
တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကိုကြော်ငြာပါသည့်နေ့မှစ၍(၃၀-၈-၂၀၂၁ တနင်္လာနေ့ - ညနေ ၂ နာရီတိတိ)ရက်နေ့ နောက်ဆုံးထား၍ မာရီစတုပ်မြန်မာရုံးတွင် ရုံးချိန်အတွင်းလာရောက်ထုတ်ယူနိုင်ပါသည်။

<u>တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်/အချိန်</u>
<u>တင်ဒါလျှောက်လွှာများအား ၈.၉.၂၀၂၁ရက် ညနေ၂:၀၀နာရီ နောက်ဆုံးထား၍</u> မာရီစတုပ် မြန်မာရုံးသို့ ရုံးချိန်အတွင်းလာရောက်လျှောက်ထားနိုင်ပါသည်။

<u>ဆက်သွယ်ရန်လိပ်စာ</u>
အမှတ်(၅၂၄/၁၀)၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဆရာစံရပ်ကွက်၊ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၂၅၆၀၈၂၈၄၅၊ ၀၉ ၄၄၉၀၀၁၆၈၀၊ ၀၉ ၂၆၄၂၂၂၆၀၆၊၀၉ ၄၄၅၇၇၆၅၇၇

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့်ကံဘဲ့လမ်းထောင့်တွင် ဆောက်လုပ်ထားသည့် CENTRAL CONDOMINIUM, TOWER( 1 ), Block( 2 ), Level( 6 ), Unit No.( J ), အကျယ်အဝန်း( ၁၂၈၆-စတုရန်းပေ )ရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းထွန်းညာဟိ ( ၃/ပကန(နိုင်)၀၀၅၆၉၂ )ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့်တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာချက်ပါသည့်နေ့မှစ၍ ( ၇ )ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

တရားလွှတ်တော်ရှေ့နေများ

ဒေါ်မိုးမိုးအေး
(LL.B,D.B.L,D.M.L,D.I.L)
WIPO,DL.101Switzerland(စဉ် ၈၅၅၈)

ဒေါ်တင်ဇာနည်နေဝင်း
(LL.B,D.I.L)(စဉ် ၉၅၇၃)
DL-101(WIPO)Geneva

**တိုက်အမှတ်(၃၈)၊ အခန်းအမှတ်(၃၀၁)၊ ၃လွှာ၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**☎- 09799991090, 09799991095, 09775560071, 09775560072**
**Email : rabbitfamilyrealestate123@gmail.com Website : www.rabbitfamily.com**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားမူပိုင်ဖြစ်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၉၂)လမ်း၊ အမှတ် (၁၁၉)တွင် တည်ထောင်ဖွင့်လှစ်ထားသော H & K ZENITH COMPANY LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၂၅၆ဂ၈၆၁၂)သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်း မူပိုင်အဖြစ် တရားဝင်သုံးစွဲရန်အတွက် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်-၁၂၄၂၊ မှတ်ပုံတင်စာအုပ်အမှတ်-၄၊ အတွဲအမှတ်-၆၀၆၃ဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

ION PUREAIR

အထက်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို လေသန့်စင်စက်(Air Purifier)နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုးတို့တွင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အမှတ်အသား တံဆိပ်ပြုလုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။ ထို့ပြင် ဆိုင်းဘုတ်၊ တီဗွီ၊ အင်တာနက်၊ မဂ္ဂဇင်း၊ စာစောင်ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း LETTER HEAD တံဆိပ်တုံး စသည်တို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ပါ၍ H & K ZENITH COMPANY LIMITED မှ ပိုင်ဆိုင်သော အထက်ဖော်ပြပါ ION PUREAIR ကုန်အမှတ်တံဆိပ်ကို ၎င်းတို့၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်မျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ၊ တုပပြုလုပ်သုံးစွဲခြင်းများ မပြုလုပ်ကြစေရန်နှင့် ယင်းကဲ့သို့ ပြုလုပ်ခြင်းများတွေ့ရှိပါက ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဝင်းနိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၄၂၈၀)**
**Pang Long Lawfirm (Professional Legal Solutions)**
**အမှတ်(၉၄)၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၈၂၀၁၀၀၈**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆-ဒီ(၁၄၊ ၁၅၊ ၁၆)၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ၄-လမ်း/တောင်၊ မြေကွက်အမှတ်-၁၃၉/ခ၊ အကျယ်အဝန်း(၂၅ပေx၆၉ပေ)၊ နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးခင်ဇော်[၁၂/အစန(နိုင်)၁၃၇၆၃၆] အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက် ဦးခင်ဇော်ကွယ်လွန်၍ ၎င်း၏ တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ဥမ္မာအောင်[၁၂/အစန(နိုင်)၁၀၅၁၄၇] မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မြမြချမ်း [၉/မရမ (နိုင်)၀၀၁၄၈၉] က ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ကြည်ကြည်ထွေး (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၀၀)**
**အမှတ်-၁၆/ခ၊ ရန်ကုန်လမ်း၊ ၆ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၅၈၅၅၃**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၈)လမ်း၊ အပိုင်း(၃)၊ ၄-လွှာ(ခေါင်းရင်းခန်း)၊ တိုက်အမှတ် (၁၈၁)ဟုခေါ်တွင်သော အကျယ်အဝန်းပေ(အလျား၁၂$\frac{၁}{၂}$ xအနံ၅၀) အကျယ်ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်သီတာဝင်း[၁၂/လသယ(နိုင်)၀၇၃၀၂၈]မှ လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီးဖြစ် ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းများ တင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီရိနန္ဒာဝင်းနွဲ့ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၂၅၅)**
**အမှတ်(၁၀၁)၊ ၅၁-လမ်း(လယ်)၊ ၉-လွှာ၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၄၂၀၈၇၁**

**ဦးရန်နိုင်ဟိန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၇၂၅)**
**အမှတ်(အေ-၂၁)၊ ကြာဖြူလမ်း၊ ၁- ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၂၃၀၀၃၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ ရောလမ်း၊ အမှတ်(၃၉၄)၊ ဦးသန်းဖေ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မူရင်းပါ မြေကွက်အကျယ် ပေ(၄၅x၆၀)အနက် မြေကွက်ကို မျက်နှာမူလျက် ဘယ်ဘက်၊ မြေအကျယ် ပေ(၂၇x၆၀)ရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်သစ်သားအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ၊ လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်လှလှပြုံး[၁၂/ဥကတ(နိုင်)၁၄၉၃၇၅]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်စီစီတင်[၁၃/သပန(နိုင်)၀၀၂၁၆၁]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော အထောက်အထား၊ စာချုပ်စာတမ်းမူရင်းဖြင့် လူကိုယ်တိုင် ကျွန်မထံတွင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်စီစီတင်**
**အမှတ်(၇၉/၈၁)၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၂၉၈၁၃၀၀**

## အများသိစေရန် ကြေညာခြင်း

၁။ ဒေါ်ခင်သန်း(ခ)ဒေါ်ပု၊၁၂/ဥကမ(နိုင်)၀၀၈၅၈၇၊သုနန္ဒာ(၈)လမ်း၊ မြောက်ဥက္ကလာပမြို့၊ ရန်ကုန်တိုင်းဒေသကြီး။
၂။ဦးကွာထောင်း(ခ)ဦးမျိုးငြိမ်း၊၁၂/လကန(နိုင်)၀၅၄၉၄၈၊ကမ်းနားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့။
၃။ဦးကွာတိုင်း(ခ)ဦးမြင့်ဇော်၊ HGU-၀၀၅၂၅၈၊မြို့ကြီးကုန်းခြံတဲစုရိပ်သာရပ်ကွက်၊လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။
၄။ဦးလှိုင်ငွေး(ကွယ်လွန်သူဒေါ်ရွှေကျင်(ခ)ဒေါ်ခွေးမ၏ခင်ပွန်း)၊၁၂/လကန(နိုင်)၀၅၄၇၄၃ ကမ်းနားလမ်း၊အောင်မင်္ဂလာရပ်ကွက်၊လှည်းကူးမြို့၊ရန်ကုန်တိုင်းဒေသကြီး။
၅။ဒေါ်အေးကျင်၊၁၂/လကန(နိုင်)၀၅၄၅၃၆၊ကမ်းနားလမ်း၊အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။

**အထက်အမည်ပါသူကျွန်ုပ်တို့က အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။**

၁။ အမွေရှင်တရုတ်လူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများ ဖြစ်ကြသည့် ဦးစိန်ခက်၊ဒေါ်နုတို့က ဦးခဲချောင်းနှင့်ဒေါ်ကြည် တို့အား အမွေစားအမွေခံ သားသမီးများအဖြစ် မွေးစားခဲ့ပါသည်။
၂။ ဦးခဲချောင်းသည်ဒေါ်ဂျမ်းနှင့် အိမ်ထောင်ကျပြီး(၁)ဒေါ်ခင်သန်း(ခ)ဒေါ်ပု၊ (၂)ဦးကွာထောင်း(ခ)ဦးမျိုးငြိမ်း၊(၃) ဦးကွာတိုင်း(ခ)ဦးမြင့်ဇော်၊ (၄)ဒေါ်ရွှေကျင်(ခ)ဒေါ်ခွေးမ၊ (၅)ဒေါ်အေးကျင်တို့ မွေးဖွားခဲ့ပါသည်။
၃။ ဒေါ်ကြည်သည် ဦးဟုတ်ကြည်နှင့်အိမ်ထောင်ကျပြီး(၁)ဒေါ်ကြင်အေး၊(၂)ဒေါ်သန်းသန်း၊ (၃)ဒေါ်တိုးတိုး၊(၄)ဦးသိန်းဇော်တို့ မွေးဖွားခဲ့ပါသည်။ ၎င်းတို့သည်ကွယ်လွန်ချိန်ထိအပျိုကြီး၊ လူပျိုကြီးများဖြစ်ပါသည်။
၄။ ရန်ကုန်တိုင်းဒေသကြီး၊ဈေးကြီးရပ်ကွက်၊အနောက်မင်းလမ်း၊ အမှတ်-ဈ/၁၆၊ ခြံမြေနှင့်နေအိမ်သည် အမွေရှင်ဦးစိန်ခက်၊ဒေါ်နုတို့ပိုင်ဆိုင်ပြီး ကျန်ရစ်ခဲ့သော အမွေပစ္စည်းဖြစ်ပါသည်။
၅။ ဒေါ်ကြည်သည် ဦးဟုတ်ကြည်နှင့်အိမ်ထောင်ကျပြီး၊ ဦးစိန်ခက်၊ ဒေါ်နုတို့ပိုင်ဆိုင်သော အမှတ်ဈ/၁၆၊ ဈေးကြီးရပ်ကွက်ရှိ ခြံမြေနှင့်နေအိမ်တွင် နေထိုင်ခဲ့ပြီး၊၎င်းသားသမီးများလည်း ဆက်လက်နေထိုင်ခဲ့ပါသည်။ယခုအခါအဆိုပါအမွေဆိုင်ခြံမြေနှင့်နေအိမ်တွင်နေထိုင်သူအားလုံး ကွယ်လွန်သွားကြပြီးဖြစ်ပါသည်။ဒေါ်ကြည်မှ မွေးဖွားသော သားသမီးများသည်အပျိုကြီး၊ လူပျိုကြီးများအဖြစ် နေထိုင်ရင်းကွယ်လွန်သွားသဖြင့် အမွေစားအမွေခံကျန်ရစ်ခြင်း မရှိပါ။
၆။ (၁)ဒေါ်ခင်သန်း(ခ)ဒေါ်ပု၊ (၂)ဦးကွာထောင်း(ခ)ဦးမျိုးငြိမ်း၊(၃)ဦးကွာတိုင်း(ခ) ဦးမြင့်ဇော်၊ (၄)ဒေါ်ရွှေကျင်(ခ)ဒေါ်ခွေးမ၊ (၅)ဒေါ်အေးကျင်တို့သည် စာပိုဒ်(၄)ပါ အမွေပစ္စည်းခြံမြေနှင့်အိမ် တို့ကိုအမွေဆက်ခံခွင့် ရှိသူများဖြစ်ပါသည်။
၇။ ကျွန်ုပ်တို့အမွေဆက်ခံခွင့်ရှိသော လှည်းကူးမြို့၊ဈေးကြီးရပ်ကွက်၊အနောက်မင်းလမ်း၊အမှတ်-ဈ/၁၆၊ ခြံမြေ နှင့် နေအိမ်တို့အားကျွန်ုပ်တို့၏ သဘောတူညီချက်မရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ပေးကမ်းခြင်း၊အခြားတစ်နည်းနည်းဖြင့် ပြောင်းလဲခြင်းတို့ကို မပြုလုပ်ပါရန် သတိပေးတားမြစ်ပါသည်။ပြုလုပ်ဆောင်ရွက်ပါကကျူးလွန်သူများအပေါ် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
၈။ ဤကြော်ငြာစာနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိနေ့မှစ၍(၁၄) ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်းကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
၁။ ဒေါ်ခင်သန်း ၂။ဦးကွာထောင်း
၃။ ဦးကွာတိုင်း ၄။ ဦးလှိုင်ငွေး
၅။ဒေါ်အေးကျင်

**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်စုစုခိုင်(စဉ်-၅၃၉၁၈)
အထက်တန်းရှေ့နေ
အမှတ်-၄၅၊အပိုင်(၁၃)၊သဇင်လမ်း၊ပေါက်ကုန်းရပ်ကွက် မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၁၄၄/ခ)၊ မြေညီထပ်ပေ(၁၈x၅၅)အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးဇက်ဂျာလဒွဲ[၁/မကန(နိုင်)၀၈၄၄၀၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်စောနွဲ့[၁၂/ကတတ(နိုင်)၀၁၈၁၅၀]က (၂၂-၈-၂၀၂၁)ရက်စွဲပါ " နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်"ဖြင့် မြေရှင်အသိအမှတ်ပြုလက်မှတ်ရေးထိုး၍ အပြီးအပိုင်လွှဲပြောင်းဝယ်ယူပြီးဖြစ်သည့်အတွက် လက်ရှိတိုက်ခန်းပိုင်ရှင်ဖြစ်သူ ကျွန်ုပ်တို့မိတ်ဆွေ၏ တရားဝင်သဘောတူခွင့်ပြုချက် မပါရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း အစရှိသည့်ကိစ္စရပ်များကို ဆောင်ရွက်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်ထွန်း B.A(LAW), LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၆၅၃)**

**ဒေါ်ခင်မေသူ LL.B, DIL.**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၆၉၄)**

**အမှတ်(၂၄)၊ (၃)လွှာ၊ ပုသိမ်ညွှန့်(၇)လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-421023822, 09-796281475**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇၊ ပညာလမ်း(တိုးချဲ့)၊ မြေကွက်အမှတ်-၁၃၁၈၊ နှစ်(၆၀)ဂရန်မြေအမျိုးအစား ပေ(၄၀x၆၀)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် (၂၀ပေx၆၀ပေ) မြေကွက်မျက်နှာမူကြည့်လျှင် (ညာဘက်ခြမ်း) (ခေါင်းရင်းခြမ်း)မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဒေါ်စန်းကြည် [၁၀/သထန(နိုင်)၀၆၈၆၃၀]အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းထံမှ အရောင်းအဝယ်အဆက်အစပ်စာချုပ်များဖြင့် အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိုးစန္ဒာအောင် [၇/ဒဥန(နိုင်)၀၀၀၃၈၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါ သည့်နေ့မှ(၇) ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်ထွေး (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၀၀)**
**အမှတ်-၁၆/ခ၊ ရန်ကုန်လမ်း၊ (၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၅၈၅၅၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ဗိုလ်လင်းယုန်လမ်း၊ မြေကွက်အမှတ် - ၆၉၆/က၊ (၆၀' x ၂၀')အကျယ်ရှိ ဒေါ်ခင်ခင်အေးအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံသူ ဦးတင်ထွန်း (၁၂/စခန (နိုင်) ၀၀၀၂၉၆)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲ အပ် ညွှန် ကြား ချက် အ ရ -**

**ဦးဉာဏ်ဇော်လင်း (LL.B)**
အထက်တန်းရှေ့နေ (စဉ်-၅၀၅၂၄)၊

**ဦးကျော်ဟန် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၈၃၆)

**တိုက် (၆၉)၊ အခန်း (၂)၊ ကမာလမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
Ph: 09 5059840, 09 799574424

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်၊ သရက်ကန်ကျေးရွာအုပ်စု၊ လက်ပံတိုးကျေးရွာတွင်နေထိုင်သူကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးပေါ်ရွှေ[၈/ပမန(နိုင်)၁၃၁၆၈၁]နှင့် ဒေါ်ခင်သက်ဆွေ[၈/ပခက(နိုင်)၃၄၇၉၂၄]တို့၏ အကြီးဆုံးသားဖြစ်သူ မောင်နေရဲကို(ခ) ရဲမင်းထက်(မှတ်ပုံတင်အမှတ်ပျောက်ထားဆဲ)သည် မိဘနှင့် ညီအစ်ကိုမောင်နှမများအပေါ် စိတ်ဆင်းရဲအရှက်တကွဲဖြစ်အောင် ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်ကို ပြုလုပ်သဖြင့် ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ အမွေပြတ် စွန့်လွှတ်၍ နောက်နောင်တွင်လည်း ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံး တာဝန်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိင်္ဂီလင်း (LL.B, LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၀၁၇/၂၉-၅-၂၀၂၀)**
**အခန်း(၀၀၄)၊ တိုက်(၃)၊ ဇီဇဝါလမ်းသွယ် (၁)**
**အပိုင်း(၁)၊ (၉၂)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-443088047**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာချက်

**ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၈၄)၊ RC(၆)ထပ်၊ ကန်ထရိုက်တိုက်၏ (၆)လွှာ၊ ပဉ္စမထပ်၊ ခြေရင်းခန်း၊ အလျား ပေ (၁၂$\frac{၁}{၂}$) x အနံ ပေ(၅၀)ရှိ တိုက်ခန်း** နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုအပိုင်ရောင်းချသူများဖြစ်သော ဦးအောင်မျိုး [၁၂/ဥကတ(နိုင်)၁၃၇၈၂၁]နှင့် ဒေါ်စိုးယုလှိုင် [၁၂/ရပသ(နိုင်)၀၃၉၁၁၉]တို့မှ မိမိတို့သာလျှင် တရားဝင်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အခြားသူတစ်ဦးတစ်ယောက်အား ထပ်မံရောင်းချခြင်းမပြုကြောင်း ဝန်ခံကတိပြု၍ အဆိုပါတိုက်ခန်းအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ အမှုသည်က (၂၄-၈-၂၀၂၁) ရက်တွင် "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန်ငွေပေးကတိစာချုပ်"ဖြင့် အသိသက်သေများရှေ့မှောက်တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ကြောင်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုတရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ခင်သူသူသိန်း [၉/မထလ(နိုင်)၂၁၉၆၅၁]၏ လွှဲအပ်ညွှန်ကြားချက်အရ**

**၁။ ဒေါ်နိုင်ရတနာစု**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၈၅/၀၇)**
**LL.B(Q),D.B.L,D.I.L,D.P.S**

**၂။ ဒေါ်ပြည့်ပြည့်လှိုင်ထွန်း**
**အထက်တန်းရှေ့နေ(စဉ်-၄၈၀၁၂/၁၆)**
**LL.B,D.B.L,D.IP.L,D.M.L,D.C.W.E**

**"ရာမည"Legal Services(ဥပဒေရေးရာ အတိုင်ပင်ခံနှင့် အကြံပေးဝန်ဆောင်မှုလုပ်ငန်း)**
**အမှတ်- ၅၂၁၊ အခန်း(၁/A)၊ ပထမထပ်၊ မဓာဝီလမ်းမကြီး၊ (စ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း- 09-260087755,09-660087755,**
**Email:yarmanyalegalservices21@gmail.com**

## "အများသိစေရန်ကြေညာချက်"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေလီခိုင်[၈/ပခက(နိုင်)၁၇၅၂၆၆]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝေလီခိုင်သည် [Khaing Parami Japanese Language Center]ကို လွန်ခဲ့သော (၃)နှစ်ခန့်ကတည်းက စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အချိန်ထိ ကောင်းသောဂုဏ်သတင်းဖြင့် ရပ်တည်လာခဲ့သော သင်တန်းကျောင်းတစ်ကျောင်းဖြစ်ပါသည်။

